# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သောသူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို(ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက် | ၂၀၂၂ ခုနှစ်၊ ဇွန် ၁၂ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၁)၊ အမှတ် (၂၅၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများမှ ဥပဒေဘောင်အတွင်း ဝင်လိုသူများနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်ခြင်း

တိုင်းရင်းသားလူမျိုးများစွာ မှီတင်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးအတွက် အချင်းချင်း သွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီးမပြိုကွဲဘဲ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာများရရှိခဲ့ပြီး ဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လစ်ခိုင်မာသည့် ညီညွတ်သောစုပေါင်းအားကို ဆက်လက်ကြိုးပမ်း တည်ဆောက်သွားရမည်ဖြစ်ပါသည်။ နိုင်ငံရေးအရ သဘောထားကွဲလွဲမှု၊ တိုင်းရင်းသားအရေးအရ သဘောထားကွဲလွဲမှုများကြောင့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားခဲ့ရပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်ခဲ့ရပါသည်။

အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG တို့က နိုင်ငံတော်ကြီး အလုံးစုံပျက်သုဉ်းရေးကို ဦးတည်ကာ အကြမ်းဖက်သတ်ဖြတ်မှုများကို လုပ်ဆောင်ရန် စည်းရုံးသိမ်းသွင်းခံထားရသူများသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်မှုများကို ပြုလုပ်လာခဲ့ကြပါသည်။ ထိုသို့ဆောင်ရွက်နေမည်ဆိုပါက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီထွန်းကားရေးကို ထိခိုက်နှောင့်နှေးစေမည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်အနက်မှ "အရေးပေါ်ကာလဆိုင်ရာ


စာမျက်နှာ ၄ ကော်လံ ၁ ■


## နာဂဒေသ ဖွံ့ဖြိုးမှုကို အထောက်အကူပြုစေမည့် ချင်းတွင်းတံတား(ထမံသီ)



ထမံသီတံတား တည်ဆောက်ရေးစီမံကိန်းကို တွေ့ရစဉ်။

နေပြည်တော် ဇွန် ၁၁

စိမ်းစိုနေသည့် တောတောင်၊ သန့်စင်လတ်ဆတ်သည့် လေထုနှင့် ရိုးသားစွာနေထိုင်တတ်ကြသည့် နာဂရိုးရာ ယဉ်ကျေးမှုများသည် ခရီးသွားပြည်သူနှင့် အကျွမ်းတဝင်မထိတွေ့ရသေးပေ။ ရင်သပ်ရှုမောဖွယ် လှပသည့်တောင်တန်းများကပင် သွားရေးလာရေးခက်ခဲစေရန် အတားအဆီးဖြစ်နေပြီး နာဂဒေသ ဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်နေစေသည်။ ထိုကဲ့သို့အခြေအနေကို ကျော်လွှားနိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာနတို့သည် နှစ်စဉ်ဘဏ္ဍာနှစ်အလိုက် လမ်းကွန်ရက်၊ တံတားကွန်ရက် ချိတ်ဆက်မှု တိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ချင်းတွင်းမြစ်အရှေ့ဘက်ခြမ်းရှိ ဟုမ္မလင်းနှင့် ခန္တီးမြို့များနှင့်


စာမျက်နှာ ၆ ကော်လံ ၁ ❐



**ယနေ့ ဖတ်စရာ**

(၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအလွန် ပြင်ဆင်ဆောင်ရွက်သွားသင့်သည့် အားကစားလုပ်ငန်းများ — ဆောင်းပါး — စာ - ၁၀




နှလုံးလှ ကျောင်းတော်များ — ဆောင်းပါး — စာ - ၁၆

ရန်ကုန်တိုင်းဒေသကြီး၌ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးက တည်ဆောက်ပေးခဲ့သော ဝန်ထမ်းအိမ်ရာနှင့် ပြည်သူ့အတွက် အငှား၊ အရောင်းအိမ်ရာများ(၁) — ဆောင်းပါး — စာ - ၁၈

ရေချိုဒေသ၌ ရေပေါ်လှောင်အိမ်ဖြင့် ငါးမွေးမြူခြင်း၏ အကျိုးကျေးဇူးများ — စိုက်၊ မွေး၊ စီးပွား အထူးကဏ္ဍ — စာ - ၂၀




မြန်မာ့အလင်း

# အကြမ်းဖက်ဝါဒနှင့် လက်နက်ကိုစွန့်၍ ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်စေလို

သတင်းစာ၊ ဂျာနယ်များမှ သတင်းများ ဖတ်ရှုခြင်း၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့မှ ထုတ်လွှင့်သည့်သတင်းများ နားထောင်ကြည့်ရှုခြင်း၊ အင်တာနက်ပလက်ဖောင်းအမျိုးမျိုးတို့မှ သတင်းများ ကြည့်ရှုခြင်းတို့အပါအဝင် သတင်းအချက်အလက်များ ရယူခြင်းမှာ အကြောင်းအရာတစ်ရပ်ကို မှန်မှန်ကန်ကန်သိရှိရန်နှင့် မှန်မှန်ကန်ကန်ဆုံးဖြတ်ချက် ချနိုင်ရန်အတွက်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဖေ့စ်ဘုတ်လူမှုကွန်ရက်ကို သုံးစွဲမှုမြင့်မားလာချိန်၌ စာနယ်ဇင်း၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့မှ သတင်းများ ရယူမှုများစွာ ကျဆင်းသွားသည်။ နိုင်ငံပိုင်မီဒီယာများသာမက ပုဂ္ဂလိကမီဒီယာများသည်လည်း ထိုနည်းတူစွာပင်ဖြစ်သည်။

ဖေ့စ်ဘုတ်ပေါ်တွင် သတင်းတု သတင်းမှားများနှင့် ကျင့်ဝတ်ကင်းမဲ့ပြီး တာဝန်ယူ တာဝန်ခံမှုမရှိသည့် သတင်းများအပြင် နိုင်ငံပျက်စီးရာ ပျက်စီးကြောင်းအတွက် ဘက်ပေါင်းစုံမှ ထိုးနှက်တိုက်ခိုက်ရေးသားဖြန့်ဝေမှုများလည်း အချိန်နှင့်အမျှ မြင်တွေ့နေရသည်။ သတင်းအချက်အလက်ရယူရန်၊ သတင်းဖတ်ရှုရန်အတွက် ဖေ့စ်ဘုတ်တစ်ခုတည်းကိုသာ အသုံးပြုနေသူအဖို့ သတင်းအမှန်ကို အမှန်အတိုင်း ခြုံငုံသိရှိနိုင်ရန် ခဲယဉ်းမည်ဖြစ်သည့်အတွက် အခြားမီဒီယာများကိုပါ အသုံးပြုရန် လိုအပ်မည့်အပြင် အသိဉာဏ်ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်နိုင်ရန်လည်း လိုအပ်မည်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် CRPH နှင့် NUG အကြမ်းဖက်အဖွဲ့များမှ ဦးဆောင်သူများက ပြည်တွင်း၌ အကြမ်းဖက်မှုများ ဖြစ်ပေါ်လာအောင် ဝါဒဖြန့်၊ လှုံ့ဆော်သွေးထိုးမှုများကို ပြည်ပလက်ဝေခံ အကြမ်းဖက်အားပေး မီဒီယာများနှင့် လူမှုကွန်ရက်များပေါ်မှ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ အကြမ်းဖက်အဖွဲ့များ၏ ဝါဒဖြန့်မှုများအောက်မှ အကောင့်တုအမျိုးမျိုးနှင့် ထပ်ဆင့်ဖြန့်ဝေမှုများ၊ ထောက်ခံအားပေးမှုများကို အမှန်အဟုတ်ဟုထင်လျှင် တက်တက်စင်အောင် လွဲမည်သာဖြစ်သည်။

မဲမသမာမှုကို အကြောင်းပြု၍ ဖြစ်ပေါ်လာခဲ့သည့် နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်အတွင်း အကြမ်းဖက်အုပ်စုများ၏ စည်းရုံးသိမ်းသွင်းမှု၊ ဝါဒဖြန့်ချိမှုများကို နားယောင်ကာ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ နိုင်ငံတော်ကြီး အလုံးစုံပျက်သုဉ်းရေးအစီအမံတွင် ပါဝင်ခဲ့ကြသူများအနေဖြင့် မိမိတို့၏ ဘဝ နှစ်သည်ထက် မနစ်မွန်းခင် အချိန်မီပြင်ဆင်နိုင်ရန် အခွင့်အလမ်း ပေါ်လာခဲ့ပြီဖြစ်သည်။ ၎င်းတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည် ဖြစ်ပါကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားသည်။

လက်ရှိကာလသည် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နေသည့်ကာလဖြစ်ပြီး စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်လက်ဖော်ဆောင်နိုင်ရေးအတွက် ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုလိုအပ်သည်။ လက်နက်ကိုင်ဆန့်ကျင်သည့် နည်းလမ်းသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေပြီး ဒီမိုကရေစီထွန်းကားရေးကို နှောင့်နှေးစေမည်ဖြစ်ရာ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းဖြင့် မိမိတို့၏ ဒေသများ တည်ငြိမ်အေးချမ်းရေး၊ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ဆက်လက်ဖော်ဆောင်နိုင်ရေးတို့ကို အကျိုးပြုနိုင်ကြပါစေကြောင်း။ ။

## ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ်များရှိ ပထမနှစ်သင်တန်းများ၏ လစ်လပ်နေရာများသို့ ပြောင်းရွှေ့တက်ရောက်နိုင်ရေး လျှောက်လွှာခေါ်ယူသည့် ကြေညာချက်

(၂၀၂၀) ပြည့်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များသို့ ဝင်ခွင့်ရရှိထားပြီး ကျောင်းလာရောက်အပ်နှံခြင်း မရှိသေးသူများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များအချင်းချင်း ပြောင်းရွှေ့လျှောက်ထားလိုသူများ၊ အခြားဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များတွင် ဝင်ခွင့်ရရှိသူများသည် ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီပါက ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များသို့ ပြောင်းရွှေ့လျှောက်ထားနိုင်ကြောင်းနှင့် လစ်လပ်နေရာပေါ် မူတည်ပြီး ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီသူများအနက် အမှတ်အများဆုံးရရှိသူများအား ရွေးချယ်၍ လစ်လပ်နေရာများတွင် အစားထိုးပြောင်းရွှေ့တက်ရောက်ခွင့်ပြုရေး ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ကျန်းမာရေးဝန်ကြီးဌာန၏ Facebook Page, Website တို့တွင်လည်းကောင်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ Website တွင် လည်းကောင်း၊ သက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွယ် တက္ကသိုလ်များ၏ Website များတွင်လည်းကောင်း ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်းနှင့် မိမိတို့လက်ရှိတက်ရောက်ပညာသင်ကြားလျက်ရှိသော တက္ကသိုလ်များတွင်လည်း စုံစမ်းမေးမြန်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## သမဝါယမ စာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းများ ဖွင့်လှစ်သွားမည်

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနသည် တောင်ကြီး၊ မကွေး၊ ပုသိမ်၊ မော်လမြိုင်၊ မန္တလေးမြို့ကြီးများတွင် သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းများကို ဇွန်လ ၁၆ ရက်နေ့မှ စတင်ကာ တစ်ပြိုင်နက်တည်း ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ အနည်းဆုံး အခြေခံပညာအဋ္ဌမတန်းအောင်မြင်ပြီး ပညာဆက်လက်သင်ယူရန် အခက်အခဲရှိသူများကို စာရင်းရေး၊ စာရင်းကိုင်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်စေရန်၊ သမဝါယမကောလိပ်များမှတစ်ဆင့် သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်များသို့ ပေါင်းကူး၍ ပညာဆက်လက်သင်ယူနိုင်မည်ဖြစ်ပါသည်။ သင်တန်းကာလမှာ ၂ နှစ်ဖြစ်ပြီး သင်တန်းကာလအတွင်း သင်တန်းသားတစ်ဦးစီအတွက် စားသောက်စရိတ်များ၊ ဝတ်စုံစရိတ်များ၊ ဖျာနှင့်ခြင်ထောင်များ၊ ပုံနှိပ်စာအုပ်နှင့် စာရေးကိရိယာများကို အခမဲ့ထောက်ပံ့ပေးမည်ဖြစ်ပြီး နယ်ဝေးမှ လာရောက်သူများကို အဆောင်စီစဉ်ပေးမည်ဖြစ်ပါသည်။ အောက်ဖော်ပြပါ သင်တန်းကျောင်းများတွင် တက်ရောက်နိုင်ပါကြောင်း သမဝါယမဦးစီးဌာနက အသိပေးကြေညာထားသည်။

- သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း (တောင်ကြီး) ဗိုလ်ချုပ်အောင်ဆန်း၊ ပြည်တော်သာရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။
- သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း(မကွေး) မကွေးဘုတာတောင်ဘက်၊ အောင်မေတ္တာ (ဃ) ရပ်ကွက်၊ မြင်းကင်းကျေးရွာအနီး၊ မကွေးမြို့။
- သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း (ပုသိမ်)မြက်တိုလမ်းဆုံအနီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့။
- သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း (မော်လမြိုင်) အရာတော်လမ်း၊ မောင်ငံရပ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။
- သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း (မန္တလေး) အကွက် ၁၇၇၊ ၈၃ လမ်း၊ ၂၅ – ၂၆ လမ်းကြား၊ ပြည်ကြီးကျက်သရေအနောက်ရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

## ဒဂုံတက္ကသိုလ် ဘူမိဗေဒဌာန ပထမနှစ်ဝင်ခွင့်ရ ကျောင်းသား ကျောင်းသူများ အထွေထွေကျန်းမာရေး၊ မိုင် ၂၀ လမ်းလျှောက် စစ်ဆေးမှုများပြုလုပ်

**ရန်ကုန် ဇွန် ၁၁**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန၏ ၂၀၂၂–၂၀၂၃ ပညာသင်နှစ် ဒဂုံတက္ကသိုလ် ဘူမိဗေဒဌာန ပထမနှစ်ဝင်ခွင့်ရ ကျောင်းသား ကျောင်းသူများ အထွေထွေကျန်းမာရေး၊ အရောင်ခွဲခြားနိုင်မှု စစ်ဆေးခြင်းနှင့် သုံးဘက်မြင် စစ်ဆေးခြင်းတို့ကို ဇွန် ၁၀ နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ ဘူမိဗေဒဌာနတွင် ဆရာ ဆရာမများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်အဖွဲ့ ပူးပေါင်း၍ စစ်ဆေးမှုများ ပြုလုပ်ကြသည်။



ထို့နောက် ယနေ့တွင် ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမရှေ့မှစ၍ မိုင် ၂၀ လမ်းလျှောက်စစ်ဆေးမှုများကိုနံနက် ၇ နာရီတွင် စတင်ပြုလုပ်သည်။ **(အပေါ်ပုံ)**

အဆိုပါ စစ်ဆေးမှုများတွင် ကျောင်းသား ကျောင်းသူ ၈၂ ဦး စစ်ဆေးမှုခံယူကြသည်။ လမ်းလျှောက်စစ်ဆေးရာတွင် လိုအပ်သည်များကို ဒဂုံတက္ကသိုလ် ပါမောက္ခချုပ်၊ သင်တန်းရေးရာဌာနမှူး၊ ဘူမိဗေဒဌာနမှူးနှင့် ဆရာ ဆရာမများက လိုအပ်သည်များကို စီမံဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၁၁** – နေပြည်တော်နှင့် ရန်ကုန်မြို့ အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

**မိုး/ဇလ**

# တိုင်းဒေသကြီး / ပြည်နယ်များတွင် ဖွင့်လှစ်ထားသည့် စိုက်ပျိုးရေးသိပ္ပံကျောင်း ၁၅ ကျောင်းကို မွေးမြူရေးဒီပလိုမာသင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိ




နေပြည်တော် ဇွန် ၁၁

**စိုက်ပျိုးရေးသိပ္ပံ(ပျဉ်းမနား)၏ မောင်မယ်သစ်လွင် ကြိုဆိုပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွန်းဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်၊ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ စိုက်ပျိုးရေးသိပ္ပံ (ပျဉ်းမနား) ဆရာ ဆရာမများ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပထမနှစ်တွင် တက်ရောက် ပညာသင်ယူကြမည့် စိုက်ပျိုးရေးသိပ္ပံ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားကို ကျောင်းသား ကျောင်းသူများက စုပေါင်းသီချင်း သီဆိုဖွင့်လှစ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွန်းဦးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် နိုင်ငံ၏ လူသားအရင်းအမြစ်စွမ်းအားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကို ဦးစားပေးမြှင့်တင်လျက်ရှိကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် ဖွင့်လှစ်ထားသည့် စိုက်ပျိုးရေးသိပ္ပံကျောင်း ၁၅ ကျောင်းကို လိုအပ်သည့် ပြုပြင်မွမ်းမံမှုများ အဆင့်မြှင့်တင်ပေးမှုများအပါအဝင် မွေးမြူရေး ဒီပလိုမာသင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိတွင် ပျဉ်းမနား၊ ပုသိမ်ကြီးနှင့် ဟဲဟိုး စိုက်ပျိုးရေးသိပ္ပံကျောင်းများတွင် ယခုပညာသင်နှစ်မှ စတင်၍ မွေးမြူရေးဒီပလိုမာသင်တန်း ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ မောင်တို့ မယ်တို့အနေဖြင့် စာတွေ့ လက်တွေ့နည်းပညာရပ်များအပြင် အသိပညာများ ဗဟုသုတများကို တစ်ပါတည်း ဆည်းပူး လေ့လာသွားကြစေလိုကြောင်း၊ အထူးသဖြင့် မိသားစုရင်ခွင်မှ စတင်ထွက်ခွာလာပြီး ပတ်ဝန်းကျင်အသစ် မိသားစုအသစ်တွင် လိုက်လျောညီထွေ နေထိုင်တတ်မှု၊ အသင်းအဖွဲ့ပုံစံဖြင့် စုပေါင်းဆောင်ရွက်တတ်မှု၊ မိမိပါဝင်သည့် အသင်းအဖွဲ့ တာဝန်ကို အကောင်းဆုံး ဆောင်ရွက်တတ်မှု စသည့် အတွေ့အကြုံများကို လုပ်ငန်းခွင်အထိ အသုံးချနိုင်စေရန် ကာယ၊ ဉာဏ၊ စာရိတ္တနှင့် မိတ္တဗလဖွံ့ဖြိုးရေးအတွက်ကိုပါ လေ့ကျင့်သွားကြရမည့်နေရာဌာနလည်းဖြစ်ကြောင်း။

ကျောင်းဆင်းပြီး ဒေသအသီးသီးတွင် မိမိတို့ တတ်မြောက်ထားသော နည်းပညာ၊ ဗဟုသုတများကို လက်ဆင့်ကမ်းပေးခြင်းအားဖြင့် ဒေသခံတောင်သူ လယ်သမားများ၏ စိုက်ပျိုးရေးဆိုင်ရာ ဗဟုသုတများ ဖွံ့ဖြိုးတိုးတက်ရေးကို တိုက်ရိုက်အကျိုးပြုနိုင်မှာဖြစ်လို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်ကို အထောက်အကူပြုနိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အားကစားပစ္စည်းများကို လည်းကောင်း**(အပေါ်ပုံ)**၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ထောက်ပံ့ငွေများနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများကိုလည်းကောင်း ပေးအပ်ကြရာ ကျောင်းသား ကျောင်းသူကိုယ်စားလှယ်များက လက်ခံရယူခဲ့ကြပြီး ကျောင်းသားတစ်ဦး နှင့် ကျောင်းသူတစ်ဦးတို့က ကျေးဇူးတင်စကား ပြောကြားသည်။

စိုက်ပျိုးရေးသိပ္ပံ(ပျဉ်းမနား)ကို ၁၉၅၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့အထိ ဒီပလိုမာ လက်မှတ်ရ အသက်မွေးဝမ်းကျောင်းပညာရပ် ကျွမ်းကျင်သူ (၅၀၀၀)ကျော် မွေးထုတ်ပေးခဲ့ပြီးဖြစ်ကာ နိုင်ငံတစ်ဝန်းရှိ စိုက်ပျိုးရေးသိပ္ပံ ၁၅ ကျောင်းမှ ဒီပလိုမာ လက်မှတ်ရ အသက်မွေးဝမ်းကျောင်းပညာရပ် ကျွမ်းကျင်သူ စုစုပေါင်း ၂၃၀၀၀ ကျော်ကို လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ စိုက်ပျိုးရေးသိပ္ပံနှင့် မွေးမြူရေးဒီပလိုမာသင်တန်းများ၏ သုံးနှစ်သင်တန်းသို့ တက်ရောက် အောင်မြင်ပြီးသူများအား ဒီပလိုမာလက်မှတ် ချီးမြှင့်ပေးအပ်လျက်ရှိပြီး၊ သတ်မှတ်အရည်အချင်း ပြည့်မီသူများအနေဖြင့် သက်ဆိုင်ရာ စိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်များတွင် ဘွဲ့ကြို၊ ဘွဲ့လွန်နှင့် ပါရဂူဘွဲ့ဆိုင်ရာ ပညာရပ်များ ဆက်လက်ဆည်းပူး လေ့လာနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ၂၀၂၁-၂၀၂၂ ပညာသင်နှစ် စိုက်ပျိုးရေးသိပ္ပံ(မြစ်ကြီးနား)၏ စိုက်ပျိုးရေးဒီပလိုမာ (ပထမနှစ်) မောင်မယ်သစ်လွင် ကြိုဆိုပွဲအခမ်းအနားကျင်းပ

**မြစ်ကြီးနား ဇွန် ၁၁**

၂၀၂၁-၂၀၂၂ ပညာသင်နှစ် စိုက်ပျိုးရေးသိပ္ပံ(မြစ်ကြီးနား)၏ စိုက်ပျိုးရေးဒီပလိုမာ (ပထမနှစ်) မောင်မယ်သစ်လွင် ကြိုဆိုပွဲ အခမ်းအနားကို ဇွန် ၁၁ ရက် နံနက် ၁၀ နာရီတွင် စိုက်ပျိုးရေးသိပ္ပံ (မြစ်ကြီးနား) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တက်ရောက် အမှာစကား ပြောကြားသည်။




အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က မိရိုးဖလာစိုက်ပျိုးနည်းစနစ်မှ ခေတ်မီတိုးတက်သော စိုက်ပျိုးနည်းစနစ်များကို တောင်သူများထံ ဖြန့်ဝေပေးနိုင်သည့် အလယ်အလတ်အဆင့် စိုက်ပျိုးရေးပညာရှင်များ ဖြစ်လာမည့် မောင်/ မယ်များအနေဖြင့် နိုင်ငံတော်မှ ချမှတ်ထားသော ဦးတည်ချက်များတွင် စိုက်ပျိုးရေးကို အခြေခံ၍ ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြမည့် နိုင်ငံ့သားကောင်းရတနာများ ဖြစ်လာအောင် ကြိုးစားကျင့်ကြံနေထိုင်သွားရမည်ဖြစ်ကြောင်းနှင့် ပညာရည်ထူးချွန်သော မိမိတို့ပြည်နယ်အတွက် စိုက်ပျိုးရေးပညာရှင်များ ဖြစ်လာစေရန် ကြိုးစားကြစေလိုကြောင်း တိုက်တွန်းအားပေး ပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ကြီး ဦးမျိုးသန့်နှင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် စိုက်ပျိုးရေးဒီပလိုမာ တတိယနှစ် ကျောင်းသားတစ်ဦးတို့က ပထမနှစ် ကျောင်းသား ကျောင်းသူများအား ကြိုဆိုနှုတ်ခွန်း ဆက်စကားပြောကြားပြီး ပထမနှစ် ကျောင်းသား တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ၂၀၁၉-၂၀၂၀ ပညာသင်နှစ် (၂၀၂၂) ခုနှစ် ဒုတိယနှစ် သင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ပထမ၊ ဒုတိယနှင့် တတိယဆုရ ကျောင်းသား ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ချီးမြှင့် ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပထမနှစ်နှင့် တတိယနှစ် ကျောင်းသား ကျောင်းသူများ၏ တိုင်းရင်းသားရိုးရာ အကအလှများ၊ သရုပ်ဖော်တေးသီချင်းများဖြင့် ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က စိုက်ပျိုးရေးသိပ္ပံကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအတွက် ထောက်ပံ့ငွေကျပ် ငါးသိန်းနှင့် အကအဖွဲ့များအတွက် ထောက်ပံ့ငွေကျပ် ငါးသိန်း၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ် ဦးစီးမှူးက ထောက်ပံ့ငွေကျပ် သုံးသိန်းကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်သည် ဇွန် ၁၀ ရက် ညနေပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ပြုလုပ်ကျင်းပသည့်World Aquaculture Society မှ ဒါရိုက်တာ အဖွဲ့ဝင်ဖြစ်သူ ဒေါက်တာ မေမြတ်နိုးလွင် (ငါးမွေးမြူရေး ပညာရှင်)က ငါးမွေးမြူရေးနှင့် ပတ်သက်သည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ တောင်သူများနှင့် မွေးမြူရေးလုပ်ငန်းရှင်များအား အသိပညာဗဟုသုတများကို ဖြန့်ဝေနိုင်ရေး ဆွေးနွေးဟောပြောပွဲသို့ တက်ရောက်သည်။

ဟောပြောပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ကချင်ပြည်နယ်အနေဖြင့် ဒေသတွင်းဆန်စပါးကို တိုးတက်ထုတ်လုပ်နိုင်ရန်နှင့် အားစိုက်လုပ်ကိုင်ရန် လိုအပ်သကဲ့သို့ သားငါးများ မွေးမြူခြင်းလုပ်ငန်းကိုလည်း ခေတ်နှင့်အညီ မွေးမြူထုတ်လုပ်နိုင်ရန် လုပ်ဆောင်သွားရမည် ဖြစ်ကြောင်း၊ မိမိတို့ ပြည်နယ်သည် သဘာဝကပေးထားသော မြစ်၊ ချောင်း၊ အင်း၊ အိုင်များ ပေါကြွယ်ဝသည့်အပြင် ရေအရည်အသွေးနှင့် ရာသီဥတု ကောင်းမွန်သောကြောင့် ငါးမွေးမြူရေးလုပ်ငန်းကို နိုင်ငံတကာနည်းတူ နည်းစနစ်ကျ မွေးမြူနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ယနေ့ ငါးမွေးတောင်သူများအတွက် အရှေ့တောင်အာရှတွင် လှောင်အိမ်စနစ်ဖြင့် ငါးမွေးမြူသည့် နည်းလမ်းများ ပြောင်းလဲကျင့်သုံးနိုင်ရေးနှင့် ကျန်စနစ်များနှင့် နှိုင်းယှဉ်လျက် အားနည်းချက်၊ အားသာချက်များကို ပညာရှင်က မျှဝေသွားမည်ဖြစ်သည့်အတွက် တောင်သူများအနေဖြင့် မိမိတို့ သိလိုသည်များကို ပွင့်ပွင့်လင်းလင်းဖြင့် မေးမြန်းဆွေးနွေးရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် မိုးညှင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမဇ္ဈူမင်းက ငါးမွေးမြူရေးနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောသွားမည့် World Aquaculture Society မှ ဒါရိုက်တာအဖွဲ့ဝင်ဖြစ်သူ ဒေါက်တာမေမြတ်နိုးလွင် (ငါးမွေးမြူရေးပညာရှင်) ၏ အတ္ထုပ္ပတ္တိကို မိတ်ဆက်တင်ပြပြီး ဒေါက်တာမေမြတ်နိုးလွင်က ငါးမွေးမြူရေးနှင့် ပတ်သက်၍ အရှေ့တောင်အာရှနိုင်ငံများတွင် လှောင်အိမ်စနစ်ဖြင့် မွေးမြူရေးစနစ်၏ အားသာချက်များနှင့် နည်းစနစ်ကျ မွေးမြူနိုင်လျှင် အကျိုးဖြစ်ထွန်းနိုင်မည့် အကြောင်းအရာများကို နိုင်ငံတကာ မွေးမြူရေးလုပ်ငန်းများနှင့် နှိုင်းယှဉ်သုံးသပ်ဆွေးနွေး ဟောပြောသည်။ ထို့နောက် တက်ရောက်လာကြသည့် ငါးမွေးတောင်သူများက သိလိုသည်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က မွေးမြူရေး ပညာရှင်နှင့်အဖွဲ့တို့အား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

■ *ရှေ့ဖုံးမှ*

ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်ပေးနိုင်ရေးဆောင်ရွက်သွားမည်”ဟူသည့် ရှေ့လုပ်ငန်းစဉ်အရ လည်းကောင်း၊ “စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး” ဟူသည့် နိုင်ငံရေးဦးတည်ချက်အရလည်းကောင်း စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်လက်ဖော်ဆောင်နိုင်ရေးအတွက် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည် ဆိုသည့် အချက်နှင့်အညီ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်မှသာ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

သို့ပါ၍ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(မကွေး)ကို ဇွန် ၁၆ ရက်တွင် စတင်ဖွင့်လှစ်မည်

**နေပြည်တော် ဇွန် ၁၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းက ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် သမဝါယမဦးစီးဌာနသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ လုပ်ငန်း ဆောင်ရွက်နေမှုများအပေါ် လိုအပ်သည်များ မှာကြားပြီး မြို့သစ်မြို့နယ် သမဝါယမအသင်းစု၏ ဆန်စက်လည်ပတ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မကွေးမြို့ သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်ဆရာမကြီး၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးကာ သင်တန်းကျောင်း ကွန်ပျူတာခန်းမနှင့် စာသင်ဆောင်များ၊ သင်တန်းသား၊ သင်တန်းသူများ၏ အိပ်ဆောင်များ၊ စားရိပ်သာ၊ ရေချိုးခန်းများနှင့် သန့်စင်ခန်းများ ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။



သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်း(မကွေး)ကို ဇွန် ၁၆ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး အခြေခံအဋ္ဌမတန်း အောင်မြင်ပြီးသူများ တက်ရောက်နိုင်မည်ဖြစ်ကာ သင်တန်းကာလမှာ နှစ်နှစ်ဖြစ်ကြောင်း၊ လက်ရှိကျောင်းအပ်နှံထားသူ ဦးရေ အမျိုးသား ၂၉ ဦး၊ အမျိုးသမီး ၄၉ ဦး စုစုပေါင်း ၇၈ ဦးရှိကြောင်း သိရသည်။

**လိုအပ်ချက်များဆောင်ရွက်ပေး**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မြို့သစ်မြို့နယ် လေးတိုင်စင်ကျေးရွာအုပ်စု စိုင်ကြဲတောင်တဲတိုက်ကျေးရွာသို့ ရောက်ရှိပြီး ဆိုလာစနစ်ဖြင့် သောက်သုံးရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့သည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်



အလင်းဝင်ရောက်လာသူ တစ်ဦးအား တာဝန်ရှိသူတစ်ဦးက အလင်းဝင်အသိအမှတ်ပြုကတ်ပြားပေးအပ်စဉ်။



အလင်းဝင်ရောက်လာသူများအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျအပ်နှံစဉ်။

**နေပြည်တော် ဇွန် ၁၁**

ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့သည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ခြင်းကို ဇွန် ၆ ရက် နံနက်ပိုင်းတွင် အနောက်မြောက်တိုင်း စစ်ဌာနချုပ် ကလေးတပ်နယ် နယ်မြေခံတပ်ရှိ အောင်ဆန်းခန်းမ၌ ပြုလုပ်ရာ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ် သန့်ဇင်ဦးနှင့် တပ်မတော် အရာရှိကြီးများ၊ ကလေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အလင်းဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဗိုလ်မှူးချုပ် သန့်ဇင်ဦး က ဆုံးမအမှာစကားပြောကြားပြီး ကလေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးတို့က နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများအား ရှင်းလင်းဆွေးနွေး ပြောကြားကြသည်။ ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ ဝင်ရောက်ခိုလှုံခဲ့သည့် PDF အဖွဲ့ဝင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် ဗိုလ်မှူးချုပ် သန့်ဇင်ဦးက လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင် အမျိုးသား သုံးဦးနှင့် အမျိုးသမီး နှစ်ဦးတို့ကို အသိအမှတ်ပြုကတ်ပြားများ၊ ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိုးစပါးမျိုးစေ့ချကိရိယာဖြင့် စပါးတိုက်ရိုက် မျိုးစေ့ချစိုက်ပျိုးနည်း သရုပ်ပြ

**လွိုင်လင် ဇွန် ၁၁**

ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့ ပင်လုံအရှေ့အုပ်စု ဝမ်အင်ကျေးရွာ တောင်သူဦးစိုင်းလုံ၏ လယ်မြေငါးဧကတွင် ယမန်နေ့က ကွင်းသရုပ်ပြပွဲကို ကျင်းပသည်။

အဆိုပါ မိုးစပါးမျိုးစေ့ချကိရိယာဖြင့် စပါးတိုက်ရိုက် မျိုးစေ့ချစိုက်ပျိုးခြင်းဖြင့် လယ်ယာလုပ်သားရှားပါးမှုရှောင်ရှားနိုင်ခြင်း၊ အတန်းလိုက်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အပင်ပြုစုထိန်းသိမ်းမှုလွယ်ကူခြင်း၊ မျိုးတူစပါးစိုက်ပျိုးပါကပျိုးထောင်စိုက်ပျိုးခြင်းထက် ခုနစ်ရက်မှ ၁၀ ရက်အထိစော၍ ရိတ်သိမ်းနိုင်ခြင်း၊ အချိန်နှင့် ကုန်ကျစရိတ်သက်သာခြင်း စသည့်အကျိုးကျေးဇူးများရရှိစေမည်ဖြစ်ကြောင်း ပင်လုံမြို့နယ် စိုက်ပျိုးရေးဦးစီးမှူးထံမှ သိရသည်။ ဆက်လက်၍ မင်းမဟော်ကုမ္ပဏီလီမိတက်မှ တိုင်းမန်နေဂျာဦးတင်မိုးက တောင်သူများအား ဓာတ်မြေဩဇာ၊ ပေါင်းသတ်ဆေး၊ အပင်ကြီးထွားအားဆေး၊ ပိုးသတ်ဆေးများကို စနစ်တကျသုံးစွဲတတ်စေရန် ဟောပြောခဲ့သည်။ **အယ်မင်း(လွိုင်လင်)**



# ရန်ကုန်တိုင်းဒေသကြီး သစ်တောဖုံးလွှမ်းမှုတိုးတက်စေရေး အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက် လှော်ကားရှိ စွန့်ပစ်ပစ္စည်းစက်ရုံ လျှပ်စစ်ပမာဏ အမြင့်ဆုံး ၇၆၀ ကီလိုဝပ် ထုတ်လုပ်နိုင်

နေပြည်တော် ဇွန် ၁၁

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် လှိုင်ရိုးမ တောင်ပေါ်ကြိုးဝိုင်း အကွက်အမှတ် (၈) ရှိ ၂၀၂၀ ပြည့်နှစ် ဂေဟစနစ်ဖြည့်တင်းရေးသစ်မျိုးစုံစိုက်ခင်း ဧက ၅၀ သို့ ရောက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး၏သစ်တောအတန်းအစားအလိုက် သစ်တောဖုံးလွှမ်းမှု တိုးတက်စေရေး၊ ကြိုးဝိုင်း၊ ဒီရေတောကြိုးပြင်ကာကွယ်တောနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ တိုးချဲ့ဖွဲ့စည်းရေး၊ သစ်တောစိုက်ခင်း၊ ဒီရေတောစိုက်ခင်းနှင့် လမ်းဘေးဝဲယာ တစ်အုပ် တစ်မစိုက်ခင်းများ တည်ထောင်ရေး၊ သဘာဝတောနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေးတို့ကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ သက်န်းအပါအဝင် အကြီးမြန်သစ်မျိုး ၅၀ ဖြင့် စိုက်ပျိုးထားသော သစ်မျိုးစုံစိုက်ခင်း၏ အောင်မြင်ဖြစ်ထွန်းနေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ (အပေါ်ပုံ)



**ထိထိရောက်ရောက် သင်ကြား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မှော်ဘီမြို့နယ်ရှိ အာရှဒေသအဆင့် သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု လေ့ကျင့်ပညာပေးကျောင်းသို့ ရောက်ရှိပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သော သင်ကြားမှုများကို ထိထိရောက်ရောက် သင်ကြားပေးနိုင်ရေး မှာကြားပြီး သင်တန်းကျောင်းပြခန်း၊ ဓာတ်ခွဲခန်းများ၊ စာသင်ခန်းများ၊ အားကစားခန်းမ၊ သင်တန်းသားအိပ်ဆောင်နှင့် စုဝေးခန်းမတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ ယင်းနောက် ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှုလေ့ကျင့်ရေးသင်တန်းကျောင်းရှိ သစ်ခွတစ်သျှူးမွေးမြူခြင်း ဓာတ်ခွဲခန်းနှင့် ကျွန်းတစ်သျှူးမွေးမြူခြင်း ဓာတ်ခွဲခန်းများသို့ သွားရောက်၍ Tissue Culture နည်းဖြင့် မျိုးပွားဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရွှေပြည်သာမြို့နယ် လှော်ကားရှိ စွန့်ပစ်ပစ္စည်းများမှ လျှပ်စစ်စွမ်းအင် ထုတ်လုပ်လျက်ရှိသည့် စက်ရုံကို သွားရောက်၍ စက်ရုံအတွင်း လုပ်ငန်းလည်ပတ်မှုတို့ကို လှည့်လည်ကြည့်ရှုသည်။ အဆိုပါစက်ရုံသည် တစ်ရက်လျှင် စွန့်ပစ်အမှိုက် တန် ၆၀ မီးရှို့လောင်ကျွမ်းခြင်းဖြင့် လျှပ်စစ်ပမာဏ အမြင့်ဆုံး ၇၆၀ ကီလိုဝပ် ထုတ်လုပ်နိုင်ပြီး ယင်းအနက်မှ ၄၀၀ ကီလိုဝပ်ကို စက်ရုံလည်ပတ်ရေးအတွက် ပြန်လည်အသုံးပြု၍ တစ်ရက်ပျမ်းမျှ ၃၀၀ ကီလိုဝပ် ဖြန့်ဖြူးပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# မီးလောင်သွားခဲ့သော နတ်မောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအသစ် တည်ဆောက်၍ဖွင့်လှစ် အဆင့်မီဈေးသစ်ကြီး ပြန်လည်တည်ဆောက်နိုင်ရေး နိုင်ငံတော်ဘတ်ဂျက် ငွေကျပ်သန်း ၅၅၀ ဖြင့် တည်ဆောက်ခဲ့

နတ်မောက် ဇွန် ၁၁

**မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးသစ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၀ ရက် နံနက်ပိုင်းက အဆိုပါဈေးအရှေ့ဘက်တွင် ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင် တက်ရောက်၍ မြို့မစည်ပင်သာယာရေး ဈေးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။**



ဈေးသစ်ဖွင့်ပွဲ အခမ်းအနားတွင် ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က နတ်မောက် မြို့မဈေးကြီးအား ၁၃-၁၁-၂၀၂၁ ရက်နေ့ ညပိုင်းမှာ မီးလောင်ကျွမ်းမှုကြောင့် ဈေးရုံပေါင်း ၂၂ရုံ၊ ဈေးဆိုင်ခန်းပေါင်း ၂၄၂ ခန်း ဆုံးရှုံးခဲ့ပြီး ဈေးသူဈေးသားများ၏ ပိုင်ဆိုင်မှုများ မီးဘေးသင့်ခဲ့သဖြင့် များစွာစိတ်မကောင်းဖြစ်ရပါကြောင်း၊ မြို့မဈေးကြီးသည် မြို့နေလူထု၏ စီးပွားရေးမြှုပ်နှံရာ နေရာလည်းဖြစ်ပြီး မီးလောင်ရခြင်း၏ အဓိကအခြေခံ အကြောင်းအရင်းမှာ အရေးပေါ်အခြေအနေတွင် မီးသတ်ကားများ ဝင်/ထွက်သွားလာနိုင်မှု မရှိခြင်းကြောင့် ဖြစ်ကြောင်း၊ ဈေးသူ ဈေးသားပြည်သူများရဲ့ ဆုံးရှုံးမှုများကို အမြန်ဆုံးကုစားနိုင်ရန်အတွက် အဆင့်မီဈေးသစ်ကြီး ပြန်လည်တည်ဆောက်နိုင်ရေး နိုင်ငံတော်မှအကုန်အကျခံပြီး နိုင်ငံတော် ဘတ်ဂျက် ငွေကျပ်သန်း ၅၅၀ ဖြင့် ဈေးအင်္ဂါရပ်နှင့် ညီညွတ်ပြီး စနစ်ကျသည့် ဈေးပန္နက်ပုံစံရေးဆွဲကာ အဆင့်မီဈေးသစ်ကြီးကို တာဝန်ရှိသူများ အဆင့်ဆင့်ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ဇွန် ၁၀ ရက်တွင် လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးဖြစ်၍ ဖွင့်ပွဲအခမ်းအနား ကျင်းပရခြင်းဖြစ်ကြောင်း၊ ဈေးသာယာရေး ကော်မတီအဖွဲ့များ၊ ဈေးသူဈေးသားများအနေဖြင့် မိမိတို့ဈေးကြီး မီးဘေးအန္တရာယ်ကင်းရှင်းရေး၊ ဈေးကြီးသန့်ရှင်းသာယာလှပရေး လုပ်ငန်းများဆောင်ရွက်ရာမှာလည်း ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန်နှင့် အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပြည်သူများက ကျရာကဏ္ဍမှ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးသိန်းငွေးက နတ်မောက်မြို့ မြို့မစည်ပင်သာယာရေး၊ ဈေးအသစ်ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများနှင့် ဈေးရောင်းချသူများ စနစ်တကျရောင်းချနိုင်ခြင်း၊ စည်းကမ်းရှိစွာ သွားလာဝယ်ယူနိုင်ရန်၊ ဈေးအတွင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး မြို့မိမြို့ဖ ဦးခင်မောင်ဆန်းက ဈေးသူ ဈေးသားများကိုယ်စား မြို့မစည်ပင်သာယာရေး ဈေးအသစ် ပြန်လည်တည်ဆောက်ပေးမှုအပေါ် ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်၊ သယံဇာတရေးရာဝန်ကြီး ဦးစိုင်းမြင့်အေး၊ လူမှုရေးရာဝန်ကြီး ဦးစိုးပိုင်မြင့်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဥပဒေချုပ် ဦးဝင်းမြင့်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးသန်းဆွေဝင်းနှင့် ပင်မစစ်လက်နက်ပစ္စည်းတပ် (နတ်မောက်) တပ်မှူး ဗိုလ်မှူးချုပ် မျိုးမင်းထူးတို့က မြို့မစည်ပင်သာယာရေး ဈေးအသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က မြို့မစည်ပင်သာယာရေး ဈေးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး မြို့မစည်ပင်သာယာရေး ဈေးဆိုင်းဘုတ်ရှေ့တွင် ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြပြီး ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို လိုက်လံ ကြည့်ရှုအားပေးသည်။ (အပေါ်ပုံ)

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန ခန်းမသို့ ရောက်ရှိပြီး ခန်းမအတွင်း အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကျောင်းသား ကျောင်းသူများ စာစီစာကုံး ဖြေဆိုနေမှုကို ကြည့်ရှုအားပေးကာ လူထုအခြေပြုဗဟိုဌာန ခန်းမအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့မှတစ်ဆင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် နတ်မောက်မြို့နယ် နတ်မောက် ရေလှောင်တမံသို့ ရောက်ရှိပြီး ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု အခြေအနေအား ကြည့်ရှုစစ်ဆေးကာ တမံရှင်းလင်းဆောင်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးနှင့် တာဝန်ရှိသူတို့က နတ်မောက် ရေလှောင်တမံအတွင်း ဆည်ရေဝင်ရောက်မှု၊ သီးနှံစိုက်ပျိုးမှု၊ ဒေသခံ တောင်သူများအား စိုက်ပျိုးရေပေးဝေမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့မှုအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာတမံကြံ့ခိုင် တောင့်တင်းရေး၊ သန့်ရှင်းသပ်ရပ် ကောင်းမွန်ရေးအတွက် ထိန်းသိမ်းခြင်း လုပ်ငန်းများအား တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ရေး၊ ဆည်ရေသောက် ဧရိယာအတွင်း စိစစ်ကေ ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် မြောင်းဆုံး မြောင်းဖျားအထိ ရေပေးဝေနိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။ **မောင်ညီညာ**

ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။




ချင်းတွင်းတံတား (ထမံသီ) တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်ကို တွေ့ရစဉ်။

❒ ရှေ့ဖုံးမှ

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ လေရှီးမြို့နှင့် ဆွမ္မရာမြို့နယ်ခွဲတို့ကို ဆက်သွယ်သွားလာနိုင်မည့် ချင်းတွင်းတံတား(ထမံသီ) ကို တည်ဆောက်လျက်ရှိသည်။ ချင်းတွင်းတံတား(ထမံသီ)သည် ပင်းမာ-ထမံသီ - လေရှီး - ပန်ဆပ် - ဆွမ္မရာလမ်းပေါ်တွင် တည်ရှိသည်။

"မြစ်အရှေ့ခြမ်းနဲ့ အနောက်ခြမ်း ဖွံ့ဖြိုးမှုကို တူညီစေဖို့ဆိုတာ တံတားရှိမှပါ။ ကျွန်တော်တို့ ဒေသက သွားရေးလာရေး အခက်အခဲရှိတဲ့ ဒေသအဖြစ်မှာ တည်ရှိနေသေးတယ်။ ဖွံ့ဖြိုးဖို့ လိုအပ်နေသေးတယ်။ ဒေသဖွံ့ဖြိုးဖို့အတွက် အခြေခံက လမ်းတွေ၊ တံတားတွေက အခြေခံဖြစ်တဲ့အတွက် ဒီဟာတွေ ပြည့်စုံလာဖို့ မျှော်လင့်တယ်။ တံတားကြီး ပြီးသွားပြီဆိုရင် ဘာပဲပြောပြော ပိုပြီးလွယ်လွယ်ကူကူနဲ့ သွားနိုင်တော့မယ်။ ဒီတံတားက ဒေသလူမှုစီးပွားကို အများကြီး အထောက်အကူဖြစ်စေမှာပါ" ဟု ဒေသခံ ဦးအောင်နိုင်က ပြောသည်။

**လမ်းသစ်ဖောက်လုပ်ခြင်းဆောင်ရွက်**

ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်၊ ပထဝီအနေအထား/ သဘာဝ အနေအထား အရ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကွာခြားနေမှုကို လျှော့ချရန်၊ ကုန်စည်နှင့် ဝန်ဆောင်မှု လျင်မြန်သွက်လက်စေရန် အတွက် လမ်းပန်းဆက်သွယ်ရေးသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့်အတွက် နိုင်ငံအတွင်း လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရန် လမ်းများ အဆင့်မြှင့်တင်ခြင်း၊ လမ်းသစ်ဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လမ်းများနှင့်အတူ တံတားများအားလုံး တစ်ပြေးညီ တိုးတက်ကောင်းမွန်ရေးကို တံတား ဦးစီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိသည်။

တံတားဦးစီးဌာနမှ တည်ဆောက်ဆဲ ချင်းတွင်း တံတားသည် သက္ကယ်ကျင်း-ဖောင်းပြင်- ဟုမ္မလင်း- ခန္တီးလမ်း မိုင်တိုင် ၂၄၇ ရှိ ပင်းမာရွာမှ ချင်းတွင်းမြစ်ကို ဖြတ်၍ ထမံသီမှတစ်ဆင့် နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသရှိ လေရှီးမြို့နှင့် ဆွမ္မရာမြို့နယ်ခွဲကို ဆက်သွယ်ပေးမည့် တံတားတစ်စင်းဖြစ်ပါသည်။ အဆိုပါတံတား တည်ဆောက်ခြင်းဖြင့် ချင်းတွင်းမြစ် အရှေ့ဘက်ကမ်းရှိ ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင်မြို့များနှင့် ချင်းတွင်းမြစ် အနောက်ဘက်ကမ်းရှိ လေရှီး၊ ဆွမ္မရာ ဒေသမှ ဒေသခံပြည်သူများ ခရီးသွားလာမှု မြန်ဆန်ကောင်းမွန်စေရန်နှင့် လူမှုစီးပွားဘဝမြင့်မားပြီး ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ တည်ဆောက်ထားခြင်း ဖြစ်သည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းရှိ လေရှီးမြို့နှင့် ဆွမ္မရာမြို့နယ်ခွဲ ဒေသခံများ၏ လူမှုစီးပွားကို များစွာအထောက်အကူပြုစေမည့် တည်ဆောက်ဆဲ ချင်းတွင်းတံတား (ထမံသီ) တည်ဆောက်ရေး စီမံကိန်းသည် ယခုအခါ တံတား တစ်စင်းလုံး တည်ဆောက်မှု၏ ၂၁ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး တံတားတည်ဆောက်မှုကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ (၂)က တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။

"ပြီးစီးတဲ့ လုပ်ငန်းတွေပြောရရင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှာ အကြိုအင်ဂျင်နီယာ လုပ်ငန်းတွေ၊ ပင်မတံတားရေလယ်တိုင် အုတ်မြစ်၊ ချဉ်းကပ်တံတား အုတ်မြစ်နဲ့ ကိုယ်ထည်လုပ်ငန်းတွေ ဆောင်ရွက်ခဲ့တယ်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် mini budget မှာတော့ ပင်မတံတား ရေလယ်တိုင် အုတ်မြစ်လုပ်ငန်းနဲ့ ချဉ်းကပ်တံတား ကိုယ်ထည်လုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်" ဟု ဆောက်လုပ်ရေးဝန်ကြီး ဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ (၂) မှ ညွှန်ကြားရေးမှူးက ပြောသည်။

**တံတားအူကြောင်းသုံးကြောင်းဖြင့်ဆောင်ရွက်**

အဆိုပါ တံတားတည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းဖြစ်နိုင်ခြေ ဆန်းစစ်လေ့လာခြင်း လုပ်ငန်းကို ၂၀၁၇ ခုနှစ်တွင် တံတားအူကြောင်း သုံးကြောင်းဖြင့် စတင်လေ့လာဆောင်ရွက်ခဲ့ကြောင်း တံတားဦးစီး ဌာနမှ သိရသည်။ တံတားဦးစီးဌာနအနေဖြင့် ရွေးချယ်ထားသော တံတားအူကြောင်း သုံးခု အနက် နည်းပညာဆိုင်ရာ နှိုင်းယှဉ်ချက်၊ စီးပွားရေးဆိုင်ရာ နှိုင်းယှဉ်ချက်၊ လူမှုရေး ရှုထောင့် အထွေထွေ နှိုင်းယှဉ်ချက်များအရ လျာထားတံတားအူကြောင်း တစ်ခုကို ရွေးချယ်ခဲ့သည်။

ထို့နောက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တိုင်းတာရေးလုပ်ငန်းနှင့် မြေစမ်းသပ်ခြင်း လုပ်ငန်းကို တံတားအထူးအဖွဲ့ (၂) က ဆောင်ရွက်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် တံတားတည်ဆောက်ရေးလုပ်ငန်းများကို တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ (၂) က စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"တံတားကြီး ပြီးစီးဖို့က ရာခိုင်နှုန်းနဲ့ပြောရင်တော့ ၈၀ ရာခိုင်နှုန်း ကျန်တယ်။ လုပ်ငန်းရပ်အနေနဲ့ ကျန်နေတာကိုပြောရရင်တော့ ချဉ်းကပ်တံတား (ပင်းမာဘက်ကမ်း) တွင် အပေါ်ထည်လုပ်ငန်းများ ဖြစ်တဲ့ ကြိုတင်အားဖြည့် သံကူကွန်ကရစ်ယက်မ လုပ်ငန်း၊ ကြမ်းခင်းလုပ်ငန်း၊ လက်ရန်းလုပ်ငန်းတွေ၊ ထမံသီဘက်ကမ်းမှာ အောက်ခြေအုတ်မြစ် လုပ်ငန်း၊ ကိုယ်ထည်နဲ့ အပေါ်ထည်လုပ်ငန်းတွေနဲ့ ပင်မတံတားမှာ အပေါ်ထည် လုပ်ငန်းတွေ၊ သံပေါင်တပ်ဆင်ခြင်းလုပ်ငန်း၊ ကြမ်းခင်းခြင်းလုပ်ငန်း၊ လက်ရန်းတပ်ဆင်ခြင်းစတဲ့လုပ်ငန်းတွေ ဖြစ်ပါတယ်။ တံတားပြီးစီးပြီးရင် ဒေသခံပြည်သူတွေရဲ့ ဆက်သွယ်သွားလာမှု ပိုအဆင်ပြေလာမှာဖြစ်သလို အခြားကဏ္ဍတွေ ဖွံ့ဖြိုးမှုလည်း နောက်က လိုက်ပါဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် ကျွန်တော်တို့အဖွဲ့ အနေနဲ့ ကျန်နေသေးတဲ့ လုပ်ငန်းရပ်တွေကိုလည်း ဘဏ္ဍာငွေရရှိမှုအရအမြန်ဆုံး၊ အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းသွားမှာပါ" ဟု တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂)မှ ညွှန်ကြားရေးမှူးက ပြောသည်။

တံတားဦးစီးဌာနအနေဖြင့် ၂၀၂၂-၂၀၂၃ ခုနှစ် ဘဏ္ဍာရေးတွင် ပင်မတံတား ရေလယ်တိုင် အုတ်မြစ် လုပ်ငန်းနှင့် ကိုယ်ထည်လုပ်ငန်းများ၊ ချဉ်းကပ်တံတား ကိုယ်ထည်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

"ဒီနှစ် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ပြီးရင် တံတား တစ်စင်းလုံး ပြီးစီးမှုက ၃၀ ရာခိုင်နှုန်းအထိ ပြီးစီးလာမှာဖြစ်ပါတယ်။ လာမယ့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ဆောင်ရွက်မယ့် လုပ်ငန်းတွေကတော့ လျာထားပြီးဖြစ်ပါတယ် " ဟု ညွှန်ကြားရေးမှူးက ရှင်းပြသည်။

ချင်းတွင်းတံတား(ထမံသီ)သည် အရှည် ၈၀၁ မီတာနှင့် တံတား၏ ခံနိုင်ဝန် ၇၅ တန် ရှိမည်ဖြစ်သည်။ ယာဉ်သွားလမ်းအကျယ် ၈ ဒသမ ၅ မီတာ ရှိပြီး ပင်မတံတား အရှည်သည် ၄၈၃ ဒသမ ၅ မီတာ ရှိမည်ဖြစ်ကာ သံမဏိသံပေါင်ခုံးတံတား အမျိုးအစားဖြစ်သည်။ တံတား၏ ချဉ်းကပ်နှင့် ပင်မရေလယ်တိုင် အုတ်မြစ်များကို သံကူကွန်ကရစ် ဘိုးပိုင်များဖြင့် တည်ဆောက်ထားကြောင်း တံတားဦးစီးဌာနမှ သိရသည်။

**တက်ညီလက်ညီနဲ့စနစ်တကျဆောင်ရွက်**

တံတားများ တည်ဆောက်ရာတွင် Quality Management System ဖြင့် အရည်အသွေးစံချိန် စံညွှန်းများ သတ်မှတ်ထားရှိကြောင်း တံတားဦးစီး ဌာနမှ သိရသည်။

ချင်းတွင်းတံတား(ထမံသီ) တည်ဆောက်မှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ (၂) မှ လက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ) က "တောင်စဉ်တောင်တန်းပေါ်က အရှိန်နဲ့စီးဆင်းလာတဲ့ မြစ်ပေါ်မှာ တံတား တည်ဆောက်ရတာ အမြဲသတိရှိဖို့လိုအပ်ပါတယ်။ ချင်းတွင်းမြစ်က ရေစီးသန်တယ်။ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးကို အမြဲဦးစားပေးရတယ်။ ဒါကြောင့် တံတားတည်ဆောက်ရေးမှာ တက်ညီလက်ညီနဲ့ အဖွဲ့လိုက် စနစ်တကျ ဆောင်ရွက်ရပါတယ်။ တံတားကြီး သတ်မှတ်တဲ့အချိန်မှာ ပြီးစီးဖို့ တာဝန်တွေကိုတော့ နေ့နဲ့ည အဆိုင်းအလိုက် တည်ဆောက်ရေးအပိုင်း၊ လျှပ်စစ်အပိုင်း၊ ယန္တရားအပိုင်း၊ ရေသန့်အပိုင်း စသဖြင့် အပိုင်းအလိုက် ဆောင်ရွက်ကြပါတယ်" ဟု ပြောပြသည်။

ထမံသီတံတား တည်ဆောက်မည့် ချင်းတွင်းမြစ်သည် ဟူးကောင်းချိုင့်ဝှမ်းတွင် မြစ်ဖျားခံ စီးဆင်းလာပြီး မိုင် ၇၅၀ ခန့် ရှည်လျားကာ ဧရာဝတီမြစ်အတွင်းသို့ မြင်းခြံမြို့နှင့် ရေစကြိုမြို့အနီးတွင် စီးဝင်သည်။ ချင်းတွင်းမြစ်ပေါ်တွင် ချင်းတွင်းတံတား (ဆင်ဖြူရှင်)၊ ချင်းတွင်းတံတား (မုံရွာ)၊ ချင်းတွင်းတံတား (ဟုမ္မလင်း)၊ ချင်းတွင်းတံတား (ကလေးဝ)၊ ချင်းတွင်းတံတား (ခန္တီး) တို့ကို တည်ဆောက်ပြီးဖြစ်သည်။

တည်ဆောက်ဆဲဖြစ်သည့် ချင်းတွင်းတံတား (ထမံသီ) ပြီးစီးပါက နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသနှင့် ဆက်စပ်လျက်ရှိသည့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြုမည်ဖြစ်ပြီး ဒေသခံတိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးစသည့် ကဏ္ဍစုံ ဖွံ့ဖြိုးလာစေရန် အထောက်အကူပြုနိုင်တော့မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

ဗညားဦး

❑ **တံတားတည်ဆောက်ခြင်းဖြင့် ချင်းတွင်းမြစ် အရှေ့ဘက်ကမ်းရှိ ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင်မြို့များနှင့် ချင်းတွင်းမြစ် အနောက်ဘက်ကမ်းရှိ လေရှီး၊ ဆွမ္မရာ ဒေသမှ ဒေသခံပြည်သူများ ခရီးသွားလာမှု မြန်ဆန်ကောင်းမွန်စေရန်နှင့် လူမှုစီးပွားဘဝမြင့်မားပြီး ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ တည်ဆောက်ထား**

# မန္တလေးတိုင်းဒေသကြီး မြေလွတ် မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၂) ကျင်းပ

## လုပ်ငန်းရှင်များအနေဖြင့် လျှောက်ထားသည့်အတိုင်း လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်

**မန္တလေး ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီး မြေလွတ် မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၂)ကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး (၂)ထပ်ဆောင် အစည်းအဝေးခန်းမ၌ ဇွန် ၁၀ ရက်က ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က မြေလွတ်မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဓာတ်သတ္တုတူးဖော်ရေး လုပ်ငန်းများအတွက် လျှောက်ထားလာသည့် လုပ်ငန်းရှင်များအား လုပ်ကိုင်ခွင့်၊ အသုံးပြုခွင့်များကို စီမံခန့်ခွဲရေးကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် အချိန်ကြန့်ကြာမှု မရှိအောင် ခွင့်ပြုချထားပေးခြင်းဖြင့် လုပ်ငန်းရှင်ရော တိုင်းပြည်အတွက်ပါ အကျိုးရှိမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း အမှန်တကယ် လျှောက်ထားသည့်အတိုင်း လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပြီး မြေပြင်တွင် အမှန်တကယ်ဆောင်ရွက်ခြင်း မရှိပါက ဥပဒေ၊ နည်းဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ခွင့်ပြုသည့်အခါ သတ်မှတ်သည့် စည်းကမ်းသတ်မှတ်ချက်နှင့် ညီမညီ သေချာစွာစိစစ်ခွင့်ပြုရန်လိုအပ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ မြေလွတ် မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီတွင် ပါဝင်သည့် အဖွဲ့ဝင်များက တင်ပြလာသည့် အမှုတွဲများအား သတ်မှတ် စည်းကမ်းချက်နှင့် ကိုက်ညီမှု ရှိမရှိ စိစစ်ဆွေးနွေး တင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းနိုင်ငံတော်ဝင်ရဲအဖွဲ့တို့အကြား နိုင်ငံဖြတ်ကျော်မှုခင်းတားဆီးနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပထမအကြိမ် လုပ်ငန်းကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၁၁**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းနိုင်ငံတော်ဝင်ရဲအဖွဲ့တို့အကြား နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နှစ်နိုင်ငံ ရဲချုပ်အဆင့် ပထမအကြိမ်လုပ်ငန်း ကော်မတီအစည်းအဝေးကို ဇွန် ၇ ရက်က ဘန်ကောက်မြို့၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။




မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းနိုင်ငံတော်ဝင်ရဲအဖွဲ့တို့အကြား နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နှစ်နိုင်ငံ ရဲချုပ်အဆင့် ပထမအကြိမ်လုပ်ငန်း ကော်မတီအစည်းအဝေး မှတ်တမ်းအား ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက် နှင့် ထိုင်းတော်ဝင်ရဲအဖွဲ့ ရဲချုပ် ရဲဗိုလ်ချုပ်ကြီး စုဝပ်ကျန်းရော့စုတို့က လက်မှတ်ရေးထိုးစဉ်။

**"မြန်မာ - ထိုင်း နှစ်နိုင်ငံနယ်နိမိတ်တွင် ခိုအောင်းနေသော လက်နက်ကိုင်အဖွဲ့များနှင့် အကြမ်းဖက်သမားများသည် နှစ်နိုင်ငံ၏ အကျိုးစီးပွားကို ဆိုးရွားစွာထိခိုက်ပျက်စီးစေသည်ဖြစ်၍ ရဲတပ်ဖွဲ့အချင်းချင်း ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေးကိစ္စရပ်များကို ဆွေးနွေး"**

### လက်ဆောင်များပေးအပ်

ဇွန် ၆ ရက် နံနက်ပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဘန်ကောက်မြို့တော် ရဲကွပ်ကဲမှု ဗဟိုဌာနသို့ ရောက်ရှိပြီး ဌာနတာဝန်ခံ အကြီးအကဲ ဒုတိယရဲဗိုလ်ချုပ်ကြီး စမ်ရမ်နွမ်မာနှင့်အဖွဲ့က ဘန်ကောက်မြို့တော်လုံခြုံရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုများ ထိန်းသိမ်းရေးကြီးကြပ် ဆောင်ရွက်နေမှုများကို ရှင်းလင်းရာ ဒုတိယဝန်ကြီး ရဲချုပ်က သိရှိလိုသည်များကို မေးမြန်းပြီး အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး ရဲချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းတော်ဝင်ရဲအဖွဲ့ ရဲတက္ကသိုလ်သို့ ရောက်ရှိလေ့လာကြပြီး ကျောင်းအုပ်ကြီး ဒုတိယရဲဗိုလ်ချုပ်ကြီး သက်ချိုင်း ပီသနာလာဘုက ထိုင်းတော်ဝင်ရဲအဖွဲ့ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ညနေပိုင်းတွင် မြန်မာ- ထိုင်း နှစ်နိုင်ငံ ရဲချုပ်အဆင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီ အစည်းအဝေးနှင့် စပ်လျဉ်းသည့် အဆင့်မြင့် ရဲအရာရှိကြီးအဆင့် ကြိုတင်ညှိနှိုင်း အစည်းအဝေးကို Anantara Siam Hotel ခန်းမ၌ ကျင်းပရာ ရဲမှူးချုပ်အောင်ငွေးမြင့် ဦးဆောင်သော ရဲအရာရှိကြီးများနှင့် ထိုင်းတော်ဝင် ရဲအဖွဲ့မှ လက်ထောက်ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး စရာဝပ်ကန်ဖာနစ် ဦးဆောင်သော ရဲအရာရှိကြီးများ တက်ရောက်ကြပြီး နယ်စပ်ဖြတ်ကျော်မှုခင်းများနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေး၊ သတင်းအချက်အလက် ဖလှယ်မှုများ ပိုမိုလျင်မြန်စွာ ဆောင်ရွက်နိုင်ရေး၊ ရဲတပ်ဖွဲ့ စွမ်းရည် မြှင့်မားရေးပူးပေါင်းဆောင်ရွက်မှုနှင့် နှစ်နိုင်ငံရဲတပ်ဖွဲ့ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

### ပူးပေါင်းမည့်အခြေအနေဆွေးနွေး

ညပိုင်းတွင် ဒုတိယဝန်ကြီး ရဲချုပ်အား ထိုင်းနိုင်ငံ အထက်လွှတ်တော်ကိုယ်စားလှယ် ရဲဗိုလ်ချုပ်ကြီး (ငြိမ်း) Tritot Ronnarit–ivichai ၊ ရဲဗိုလ်ချုပ်ကြီး (ငြိမ်း) Thammasak Vicharaya နှင့် ထိုင်းတော်ဝင်ရဲအဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ်ကြီး ဒန်ယုံဆက်ကစ်သီပရာဖတ်နှင့် အဖွဲ့တို့က လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးကြသည်။

ဇွန် ၇ ရက်တွင် မြန်မာ–ထိုင်း နှစ်နိုင်ငံ နိုင်ငံဖြတ်ကျော်မှုခင်း တားဆီးနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပထမအကြိမ် လုပ်ငန်းကော်မတီအစည်းအဝေးကို ဘန်ကောက်မြို့ရှိ ထိုင်းတော်ဝင်ရဲအဖွဲ့ ဌာနချုပ်ရုံး ရဲချုပ် အစည်းအဝေးခန်း၌ ကျင်းပရာ ဒုတိယဝန်ကြီး ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များ၊ ထိုင်းတော်ဝင်ရဲအဖွဲ့ ရဲချုပ် ရဲဗိုလ်ချုပ်ကြီး စုဝပ်ကျန်းရော့စုနှင့် ဒုတိယရဲချုပ် ဦးဆောင်သည့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ရဲချုပ်က နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးမှုခင်းများ ထိရောက်စွာ တားဆီးနှိမ်နင်းရေး၊ လူကုန်ကူးမှုဆိုက်ဘာမှုခင်း၊ နယ်စပ်ဖြတ်ကျော် မှောင်ခိုမှုများ တိုက်ဖျက်ရေးတွင် နယ်စပ်ဆက်ဆံရေးရုံးများ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ မြန်မာ - ထိုင်း နှစ်နိုင်ငံနယ်နိမိတ်တွင် ခိုအောင်းနေသော လက်နက်ကိုင်အဖွဲ့များနှင့် အကြမ်းဖက်သမားများသည် နှစ်နိုင်ငံ၏အကျိုးစီးပွားကို ဆိုးရွားစွာ ထိခိုက်ပျက်စီးစေသည်ဖြစ်၍ ရဲတပ်ဖွဲ့အချင်းချင်း ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးသည်။

ထို့နောက် ဒုတိယဝန်ကြီး ရဲချုပ်နှင့် ထိုင်းတော်ဝင် ရဲအဖွဲ့ ရဲချုပ် ရဲဗိုလ်ချုပ်ကြီး စုဝပ်ကျန်းရော့စုတို့သည် ပထမအကြိမ် လုပ်ငန်းကော်မတီ အစည်းအဝေး မှတ်တမ်းကို လက်မှတ်ရေးထိုးပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြသည်။

### စာချွန်လွှာလက်မှတ်ရေးထိုး

အဆိုပါ မြန်မာ–ထိုင်း နှစ်နိုင်ငံ နိုင်ငံဖြတ်ကျော် မှုခင်းတားဆီးနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပထမအကြိမ်လုပ်ငန်း ကော်မတီ အစည်းအဝေးတွင် နှစ်နိုင်ငံ ရဲတပ်ဖွဲ့အချင်းချင်း အဓိက ပူးပေါင်းဆောင်ရွက်ရမည့် အကြမ်းဖက်မှု အန္တရာယ်များအတွက် သက်ရောက်မှုများ၊ အထူးသဖြင့် လက်နက်မှောင်ခိုမှုနှင့် လက်နက်ကုန်ကူးမှုဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေး၊ နယ်စပ်ဒေသရှိ ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များအား ကာကွယ်စောင့်ရှောက်ရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ရဲတပ်ဖွဲ့ဆိုင်ရာ သင်တန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံ ရဲတပ်ဖွဲ့အကြား နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းခဲ့ပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်ကြမည့် သဘောတူညီချက် (၆) ချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းဖေ အမျိုးသားညီလာခံ ပြည်ထောင်စုခန်းမကြီး ပြင်ဆင်ထိန်းသိမ်းနေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ဇွန် ၁၀ရက် နံနက်ပိုင်းက ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး (နေပြည်တော် - ရန်ကုန်) လမ်းပိုင်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ရေးဆွဲရန် အမျိုးသားညီလာခံကျင်းပခဲ့သည့် ပြည်ထောင်စုခန်းမကြီးသို့ရောက်ရှိရာ တာဝန်ရှိသူများက ပြည်ထောင်စုခန်းမကြီး ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်မည့်စီမံချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက သမိုင်းဝင်အဆောက်အအုံကို ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မူလပုံစံမပျက် ရေရှည်တည်တံ့အောင် စီမံချက်ရေးဆွဲဆောင်ရွက်ရန်လိုကြောင်း၊ မီးဘေးလုံခြုံရေးအပါအဝင် အမြဲတမ်းလုံခြုံရေးထားရှိနိုင်ရန် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အမျိုးသားညီလာခံ ပြည်ထောင်စုခန်းမကြီး (ယာပုံ)နှင့် အနော်ရထာရိပ်သာ ခန်းမဆောင်အတွင်း ကြည့်ရှုစစ်ဆေးပြီး အမျိုးသားညီလာခံ ပြည်ထောင်စုခန်းမ အဝင်လမ်းနှင့် အထွက်လမ်း ပြင်ဆင်ဖောက်လုပ်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆောင်ရွက်မည့် စီမံချက်အတိုင်း သတ်မှတ်ချိန်ပြီးစီးရေး အလေးထားကြပ်မတ်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# သန့်ရှင်းသာယာသောမြို့၊ ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်

**နေပြည်တော် ဇွန် ၁၁**

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ အားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင် မိမိတို့၏ မြို့၊ ရွာ ဒေသများ သန့်ရှင်းသာယာ လှပရေးကို အားတက်သရော ဆောင်ရွက်လျက်ရှိကြသည်။



ပန်းတနော်မြို့ အောင်သပြေဘိုးဘွားရိပ်သာ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အပါအဝင် မြို့နယ်ရှစ်မြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ အပါအဝင် မြို့နယ် ငါးမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့အပါအဝင် မြို့နယ် ငါးမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် အပါအဝင် မြို့နယ် ရှစ်မြို့နယ်တို့၌ လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ အပါအဝင် မြို့နယ် ရှစ်မြို့နယ်နှင့် ကရင်ပြည်နယ်ရှိ မြို့နယ် လေးမြို့နယ်တို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင်ရှိ မြို့နယ် ၁၄ မြို့နယ်၊ အနောက်ပိုင်းခရိုင်ရှိ မြို့နယ် ၁၂ မြို့နယ်၊ တောင်ပိုင်းခရိုင်ရှိ မြို့နယ် ၁၀ မြို့နယ်၊ မြောက်ပိုင်းခရိုင်ရှိ မြို့နယ် ကိုးမြို့နယ်တို့၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့ အပါအဝင် မြို့နယ် ၁၇ မြို့နယ်နှင့် ချင်းပြည်နယ် ပလက်ဝမြို့တို့၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ဆိပ်ဖြူမြို့နှင့် ချင်းပြည်နယ် ဖလမ်းမြို့တို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် အပါအဝင် မြို့နယ် ခုနစ်မြို့နယ်တို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် ဇွန် ၁၁**

ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ ရတနာသိဒ္ဓိစာသင်တိုက်သို့လည်းကောင်း၊ ကချင်ပြည်နယ် ဗန်းမော်မြို့နယ်ရှိ ပညာတံခွန် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ မဟာဝိသုတာရာမသာသနဗိမာန်ကျောင်းတိုက်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မဟာသုန္ဒရာ ရာမကျောင်းတိုက်သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ မာလာရာမပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ လယ်တီပရိယတ္တိစာသင်တိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဟိုင်းကြီးကျွန်းမြို့တွင် ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေးဟောပြော

**ဟိုင်းကြီးကျွန်း ဇွန် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့တွင် ငါးသယံဇာတများ မပြုန်းတီးစေရေးအတွက် ငါးသယံဇာတ ထိန်းသိမ်းရေး အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက ဟိုင်းကြီးကျွန်းမြို့ ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ဟိုင်းကြီးကျွန်းမြို့ ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသန်းထွန်းအောင်က မေ၊ ဇွန်၊ ဇူလိုင်လများသည် ငါးရစ်၊ ငါးသန်ကာလဖြစ်ပြီး ငါးများမိတ်လိုက်၊ ဥချ၊ သားပေါက်သည့် ရာသီချိန်ဖြစ်သဖြင့် အဆိုပါရာသီတွင် တားမြစ်ငါးဖမ်းကိရိယာများဖြင့် ငါးဖမ်းဆီးခြင်း၊ ပိုက်စိမ်းဘဝင်းထောင်ခြင်း၊ ဘက်ထရီရှော့တိုက်၊ မိုင်းခွဲ၊ အဆိပ်ချ၍ ငါးဖမ်းဆီးခြင်း၊ ကမ်းနီးတရွတ်ဆွဲ၍ ငါးဖမ်းဆီးခြင်း၊ ငါးမန်းဖမ်းဆီးခြင်း၊ ငါးမျှားစကြာဖြင့် ငါးဖမ်းဆီးခြင်း၊ သတ်မှတ် အတိုင်းအတာနှင့် မပြည့်မီသော ကဏန်းများ ဖမ်းဆီးခြင်းတို့ကို မပြုလုပ်ကြရန်နှင့် ထိုသို့ပြုလုပ်၍ ဖမ်းဆီးပါက ငါးသယံဇာတများ ပြုန်းတီးသွားပြီး နောင်တွင် ငါးသယံဇာတ ရှားပါးလာမှုများနှင့် ရင်ဆိုင်ကြရမည်ဖြစ်ကြောင်း အသိပညာပေး ပြောကြားသည်။



အဆိုပါ ဟောပြောပွဲသို့ မြို့အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ကမ်းဝေး/ ကမ်းနီး ရေလုပ်ငန်းရှင်များ၊ ရေလုပ်သားများနှင့် စိတ်ပါဝင်စားသူ ဒေသခံပြည်သူများ တက်ရောက်ကြပြီး သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ရာ ဟိုင်းကြီးကျွန်းမြို့ ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသန်းထွန်းအောင်က ပြန်လည်ဆွေးနွေးဖြေကြားပေးကြောင်း သိရသည်။

**လှိုင်မျိုးအောင်(ပြန်/ဆက်)**

# NUG အမည်ခံအကြမ်းဖက်အဖွဲ့၏ လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်သမားများက ပုလောမြို့နယ် ပိတပ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းဆရာတစ်ဦးအား အကြောင်းမဲ့သတ်ဖြတ်၊ အခြေခံပညာကျောင်းများအား လက်လုပ်မိုင်းများ / လက်ပစ်ဗုံးများဖြင့် အကြမ်းဖက်ပစ်ခတ်ဖောက်ခွဲ၊ ခြိမ်းခြောက်စာများပေးပို့

**နေပြည်တော် ဇွန် ၁၁**

မျိုးဆက်သစ် ရင်သွေးငယ်များ၏ ပညာရေးတွင် နောက်ကျကျန်ရစ်မှု မဖြစ်ပေါ်စေရေးအတွက် ပညာသင်ကြားနိုင်မှု အခွင့်အလမ်းကို ပြည့်ဝစွာ အသုံးချနိုင်စေရန် အခြေခံပညာ ကျောင်းများကို ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ရာ ကျောင်းသား၊ ဆရာ၊ မိဘများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်နေမှုများအပေါ် PDF အမည်ခံ အကြမ်းဖက်သမားများက ယုတ်မာရိုင်းစိုင်းသောရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက် အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အဦများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည့် နည်းလမ်းမျိုးစုံ အသုံးပြုကာ ပညာရေးကဏ္ဍ မြင့်မားရေးကို ဟန့်တား နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။


ထိုသို့လုပ်ဆောင်လျက်ရှိရာ ဇွန် ၉ ရက် ညပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ပိတပ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းပြကျောင်းဆရာဖြစ်သည့် ဦးချိန်မင်း (၃၀)နှင့် (ဘ) ဦးစိန်ဝင်းသည် ၎င်း၏နေအိမ်၌ မူလတန်းကလေးငယ်များအား စာသင်ကြားပေးနေစဉ် PDF အမည်ခံ အကြမ်းဖက်သမား နှစ်ဦးက နေအိမ်ပေါ်သို့ တက်လာကာ သေနတ်ဖြင့်ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် သေဆုံးခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် ဇွန် ၁၀ ရက် နံနက် ၁၁ နာရီ ၅၅ မိနစ်ခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်းအား PDF အမည်ခံ အကြမ်းဖက်သမား နှစ်ဦးက ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး လက်လုပ်ဗုံး တစ်လုံးဖြင့် ပစ်ပေါက်ကာ မောင်းနှင်ထွက်ပြေးသွားခဲ့ရာ လက်လုပ်ဗုံးမှာ ကျောင်းဝင်ပေါက်အနီးသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် လူနှင့်အဆောက်အဦ ထိခိုက်ပျက်စီးမှု မရှိကြောင်း သိရှိရသည်။

၎င်းအပြင် ဇွန် ၉ ရက် ည ၁၀ နာရီခန့်တွင် ကချင်ပြည်နယ် ရွှေကူမြို့နယ် ဘိုကုန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း အုတ်တံတိုင်းအနီး၌လည်းကောင်း၊ ဇွန် ၁၀ ရက် နံနက် ၈ နာရီခန့်တွင် မွန်ပြည်နယ် ရေးမြို့နယ် ကနင်ကမော့ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ ဝင်ပေါက်အနီးနှင့် ဘဲလမုကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ ဝင်ပေါက်အနီး၌ လည်းကောင်း၊ နံနက် ၁၀ နာရီခန့်တွင် မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကျွန်းချောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ဝင်ပေါက်အနီး၌ လည်းကောင်း NUG အမည်ခံ အကြမ်းဖက်အဖွဲ့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက "ကလေးသူငယ်များ ပညာသင်ကြားပေးနေမှုများအား ရပ်တန့်ရန်၊ တာဝန်ထမ်းဆောင်လျက်ရှိသည့် ပညာရေးဝန်ထမ်းများ CDM ပြုလုပ်ရန်နှင့် CDM မပြုလုပ်ပါက ပညာရေး ဝန်ထမ်းများ၏ အသက်အန္တရာယ်နှင့် လုံခြုံရေးကိုလုံးဝတာဝန်ယူမည် မဟုတ်ကြောင်း" အကြမ်းဖက်အဖွဲ့များ၏ အမည်များဖြင့် ခြိမ်းခြောက်ရေးသားထားသည့် ခြိမ်းခြောက်စာများအား ကျည်ဆန်များနှင့်အတူ လာရောက်ထားရှိကြောင်း သိရှိရသည်။

ယခုကဲ့သို့ အနာဂတ်လူငယ်လူရွယ်များ ပညာသင်ကြားမှုများ မပြုလုပ်နိုင်စေရန် ရည်ရွယ်၍ ဆရာ ဆရာမများ အကြောင်းမဲ့သတ်ဖြတ်ခြင်း၊ ကျောင်းအဆောက်အဦများနှင့် အခြား အုပ်ချုပ်မှုအဆောက်အဦများအား လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့သူများအား အမြန်ဆုံး ဖမ်းဆီးဖော်ထုတ်နိုင်ရေးအတွက် လုံခြုံရေး တပ်ဖွဲ့ဝင်များက ပြည်သူများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကျွန်းချောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ အကြမ်းဖက်သမားများက ကျည်တစ်တောင့်နှင့်အတူ ပေးပို့ခဲ့သည့် ခြိမ်းခြောက်စာ။



ပုလောမြို့နယ်တွင် နေအိမ်ပေါ်၌ မူလတန်းကလေးများအား စာသင်ကြားပေးနေစဉ် PDF အကြမ်းဖက်သမား နှစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့၍ သေဆုံးခဲ့သည့် ဦးချိန်မင်း။





မုံရွာမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်းကို PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

# ရေစကြိုမြို့နယ် ကျောက်လှေခါးကျေးရွာအနီးရှိ ပခုက္ကူ-ရေစကြိုကားလမ်း လမ်းအသုံးပြုခကောက်ခံသည့် Toll Gate အား PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖျက်ဆီး၊ ငွေများ လုယက်ယူဆောင်

**နေပြည်တော် ဇွန် ၁၁**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ကျောက်လှေခါးကျေးရွာအနီး ပခုက္ကူ-ရေစကြိုကားလမ်း လမ်းအသုံးပြုခ ကောက်ခံလျက်ရှိသည့် ထွန်းညိုလူကုမ္ပဏီပိုင် Toll Gate အနီးရှိ ဝန်ထမ်းနားနေဆောင်များကို ဇွန် ၁၀ ရက် ညနေ ၆ နာရီ ၄၅ မိနစ်ခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးပြီး ကားလမ်းပေါ်၌ မိုင်းထောင်ဖောက်ခွဲကာ လမ်းအသုံးပြုခကောက်ခံငွေများအား ခြိမ်းခြောက်လုယက်ယူဆောင်သွားကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ အဆိုပါ လမ်းအသုံးပြုခကောက်ခံရေးဂိတ်၌ ဝန်ထမ်းအမျိုးသား ငါးဦး၊ အမျိုးသမီး ငါးဦးဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်နေစဉ် လက်နက်ငယ်များ ကိုင်ဆောင်ထားသည့် PDF အမည်ခံအကြမ်းဖက်သမား ၂၀ ခန့်တို့က မော်တော်ဆိုင်ကယ် ၁၀ စီး၊ မော်တော်ယာဉ် တစ်စီးတို့ဖြင့် ရောက်ရှိလာပြီး ဝန်ထမ်းများကိုင်ဆောင်သည့် လက်ကိုင်ဖုန်းများအား သိမ်းဆည်း၍ လမ်းဘေး၌ မှောက်ခိုင်းထားကြောင်း၊ ထို့နောက် ဂိတ်အနီးရှိ ဝန်ထမ်း နားနေဆောင်များကို မီးရှို့ဖျက်ဆီး၍ မှန်များကို ရိုက်ခွဲဖျက်ဆီးကာ လမ်းအသုံးပြုခ ကောက်ခံရရှိ ငွေကျပ် သိန်း ၅၀ ကို ခြိမ်းခြောက် ယူဆောင်သွားကြောင်းနှင့် ဂိတ်အတွင်း ကားလမ်းပေါ်၌လည်း မိုင်းထောင်ဖောက်ခွဲမှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ Toll Gate ကို ၂၀၁၄ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး နေ့စဉ်လမ်းအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယခုကဲ့သို့ အများပြည်သူသွားလာနေသည့် လမ်းများကို ဖောက်ခွဲဖျက်ဆီးခြင်း၊ တာဝန် ထမ်းဆောင်နေသည့် ဝန်ထမ်းများကို ခြိမ်းခြောက်၍ ငွေများ လုယက်ခြင်းနှင့် အဆောက်အဦများကို ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေးအတွက် ပိတ်ဆို့ရှာဖွေခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



အကြမ်းဖက်အဖွဲ့က ဖျက်ဆီးခဲ့သည့် Toll Gate ။



အကြမ်းဖက်အဖွဲ့က ဖျက်ဆီးခဲ့သည့် ဝန်ထမ်းနားနေဆောင်။

# (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအလွန် ပြင်ဆင်ဆောင်ရွက်သွားသင့်သည့် အားကစားလုပ်ငန်းများ

**ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့သည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီး ဖြစ်ပါသည်။ နှစ်နှစ် တစ်ကြိမ် ပုံမှန်ကျင်းပလျက်ရှိသည့် ဒေသတွင်းအားကစားပြိုင်ပွဲကြီးတွင် ထိုက်သင့်သည့်အောင်မြင်မှုများ ရရှိစေရေးအတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီး ဌာနအနေဖြင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များနှင့် ပူးပေါင်းပြီး တစ်နှစ်ကျော်ခန့် ကြိုတင်ပြင်ဆင်စခန်းသွင်း လေ့ကျင့်ခဲ့ကြသည်။**

ကိုဌေး (ကနောင်)

ဝန်ကြီးဌာနအနေဖြင့် ပြိုင်ပွဲမတိုင်မီကတည်းက ဆုတံဆိပ် ရရှိနိုင်မှု မျှော်မှန်းချက်အဖြစ် ရွှေတံဆိပ် ၁၂ ခု၊ ငွေတံဆိပ် ၁၈ ခု၊ ကြေးတံဆိပ် ၃၀ စုစုပေါင်း ဆုတံဆိပ် ၆၀ ရရှိရန် မျှော်မှန်းထားကြောင်း ကြိုတင် သတင်းထုတ်ပြန်ခဲ့ပါသည်။ ပြိုင်ပွဲအပြီးတွင် ရွှေတံဆိပ် ကိုးခု၊ ငွေတံဆိပ် ၁၈ ခု၊ ကြေးတံဆိပ် ၃၅ ခု စုစုပေါင်း ဆုတံဆိပ် ၆၂ ခု ရရှိခဲ့သည့်အတွက် ဝန်ကြီးဌာနမှ ကြိုတင်မျှော်မှန်းထားသည့် ဆုတံဆိပ်အတိုင်း ရယူနိုင်ခဲ့သည်ကို တွေ့ရပါသည်။ ရရှိခဲ့သည့် ဆုတံဆိပ်များအနက် ရွှေတံဆိပ်အရေအတွက်သာ အနည်းငယ်လျော့နည်းခဲ့သော်လည်း ငွေ၊ ကြေး ဆုတံဆိပ်ရရှိမှုအနေဖြင့် မျှော်မှန်းချက်အတိုင်း ပြည့်မီစွာ ရရှိခဲ့ပါသည်။ ပြိုင်ပွဲထုံးစံအတိုင်း ရွှေမျှော်မှန်း အားကစားနည်းများ ငွေတံဆိပ်ဖြစ်သွားခြင်း၊ ငွေမျှော်မှန်းအားကစားနည်းများ ကြေးတံဆိပ်ဖြစ်သွားခြင်းများကြောင့် မျှော်မှန်းဆုတံဆိပ် အနည်းငယ်အပြောင်းအလဲ ဖြစ်သွားခြင်းများ ဖြစ်နိုင်ပါသည်။ မည်သို့ဆိုစေ မျှော်မှန်းထားသည့် ဆုတံဆိပ်အရေအတွက်အတိုင်း ရယူနိုင်ခဲ့ကြသည် ဖြစ်၍ အားလုံးတာဝန်ကျေခဲ့ကြပါသည်။




Kurash အားကစားနည်း +၈၇ ကီလိုတန်း၌ မြန်မာအားကစားသမား မအေးအေးအောင်နှင့် ဖိလစ်ပိုင်အားကစားသမား TANGCONTIAN SYDNEY SY တို့ ယှဉ်ပြိုင်ကစားစဉ်။ (မအေးအေးအောင်သည် အဆိုပါကစားနည်းမှ မြန်မာနိုင်ငံအတွက် ပထမဆုံး ရွှေတံဆိပ်ကို ရယူပေးခဲ့သည်)

**" အားကစားဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၏အုပ်ချုပ်စီမံမှု၊ တွန်းအားပေးကြပ်မတ်ဆောင်ရွက်မှု၊ ပံ့ပိုးဖြည့်ဆည်းမှုကောင်းမွန်ခြင်း၊ ပြိုင်ပွဲဝင်အားကစားသမားများ၏ အနိုင်မခံအရှုံးမပေး စိတ်ဓာတ်ဖြင့် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်မှုများကြောင့် အားကစားနည်း ၂၀ မှ ပြိုင်ပွဲဝင်အားကစားသမား ၂၉၃ ဦးအနက် အားကစားသမား ၁၁၆ ဦးက ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ရယူပေးနိုင်ခဲ့သည့်အတွက် ပျမ်းမျှအားဖြင့် ပြိုင်ပွဲဝင်အားကစားသမား သုံးဦးလျှင် တစ်ဦးက နိုင်ငံအတွက် ဆုတံဆိပ်တစ်ခု ရယူပေးနိုင်ခဲ့ခြင်းဖြစ်၍ ယခုနှစ်** SEA Games **ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမားများ တာဝန်ကျေခဲ့ကြပါသည် "**

**ယခုနှစ် SEA Games ပြိုင်ပွဲ၏ ထူးခြားချက်**

ယခုနှစ် SEA Games ပြိုင်ပွဲကြီး၏ ထူးခြားချက်တစ်ခုမှာ ပုံမှန် တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည့် အမျိုးသမီးဘောလုံးအသင်းအနေဖြင့် ယခင်က အစဉ်အလာမရှိခဲ့သည့် ဖိလစ်ပိုင်အမျိုးသမီးဘောလုံးအသင်းအား ရှုံးနိမ့်ပြီး တတိယနေရာကို လက်လွှတ်ခဲ့ရသည့်အတွက် ဘောလုံးချစ်ပရိသတ်များ၏ မကျေမနပ်ရင်ဖွင့်သံများကိုလည်း ကြားသိမြင်တွေ့ခဲ့ရပါသည်။ ထို့ပြင် ပြိုင်ပွဲတွင် ဘောလုံး (ကျား၊ မ)၊ ဖူဆယ် (ကျား၊ မ)၊ စစ်တုရင်၊ ဂေါက်သီး၊ ဘော်လီဘောနှင့် E-Sports အားကစားနည်းများ အနေဖြင့် ဆုတံဆိပ်များနှင့် ဝေးကွာခဲ့ရပါသည်။

**အားကစားသမားများ၏ ကြိုးစားယှဉ်ပြိုင်မှု ရလဒ်**

ပြိုင်ပွဲကြီးတစ်ခုလုံးအား သုံးသပ်ရလျှင် အားကစားဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၏ အုပ်ချုပ်စီမံမှု၊ တွန်းအားပေး ကြပ်မတ်ဆောင်ရွက်မှု၊ ပံ့ပိုးဖြည့်ဆည်းမှုကောင်းမွန်ခြင်း၊ ပြိုင်ပွဲဝင်အားကစားသမားများ၏ အနိုင်မခံ အရှုံးမပေး စိတ်ဓာတ်ဖြင့် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်မှုများကြောင့် အားကစားနည်း ၂၀ မှ ပြိုင်ပွဲဝင်အားကစားသမား ၂၉၃ ဦးအနက် အားကစားသမား ၁၁၆ ဦးက ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ရယူပေးနိုင်ခဲ့သည့်အတွက် ပျမ်းမျှအားဖြင့် ပြိုင်ပွဲဝင်အားကစားသမား သုံးဦးလျှင် တစ်ဦးက နိုင်ငံအတွက် ဆုတံဆိပ် တစ်ခု ရယူပေးနိုင်ခဲ့ခြင်းဖြစ်၍ ယခုနှစ် SEA Games ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမားများ တာဝန်ကျေခဲ့ကြပါသည်။

**နည်းလမ်းပေါင်းစုံ ဝိုင်းဝန်းကြိုးပမ်းအဖြေရှာ**

(၃၁)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးတွင် အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရအောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သလို လာမည့်နိုင်ငံတကာအားကစားပြိုင်ပွဲများနှင့် ၂၀၂၃ ခုနှစ် မေလ ၅ ရက်နေ့မှ ၁၇ ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးတွင် ယခုထက် ဆုတံဆိပ်များ ပိုမိုရရှိနိုင်ရေးနှင့် နိုင်ငံအလိုက် ရပ်တည်မှုအဆင့် (၇)နေရာမှ အထက်သို့ တက်လှမ်းနိုင်ရေးအတွက် အားကစားဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများအနေဖြင့် နည်းလမ်းပေါင်းစုံဖြင့် ဝိုင်းဝန်းကြိုးပမ်းအဖြေရှာကြဖို့ လိုအပ်နေပြီဟုလည်း ဆိုချင်ပါသည်။ မည်သည့်ပြိုင်ပွဲအမျိုးအစားတွင်မဆို ပြိုင်ပွဲပြီးဆုံးပါက အားနည်းချက်၊ အားသာချက်များကို အပြုသဘောခြုံငုံသုံးသပ်၍ လာမည့်ပြိုင်ပွဲများအတွက် ပြန်လည်ပြင်ဆင်ရခြင်းမှာလည်း လုပ်ငန်းစဉ်တစ်ခုဖြစ်သည်ကို မမေ့သင့်ပါ။



ဆီးဂိမ်းပြိုင်ပွဲအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်စဉ်။

**ပြိုင်ပွဲတွင် ဆုတံဆိပ်လျော့နည်းရခြင်း အကြောင်းရင်းများ**

မြန်မာနိုင်ငံအနေဖြင့် SEA Games ပြိုင်ပွဲတိုင်းတွင် အားကစားနည်းအလိုက် ဆုတံဆိပ်ရရှိမှု လျော့နည်းခြင်းနှင့် နိုင်ငံအလိုက် ရပ်တည်မှုအဆင့် ပုံမှန်ရပ်တည်နေခြင်း အကြောင်းရင်းများကို ဆန်းစစ်ပါက အောက်ပါအချက်များအပေါ် သုံးသပ်အဖြေရှာ၍ ရေတို/ရေရှည်အစီအမံများဖြင့် ပြုပြင်ဆောင်ရွက်သွားရန် လိုအပ်မည်ဟုလည်း မြင်မိပါသည်–

**(၁) အားကစားနည်းအလိုက် မျိုးဆက်သစ် ပေါ်ထွက်မှု အားနည်းခြင်း**

လွန်ခဲ့သည့် ဆယ်စုနှစ် (၃/၄) ခုလောက်မှစ၍ မြန်မာ့အားကစား တဖြည်းဖြည်း ကျဆင်းလာခဲ့ပြီး ကျဆင်းလာရသည့် အကြောင်းရင်း များစွာရှိသည့် အနက် အားကစားနည်းအလိုက် မျိုးဆက်သစ်များ ပေါ်ထွက်မှု အားနည်းလာရခြင်းမှာ အဓိက အကြောင်းရင်းဖြစ်ပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံအနေဖြင့် ပြေးခုန်ပစ်နှင့် ရေကူးအားကစားသမား မျိုးဆက်သစ်ပေါ်ထွက်မှု သိသာစွာနည်းပါးခဲ့ခြင်းဖြစ်ကြောင်း တွေ့ရပါသည်။ ယခု ကျင်းပပြီးစီးခဲ့သည့် SEA Games ပြိုင်ပွဲတွင် ရေကူးအားကစားနည်း ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုနိုင်ခဲ့ခြင်းမှာ သိသာလှသည့် သာဓကဖြစ်ပြီး ပြေးခုန်ပစ်အားကစားနည်းအနေဖြင့် အင်ပြည့်အားပြည့် ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုနိုင်ခြင်းကြောင့် နိုင်ငံအလိုက် အဆင့် (၇) နေရာမှ အထက်သို့ မတက်နိုင်ရခြင်း၏ အဓိကအကြောင်းရင်း ဖြစ်ခဲ့ပါသည်။

အဘယ်ကြောင့်ဆိုသော် ပြေးခုန်ပစ်ပြိုင်ပွဲမှ (ကျား+မ) ပြိုင်ပွဲ နှစ်ရပ်ပေါင်း ရွှေတံဆိပ် ၄၆ ခု ချီးမြှင့်ခြင်းဖြစ်ပြီး ရေကူးပြိုင်ပွဲတွင်လည်း ဒိုင်ဗင်အားကစားနည်းအပါအဝင် (ကျား+မ) ပြိုင်ပွဲ နှစ်ရပ်ပေါင်း အများဆုံး ရွှေတံဆိပ် ၆၀ ကျော်အထိ ချီးမြှင့်ခြင်းဖြစ်သည့်အတွက် အားကစားနည်း နှစ်ခုမှ ရွှေတံဆိပ် ၁၀၀ ကျော် ချီးမြှင့်သော်လည်း မြန်မာနိုင်ငံအနေဖြင့် ရွှေတံဆိပ် တစ်ခုပင် ရယူနိုင်ခဲ့ခြင်း မရှိသည်ကို တွေ့ရပါသည်။

အဆိုပါ အားကစားနည်း နှစ်မျိုးမှ ပြိုင်ပွဲဝင်နိုင်ငံအများစုအနေဖြင့် ဆုတံဆိပ်များ အချိုးကျခွဲဝေယူသွားခဲ့ခြင်းကြောင့် ပြိုင်ပွဲမစတင်မီကတည်းက အဆင့်(၁)မှ အဆင့် (၆) အထိ မြန်မာနိုင်ငံအထက်မှ ရပ်တည်နေသည့် ပြိုင်ဘက်နိုင်ငံများက ရွှေတံဆိပ် ၁၀ ခု အထက်ကို ပြေးခုန်ပစ်နှင့် ရေကူးအားကစားနည်းများမှ အချိုးကျ ခွဲဝေရယူသွားကြခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ ပြေးခုန်ပစ်နှင့် ရေကူးအပါအဝင် အားကစားနည်းအလိုက် မျိုးဆက်သစ်များ ပေါ်ထွက်ရေးအတွက်လည်း ရေတိုရေရှည် စီမံချက်များ ချမှတ်ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

ထို့ပြင် အသင်းလိုက်အားကစားနည်းများ ဖြစ်ကြသည့် ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ဟော်ကီ၊ ဖူဆယ်၊ ခရစ်ကက်တို့သည် အနည်းဆုံးကစားသမား အင်အား ၁၀ ဦးအထက် ရွေးချယ်ယှဉ်ပြိုင်ရပြီး ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ် ရရှိရန် မသေချာသည့်အတွက်လည်းကောင်း၊ အခြားပြိုင်ဘက်အသင်းများနှင့် ယှဉ်လျှင် ခန္ဓာကိုယ်ကြံ့ခိုင်မှု၊ အသင်းလိုက်လုပ်ဆောင်မှု၊ နည်းစနစ်/နည်းဗျူဟာများနှင့် အရပ်အနိမ့်အမြင့် ကွာဟမှုများကြောင့်လည်းကောင်း တဖြည်းဖြည်း အဆင့်နိမ့်ကျလာသည်ကိုလည်း ရေတို/ရေရှည် စီမံကိန်းများ ချမှတ်၍ ပြင်ဆင်ဆောင်ရွက်သွားရန်လည်း လိုအပ်လျက်ရှိနေကြောင်း တွေ့ရှိရပါသည်။

မြန်မာ့အားကစား ရွှေခေတ်ကာလများကို ပြန်ကြည့်ပါက နိုင်ငံအတွက် ဆုတံဆိပ်အများဆုံး ရယူပေးနိုင်ခဲ့သည့် အားကစားနည်းများတွင် ပြေးခုန်ပစ်အားကစားနည်းအနေဖြင့် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိနေသည်ကို မှတ်တမ်းမှတ်ရာများမှ သက်သေခံလျက် ရှိနေပါသည်။ ၎င်းအပြင် ဘောလုံး၊ ရေကူး၊ သေနတ်ပစ်၊ အလေးမ၊ လက်ဝှေ့၊

*စာမျက်နှာ ၁၁ သို့*

# မလှိုင်မြို့၏ အကြီးဆုံး ရုပ်တော်မူရုပ်ပွားတော်ကြီးအား အများပြည်သူဖူးမြော်နိုင်ရန် တည်ထားလျက်ရှိ



မလှိုင် ဇွန် ၁၁

**မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ကုန်းတဲအုပ်စု ကုန်းတဲ(မြောက်)ရွာတွင် မလှိုင်မြို့ အကြီးဆုံး ရုပ်တော်မူရုပ်ပွားတော်ကြီးအား အများပြည်သူဖူးမြော်နိုင်ရန် တည်ထားလျက်ရှိနေကြောင်း ကုန်းတဲမြောက်ရွာ ရွာဦးကျောင်းဆရာတော်ထံမှ သိရသည်။**

ကုန်းတဲမြောက်ရွာ၌ တည်ဆောက်နေသည့် "ကြံ့တိုင်းအောင် အဘယလာဘမုနိ ရုပ်တော်မူ ဘုရားကြီး၏ ဉာဏ်တော်အမြင့်မှာ ၂၇ ပေရှိပြီး ပလ္လင်တော်အကျယ် အမြင့် ၅ ပေ ဘုရားကြီး ရင်ပြင်တော်အကျယ်မှာ တောင်မြောက် ၆၅ ပေ၊ အရှေ့အနောက် ပေ ၆၀ ရှိကာ မလှိုင်မြို့နယ်တွင် အကြီးဆုံး ရုပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်ဖြစ်ကြောင်း" ဆရာတော်ထံမှ သိရသည်။

ကုန်းတဲမြောက်ရွာရှိ "ကြံ့တိုင်းအောင် အဘယလာဘမုနိ ရုပ်တော်မူ ဆင်းတုတော်ဘုရားကြီး" တည်ဆောက်ရန် ဆရာတော်က ဆန္ဒရှိနေသော်လည်း ငွေကြေးလိုအပ်ချက်ရှိနေသောကြောင့် Facebook လူမှုကွန်ရက်စာမျက်နှာမှတင်၍ အလှူခံ၍သော်လည်းကောင်း၊ မိတ်ဆွေအပေါင်းအပါများအား လှူဒါန်းရန် နှိုးဆော်ခြင်းဖြင့် လည်းကောင်း ရုပ်တော်မူရုပ်ပွားတော်ကြီး တည်ဆောက်နိုင်ရန် ကြိုးစားရာမှ စုပေါင်းလှူဒါန်းငွေဖြင့် ဖူးမြော်ခွင့်ရရှိပြီဖြစ်ပြီး လာမည့် နယုန်လပြည့်နေ့တွင် ဌာပနာပိတ်ပွဲ ကျင်းပမည်ဖြစ်ကြောင်း၊ ဆက်လက်၍ ရုပ်တော်မူရုပ်ပွားတော်ကြီး၏ ကျန်ရှိလုပ်ငန်းများအား ဆောင်ရွက်နိုင်ရေးအတွက် အလှူရှင်များအား လှူဒါန်းနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။

ကုန်းတဲမြောက်ရွာရှိ "ကြံ့တိုင်းအောင် အဘယလာဘမုနိ ရုပ်တော်မူ ဆင်းတုတော်ဘုရားကြီး"၏ ဉာဏ်တော်အမြင့် ၂၇ ပေ တည်ဆောက်ခြင်းမှာ နောင်လာနောက်သားများ ဂေါတမဘုရားရှင်အရုပ်တော်အား မှတ်မိသတိရစေရန် တည်ဆောက်ခဲ့ခြင်းဖြစ်၍ ကြည်နူးဖွယ်ကောင်းကြောင်း ဆင်းတုတည်ဆောက်သည့် မြန်မာမှုပညာရှင် ဦးစိုးမြင့်က ပြောသည်။

**ဘိုဘို(မလှိုင်)**

# ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**မအူပင် ဇွန် ၁၁**

မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ကြီးကြပ်မှု၊ မအူပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ဦးဆောင်မှုဖြင့် **"ငါးသယံဇာတထိန်းသိမ်းရေး ဝိုင်းဝန်းပါဝင်ဆောင်ရွက်ပေး"** စာသားပါ မြေစိုက်ပိုစတာစိုက်ထူခြင်းနှင့် ငါးလုပ်ငန်းပညာပေး လက်ကမ်းစာဆောင်များ ဖြန့်ဝေပေးခြင်းကို ယနေ့တွင် မအူပင်မြို့အဝင်၊ မအူပင်တံတားအဆင်း၊ တလုပ်လပ်အရှေ့ကျေးရွာ၌ ဆောင်ရွက်သည်။

သဘာဝ ငါးသယံဇာတပြုန်းတီးမှုမဖြစ်ပေါ်စေရန် ပြည်သူများလိုက်နာရမည့် ရေချို ရေငန် ငါးလုပ်ငန်းဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များနှင့် တားမြစ်ထားသော ငါးဖမ်းကိရိယာများဖြင့် ငါးဖမ်းဆီးခြင်းများ မပြုလုပ်ကြရန် စသည့်အချက်များပါဝင်သော မြေစိုက်ပိုစတာကို မအူပင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစန်းဝင်းနှင့် ဝန်ထမ်းများ၊ မအူပင်မြို့နယ် ငါးလုပ်ငန်းစခန်းတာဝန်ခံများနှင့် ဝန်ထမ်းများ၊ ကျေးလက်ပြည်သူများနှင့် ရေလုပ်သားအစုအဖွဲ့ဝင်များ ပါဝင်စိုက်ထူခဲ့ပြီး ငါးလုပ်ငန်းပညာပေး လက်ကမ်းစာစောင်များကို ခရီးသွားပြည်သူများသို့ အခမဲ့ဖြန့်ဝေပေးသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်နှင့် မော်လမြိုင်ကျွန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ငါးသယံဇာတထိန်းသိမ်းရေးအတွက် ပညာပေးဟောပြောခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် မြေစိုက်ပိုစတာစိုက်ထူခြင်းလုပ်ငန်းများကို ဇွန် ၁၁ ရက်က မော်လမြိုင်ကျွန်းမြို့နယ် အမှတ်( ၈ )ရပ်ကွက်တွင် ပြုလုပ်သည်။

ပညာပေးဟောပြောပွဲကို လပွတ္တာခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ဝါဝါသိန်းနှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဒေါ်နှင်းရည်စိုးတို့က ပညာပေးဟောပြောပြီး ဒေသခံ ရေလုပ်သား ၆၀ တို့ကို ပညာပေး လက်ကမ်းစာဆောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။ **သတင်းစဉ်**


*စာမျက်နှာ ၁၀ မှ*

ဘော်လီဘောနှင့် ကျွမ်းဘားအားကစားနည်းများသည်လည်း ရွှေရောင်လွှမ်းခဲ့သည့် အားကစားနည်းများ ဖြစ်ခဲ့ပါသည်။

**(၂) အားကစားနှင့် ပညာရေး ပူးပေါင်းဆောင်ရွက်**

အားကစားနည်းအလိုက် မျိုးဆက်သစ်များ ပေါ်ထွက်မှု အားနည်းခဲ့ရခြင်းသည် အားကစားနှင့် ပညာရေး ထိထိမိမိ ပေါင်းစပ်ဆောင်ရွက်နိုင်မှု အားနည်းချက်ကြောင့် ဖြစ်ပါသည်။ လူငယ်လူရွယ် အမြောက်အမြား တစ်စုတစ်ဝေးတည်း ရှိနေသည့် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်/ကောလိပ်များတွင် ကျောင်းသား ကျောင်းသူများအနေဖြင့် P.T ချိန်များတွင် အားကစားလေ့ကျင့်လိုက်စားခွင့် ပြည့်ပြည့်ဝဝမရရှိခြင်း၊ အားကစားနည်းအလိုက်/မေဂျာအလိုက် ကျောင်းတွင်းအားကစားပြိုင်ပွဲများ ပြုလုပ်မပေးနိုင်ခြင်း၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်/ကောလိပ်များတွင် အားကစားကွင်း/အားကစားရုံ၊ အားကစားအထောက်အကူပြုပစ္စည်းများ ပြည့်ပြည့်စုံစုံ ဆောင်ရွက်မပေးနိုင်ခြင်း၊ အားကစားဘာသာရပ်ကို သင်ကြားပေးမည့် P.E ဆရာများ လုံလုံလောက်လောက် ခန့်ထားမပေးနိုင်ခြင်း၊ အခြေခံပညာကျောင်းပေါင်းစုံ၊ တက္ကသိုလ်/ကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများမှသည် ကျောင်းသားအားကစားပွဲတော်များအထိ ပုံမှန်ကျင်းပမပေးနိုင်ခြင်းများသည်လည်း အားကစားနည်းအလိုက် မျိုးဆက်သစ်ပေါ်ထွက်ရန် အဓိက အဟန့်အတား/အားနည်းချက်များ ဖြစ်ပါသည်။

သို့ဖြစ်၍ အားကစားနှင့်ပညာရေး ထိထိမိမိ ပေါင်းစပ်ဆောင်ရွက်နိုင်ရေးအတွက် ယခင်က အားကစားနှင့်ပညာရေးပေါင်းစပ်မှုဦးစီးကော်မတီ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ သို့သော်လည်း



ကာယဗလနှင့် ကာယအလှပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ မောင်ရဲထွန်းနောင်၏ ယှဉ်ပြိုင်မှု ပြကွက်။



ဝူရှူးပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရ မစန္ဒီဦး၏ ယှဉ်ပြိုင်မှု။

ကော်မတီအနေဖြင့် ရေရှည်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပညာရေးနှင့် အားကစားဌာနတို့ ပူးပေါင်းပြီး ခိုင်မာသည့်စီမံချက်များ ရေးဆွဲဆောင်ရွက်မှုအားနည်းခဲ့ခြင်းကြောင့် ကောင်းမွန်သည့် ရလဒ်များ ပေါ်ထွက်လာခြင်း မရှိခဲ့ပါ။ အဆိုပါ ကော်မတီအနေဖြင့်လည်း ပညာရေးဌာနမှ အဓိကတာဝန်ယူပြီး အားကစားဌာနမှ ပူးပေါင်းဆောင်ရွက်ရခြင်းဖြစ်၍ အားကစားနှင့် ပညာရေး ထိထိမိမိ ပူးပေါင်းဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်ရန်လည်း အထူးလိုအပ်နေပြီ ဖြစ်ပါသည်။

> ❐ **မြန်မာ့အားကစား တဖြည်းဖြည်းကျဆင်းလာရသည့် အကြောင်းရင်းများစွာရှိသည့်အနက် အားကစားနည်းအလိုက် မျိုးဆက်သစ်များ ပေါ်ထွက်မှုအားနည်းလာရခြင်းမှာ အဓိကအကြောင်းရင်းဖြစ်ပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံအနေဖြင့် ပြေးခုန်ပစ်နှင့် ရေကူးအားကစားသမား မျိုးဆက်သစ်ပေါ်ထွက်မှု သိသာစွာနည်းပါးခဲ့ခြင်းဖြစ်ကြောင်း တွေ့ရပါသည်**

အားကစားနှင့်ပညာရေး ထိထိမိမိပူးပေါင်းဆောင်ရွက်နိုင်မှုမရှိ၍ အားကစားနည်းအလိုက် မျိုးဆက်သစ်များ ပေါ်ထွက်မှုအားနည်းခြင်း၏ အကျိုးဆက်ကြောင့် နှစ်နှစ် တစ်ကြိမ် ပုံမှန်ကျင်းပလျက်ရှိသည့် ဒေသတွင်းအားကစားပြိုင်ပွဲဖြစ်သော SEA Games ပြိုင်ပွဲ အပါအဝင် ASEAN University Games နှင့် ASEAN School Games ပြိုင်ပွဲများတွင်လည်း မြန်မာနိုင်ငံအနေဖြင့် အောင်မြင်မှုနှင့် အလှမ်းဝေးနေမည်သာ ဖြစ်ပါသည်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် အားကစားနှင့်ပညာရေး ပေါင်းစပ်ဆောင်ရွက်သည့် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများကိုလည်း တစ်နှစ်ထက် တစ်နှစ် တိုးချဲ့ဖွင့်လှစ်ခဲ့ရာ ယခုဆိုလျှင် ကျောင်း ရှစ်ကျောင်း ရှိပြီဖြစ်သည်။

လက်ရှိ ဖွင့်လှစ် ဆောင်ရွက်နိုင်သည့် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး၊ မုံရွာ၊ လှိုင်ကော်) များတွင် နှစ်စဉ်သင်တန်းသားများ ပုံမှန်ရွေးချယ်ခဲ့သော်လည်း ထူးချွန်သည့် မျိုးဆက်သစ်အားကစားသမား ထွက်ပေါ်လာမှုနည်းပါးနေခြင်းအပေါ် အားကစားနည်းအလိုက် နည်းပြဆရာများ ခန့်အပ်တာဝန်ပေးမှု၊ နည်းပြများအနေဖြင့် သတ်မှတ်နည်းပြသင်တန်းများ တက်ရောက်ပြီးစီးမှု၊ နည်းပြအရည်အချင်းပြည့်ဝမှု၊ စေတနာထားဆောင်ရွက်မှုနှင့် အားကစားသမားအင်အားဖောင်းပွမှုစသည့် အခြေအနေများကိုလည်း ပြန်လည်သုံးသပ်ရန် လိုအပ်လှပေသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၆-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၀၅ | ၂၃၅၀ | ၂၃၄၅ | ၂၃၁၅ | ၂၃၅၀ | ၂၃၇၀ | ၂၃၆၀ | ၂၃၃၅ | ၂၄၃၀ | ၂၄၄၅ | ၂၃၄၅ | ၂၃၅၀ | ၂၃၈၅ | ၂၃၈၅ | ၂၃၉၀ | ၂၆၁၀ | ၂၇၆၀ |
| 95 Ron | ၂၃၇၀ | ၂၄၁၅ | ၂၄၁၅ | ၂၃၈၀ | ၂၄၁၅ | ၂၄၄၀ | ၂၄၂၅ | ၂၄၀၀ | ၂၄၉၅ | ၂၅၁၀ | ၂၄၁၀ | ၂၄၂၅ | ၂၄၅၀ | ၂၄၅၀ | ၂၄၅၅ | ၂၆၇၅ | ၂၈၁၅ |
| HSD (500 ppm) | ၂၆၁၀ | ၂၆၅၅ | ၂၆၅၀ | ၂၆၂၀ | ၂၆၅၅ | ၂၆၈၀ | ၂၆၇၅ | ၂၆၄၀ | ၂၇၅၅ | ၂၇၅၀ | ၂၆၅၀ | ၂၆၅၅ | ၂၆၉၀ | ၂၆၉၀ | ၂၆၉၅ | ၂၉၁၅ | ၂၉၅၅ |
| HSD (50 ppm) | ၂၆၄၀ | ၂၆၈၅ | ၂၆၈၀ | ၂၆၄၅ | ၂၆၈၅ | ၂၇၀၅ | ၂၇၀၀ | ၂၆၇၀ | ၂၇၈၅ | ၂၇၈၀ | ၂၆၇၅ | ၂၆၈၅ | ၂၇၂၀ | ၂၇၂၀ | ၂၇၂၅ | ၂၉၄၀ | ၂၉၈၅ |
| HSD (10 ppm) | ၂၆၄၀ | ၂၆၈၅ | ၂၆၈၀ | ၂၆၄၅ | ၂၆၈၅ | ၂၇၀၅ | ၂၇၀၀ | ၂၆၇၀ | ၂၇၈၅ | ၂၇၈၀ | ၂၆၇၅ | ၂၆၈၅ | ၂၇၂၀ | ၂၇၂၀ | ၂၇၂၅ | ၂၉၄၀ | ၂၉၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၉၈ | ၂၂၇၅ |
| 95 Ron | ၂၂၆၁ | ၂၃၄၀ |
| HSD (500 ppm) | ၂၄၉၄ | ၂၅၇၃ |
| HSD (50 ppm) | ၂၅၂၂ | ၂၆၀၂ |
| HSD (10 ppm) | ၂၅၂၂ | ၂၆၀၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲလျက်ရှိပါသည်။

၂။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ ရောင်းချနေသည့်အလှကုန်ပစ္စည်းများကိုစစ်ဆေးခဲ့ရာ အောက်ဖော်ပြပါ အလှကုန်ပစ္စည်း(၄)မျိုးသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်းများပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူလူထု သုံးစွဲရန် မသင့်တော်ပါကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အလှကုန်ပစ္စည်း အမည် | ထုတ်လုပ်သည့် ကုမ္ပဏီ | တွေ့ရှိချက် | ပစ္စည်းနမူနာ |
|---|---|---|---|---|
| ၁။ | Huncihbeauty – Fashion 2 in 1 Lipstick & Lipgloss | – | Rhodamine B (+) |  |
| ၂။ | PRIM PERFECT – Herbal Toothpaste | ထိုင်းဘာသာဖြင့် ဖော်ပြထားသည်။ | (DEG) Diethylene glycol(+) |   |
| ၃။ | Collagen Plus Vit E – Day & Night Cream | ဖော်ပြမထားပါ။ | Mercury (+) (Detected in Night Cream) |   |
| ၄။ | Princess – Whitening Night Cream | ထိုင်းဘာသာဖြင့် ဖော်ပြထားသည်။ | Mercury (+) |   |

၃။ တားမြစ်ဓာတုပစ္စည်းများသည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ စုပ်ယူ၍ ထုံကျင်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့်စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါက ကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများ ဖြစ်ပွားနိုင်ပါသည်။

၄။ အလှကုန်ပစ္စည်း တင်သွင်းဖြန့်ဖြူးရောင်းချသည့်ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိသော အများပြည်သူ သုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် အလှကုန်ပစ္စည်းများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ် (Ethic)အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၊ အပိုဒ် (၃)(ဃ) အရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

■ *ကျော့ဖုံးမှ*

ပြည်ပသို့တင်ပို့သော တန်းမြင့်ဆန်ဖြစ်သည့် ပေါင်းဆန်များကို ဥရောပဈေးကွက်သို့ အဓိကတင်ပို့လျက်ရှိရာ ထိုသို့တင်ပို့ရာ၌ နိုင်ငံခြားငွေလဲနှုန်းပေါ်တွင် သက်ရောက်မှုမရှိသော်လည်း အခြေခံကျသော ဆန်တင်ပို့မှုတွင် အနည်းငယ်ထိခိုက်မှုရှိ၍ သက်ဆိုင်ရာနှင့် ညှိနှိုင်းမှုဖြင့် အခက်အခဲဟူသမျှကို ကျော်ဖြတ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကာ မြန်မာ့ဆန်ကို ဥရောပ၊ တရုတ်၊ အာဆီယံနိုင်ငံအချို့နှင့် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့လျက်ရှိသည်။

ပြည်ပတင်ပို့မှုအတွက် ဆန်ကွဲလိုအပ်ချက်ရှိပြီး ပြည်တွင်းမွေးမြူရေးလုပ်ငန်းအတွက် ဖွဲနု၊ ဆန်ကွဲနှင့် ယမကာချက်လုပ်သော လုပ်ငန်းအတွက် ဆန်ကွဲကို ဖြည့်ဆည်းပေးလျက်ရှိသည်။ မြန်မာ့ဆန်ကွဲကို ဥရောပနှင့် တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံဖြစ်သော ဘင်္ဂလားဒေ့ရှ်သို့တင်ပို့လျက်ရှိကာ ပြည်တွင်းလိုအပ်ချက်နှင့် ပြည်ပတင်ပို့မှုထိန်းညှိရန် လိုအပ်လျက်ရှိသည်။

၂၀၂၁ ခုနှစ်တွင် ငွေကြေးလည်ပတ်မှု လုပ်ငန်းအခက်အခဲများရှိခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် မနှစ်ကထက် ပိုမိုကောင်းမွန်ခဲ့ကာ ပုံမှန်အခြေအနေသို့ မရောက်သေးဘဲ ငွေကြေးလည်ပတ်မှုလုပ်ငန်းအနေဖြင့် ဆန်စပါးနှင့် လယ်ယာဖွံ့ဖြိုးရေးကဏ္ဍတွင် သက်ရောက်မှုရှိခဲ့ရာ မိုးစပါးမပေါ်မီ ဇူလိုင်နှင့် ဩဂုတ်နှစ်လတာကာလတွင် ဆန်နှင့်ဆန်ကွဲ တည်ငြိမ်သော ဈေးကွက်တစ်ခုဖြစ်ပေါ်ရန် ကုန်စည်ဒိုင်များကုန်စည်စီးဆင်းမှု၊ ဆန်ပိုဒေသနှင့်ဆန်လိုဒေသ ချိန်ညှိဆောင်ရွက်မှုနှင့် နယ်ဒေသတို့တွင် ဆန်စပါးလက်ကျန်အခြေအနေတို့ကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ဆန်စပါးရောင်းဝယ်သူများ ညှိနှိုင်း၍ အကောင်းဆုံးဆောင်ရွက်ထားကြောင်း၊ မြေဩဇာဈေးနှုန်းကြီးမြင့်မှု၊ သယ်ယူစရိတ်ကြီးမြင့်မှုနှင့် ဆန်စက်များ လည်ပတ်မှုကျဆင်းမှုကြောင့် ပြည်တွင်းဆန်ဈေးနှုန်း အနည်းငယ်မြင့်တက်ခဲ့မှုဖြင့် အခြေခံစားသုံးဆန်တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀ ခန့်နှင့် ဆန်ကွဲနှင့် ကောက်ညှင်းဆန်ဈေးနှုန်း မြင့်တက်ခဲ့သော်လည်း မိုးရာသီနှစ်လတာတွင် ဆန်ဈေးကွက်တည်ငြိမ်မှုအတွက် ပြင်ဆင်ဆောင်ရွက်ထားကြောင်း သိရသည်။

ဆန်နှင့် ဆန်ကွဲကို ပြည်ပပို့ကုန်နှင့် ပြည်တွင်းစားသုံးမှုဖူလုံရန်နှင့် ဈေးနှုန်းတည်ငြိမ်ရန် မြန်မာနိုင်ငံဆန်စပါးအသင်းအနေဖြင့် ဆောင်ရွက်လျက်ရှိပြီး ပြည်ပသို့ လစဉ်ဆန်တန်ချိန် နှစ်သိန်း တင်ပို့လျက်ရှိကာ ယခုဘဏ္ဍာရေးနှစ်တွင် ဆန်မက်ထရစ်တန်ချိန် နှစ်သန်း တင်ပို့နိုင်ရန် ရည်မှန်းဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။

**ညိမ်းသူ (သတင်းစဉ်)၊ ဓာတ်ပုံ – ကနူး**

# ကမ္ဘောဒီးယားနိုင်ငံတွင် ယခုနှစ် ပထမငါးလအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုမြင့်တက်

**ဖနောင်ပင် ဇွန် ၁၁**

ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ် ပထမငါးလအတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားမှုမှာ ၁၃၅၄ မှု ရှိပြီး ၂၀၂၁ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၀၀ ရာခိုင်နှုန်းကျော် မြင့်တက်လာကြောင်း ဇွန် ၁၁ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ယခုနှစ် ဇန်နဝါရီလမှ မေလအတွင်း သွေးလွန်တုပ်ကွေးရောဂါကြောင့် ကလေး သုံးဦးသေဆုံးကြောင်း၊ မိုးဦးရာသီတွင် မိုးရွာသွန်းမှုများလာခြင်းကြောင့် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုမြင့်တက်လာခြင်း ဖြစ်ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။ သွေးလွန်တုပ်ကွေးရောဂါသည် နေ့တွင်ကိုက်သည့် အေဒီးစ်ခြင်ကိုက်ခံရခြင်းကြောင့် ဖြစ်ပွားသည့် ရောဂါတစ်မျိုးဖြစ်သည်။



ဖနောင်ပင်မြို့တွင် ကလေးများ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသဖြင့် ဆေးရုံသို့သွားနေသည်ကို တွေ့ရစဉ်။

ပြည်သူများအနေဖြင့် မိမိတို့ အိမ်ပတ်ဝန်းကျင်တွင်ရှိသည့် ခြင်ပေါက်ပွားရာ နေရာများဖြစ်သည့် ဗွက်အိုင်များကို ဖို့ရန်နှင့် အိပ်သည့်အချိန်တိုင်း ခြင်ထောင်ဖြင့်အိပ်ရန် အကြံပြုထားကြောင်း ကျန်းမာရေးဝန်ကြီး မမ်ဘွန်းဟမ်က တိုက်တွန်းပြောကြားသည်။

သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားသော ဒေသများတွင် နေထိုင်သော အိမ်ထောင်စုများသို့ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားစေသည့် ခြင်နှိမ်နင်းရေး အဘိတ်ဆေးရည်ကို ဝန်ကြီးဌာနက ဆက်လက် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးက ဆက်လက်ပြောကြားသည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားလျှင် ခေါင်းကိုက်ခြင်း၊ အဖျားကြီးခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ကြွက်သားများနှင့် အဆစ်များ နာကျင်ခြင်း၊ အော့အန်ခြင်းနှင့် အဖုများထွက်ခြင်း စသည့် ပြင်းထန်သော ရောဂါလက္ခဏာများ ခံစားရကြောင်း သိရသည်။

အရှေ့တောင် အာရှနိုင်ငံများတွင် မိုးရာသီဖြစ်သည့် မေလမှ အောက်တိုဘာလအထိမှာ သွေးလွန်တုပ်ကွေးရောဂါ အဖြစ်များသည့် ကာလဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# မြေထဲပင်လယ်ကိုဖြတ်ပြီး ဥရောပသို့ ဦးတည်သွားသော ဒုက္ခသည်များ သေဆုံးမှုပိုမိုများပြားလာ

**ဂျီနီဗာ ဇွန် ၁၁**

မြေထဲပင်လယ်ကိုဖြတ်ပြီး ဥရောပသို့ ဦးတည်သွားသော ဒုက္ခသည်များနှင့် ရွှေ့ပြောင်းလုပ်သားများသည် မကြာသေးမီနှစ်များအတွင်း လျော့နည်း ကျဆင်းလာသော်လည်း သေဆုံးသူအရေအတွက်သည် သိသိသာသာ မြင့်တက်လာလျက်ရှိကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ဇွန် ၁၀ ရက်တွင် ပြောသည်။

မြေထဲပင်လယ်ကို ဖြတ်ပြီး ဥရောပသို့ ဦးတည်သွားသော ဒုက္ခသည်နှင့် ရွှေ့ပြောင်းလုပ်သား အရေအတွက်သည် ၂၀၁၅ ခုနှစ်ကထက် လျော့နည်းလာကြောင်း၊ သို့သော်လည်း သေဆုံးသူ အရေအတွက် တိုးလာကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ပြောရေးဆိုခွင့်ရှိသူ ရှာဘီယာ မန်တူးက ပြောသည်။ ၂၀၁၅ ခုနှစ်က မြေထဲပင်လယ်ကိုဖြတ်ပြီး ဥရောပသို့ ဦးတည်သွားသော ဒုက္ခသည်နှင့် ရွှေ့ပြောင်း လုပ်သားများသည် တစ်သန်းကျော် ရှိကြောင်း သတင်းစာရှင်းလင်းပွဲတွင် ၎င်းက ပြောသည်။

၂၀၂၁ ခုနှစ်တွင် မြေထဲပင်လယ်ကို ဖြတ်သန်းသွားလာသူဦးရေ ၁၂၃၃၀၀ ရှိပြီး ၂၀၂၀ ပြည့်နှစ်က ၉၅၈၀၀၊ ၂၀၁၉ ခုနှစ်က ၁၂၇၀၀ နှင့် ၂၀၁၈ ခုနှစ်က ၁၄၁၅၀၀ ရှိကြောင်း ၎င်းက ဆက်ပြောသည်။ လွန်ခဲ့သည့်နှစ်က ၃၂၃၁ ဦးခန့်သည် မြေထဲပင်လယ်တွင် သေဆုံးမှု သို့မဟုတ် ပျောက်ဆုံးမှုဖြစ်ပေါ်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် အနောက်မြောက်ဘက် အတ္တလန္တိတ် သမုဒ္ဒရာတွင် ၁၈၈၁ ဦး၊ ၂၀၁၉ ခုနှစ်တွင် ၁၅၁၀ နှင့် ၂၀၁၈ ခုနှစ်တွင် ၂၂၇၇ ဦး ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# တရုတ်နိုင်ငံ ကျန်းရှီးပြည်နယ်တွင် ရေကြီးရေလျှံမှုကြောင့် လူ ၁ ဒသမ ၁ သန်းကျော် ရေဘေးသင့်

**နန်ချောင် ဇွန် ၁၁**

တရုတ်နိုင်ငံ ကျန်းရှီးပြည်နယ်သည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူပေါင်း ၁ ဒသမ ၁ သန်းကျော် ရေဘေးကြုံတွေ့ခဲ့ကြောင်း၊ ထို့အပြင် အဆိုပါမိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မေ ၂၈ ရက်မှ ဇွန် ၁၀ ရက် ညနေ ၄ နာရီအထိ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောသည်။

ကျန်းရှီးပြည်နယ်သည် စနေနေ့ ညနေ ၆ နာရီအထိ ရေကြီးမှုထိန်းချုပ်ရေး အရေးပေါ်တုံ့ပြန်မှုကို အဆင့်(၄)အဖြစ် သတ်မှတ်ကာ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။



အဆိုပါ ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လယ်ယာမြေနှင့် အိမ်ရာများ ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့ပြီး စုစုပေါင်း ပျက်စီးဆုံးရှုံးမှုတန်ဖိုး ယွမ် ၂ ဒသမ ၆၅ ဘီလီယံ (အမေရိကန်ဒေါ်လာ သန်း ၄၀၀ ခန့်) ရှိကြောင်း၊ ထို့အပြင် လူဦးရေ စုစုပေါင်း ၈၃၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

ကျန်းရှီးပြည်နယ်တွင် ဇွန် ၁၂ ရက်မှ ၁၄ ရက်အတွင်း မိုးသက်မုန်တိုင်း ကျရောက်နိုင်ပြီး မြောက်မှ တောင်သို့ ရွေ့လျားသွားနိုင်ကြောင်း၊ နေရာအချို့တွင်မိုးသည်းထန်စွာရွာသွန်းမှု ဆက်လက်ဖြစ်ပေါ်လာနိုင်ကြောင်း မိုးလေဝသဌာနကခန့်မှန်းထားသည်။ **ဆင်ဟွာ**

# မျက်နှာတစ်ခြမ်း လေဖြတ်သွားကြောင်း အင်စတာဂရမ်မှတစ်ဆင့် ပရိသတ်များကို ဂျက်စတင်ဘီဘာ အသိပေး

**နယူးယောက် ဇွန် ၁၁**

ဂျက်စတင်ဘီဘာသည် မျက်နှာတစ်ခြမ်း လေဖြတ်ခြင်းရောဂါ ခံစားနေရကြောင်း အင်စတာဂရမ်ပေါ်တွင် ဗီဒီယိုဖိုင်တစ်ခုတင်ကာ ပရိသတ်များကို အသိပေးခဲ့သည်။ အသက် (၂၈)နှစ်အရွယ် ပေါ့ပ်အဆိုတော် ဘီဘာသည် အဖျားရောဂါကြောင့် Justice World Tour ဖျော်ဖြေပွဲကို ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

၎င်းသည် ရေယုန်ပေါက်ပြီး နားရွက်နားမှာရှိသည့် အာရုံကြောထိခိုက်မိသည့်အခါ Ramsay Hunt ဆင်ဒရုန်းဖြစ်လာတတ်သည်ဟု ဆေးပညာရှင်များက ဆိုကြောင်း၊ ထို့အပြင် အကြားအာရုံပါ ချို့ယွင်းသွားနိုင်သည်ဟုလည်းဆိုကြောင်း၊ မျက်လုံးတစ်ဖက် မျက်တောင်မခတ်တော့ကြောင်း၊ မျက်နှာတစ်ခြမ်းမှာ ပြုံး၍မရကြောင်း၊ ထို့အပြင် နှာခေါင်းပေါက်လည်း မလှုပ်ရှားတော့ကြောင်း အဆိုပါ ဗီဒီယိုထဲတွင် ဘီဘာက ရှင်းပြသည်။

ထို့အပြင် ဘီဘာက မျက်နှာလေ့ကျင့်ခန်းလုပ်ပြီး အနားယူနေသော်လည်း ပုံမှန်အတိုင်းပြန်ဖြစ်ရန် မည်မျှကြာမလဲဆိုသည်ကို မခန့်မှန်းနိုင်ကြောင်း ပြောသည်။ အဆိုပါ ဖျော်ဖြေပွဲရွှေ့ဆိုင်းမှုသည် တတိယအကြိမ်မြောက်ဖြစ်ပြီး ပထမနှစ်ကြိမ်မှာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့်ဖြစ်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# အိုင်ယာလန်တွင် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၀၀၀ ကို တစ်တော့ခ်က ထပ်မံဖန်တီးပေးမည်

**ဒဗ္ဗလင် ဇွန် ၁၁**

တစ်တော့ခ် (TikTok) သည် အိုင်ယာလန်နိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၀၀၀ ကို ထပ်မံဖန်တီးပေးသွားမည်ဖြစ်သည့်အတွက် လုပ်သားအင်အား ၃၀၀၀ ကျော် အလုပ်အကိုင်ရရှိလာမည်ဖြစ်ကြောင်း အိုင်ယာလန် အာဏာပိုင်များက ဇွန် ၁၀ ရက်တွင် ပြောသည်။

အိုင်ယာလန်ဝန်ကြီးချုပ် မိုက်ကယ် မာတင်နှင့် တစ်တော့ခ် အမှုဆောင်အရာရှိချုပ် (စီအီးအို) ချောင်ဇီချူးတို့အကြား ပြုလုပ်သည့်အစည်းအဝေးအတွင်း အဆိုပါ ထပ်မံဖန်တီးပေးမည့် အလုပ်အကိုင်အခွင့်အလမ်းကို ကြေညာခဲ့ခြင်းဖြစ်သည်။ တစ်တော့ခ်သည် ပေကျင်းတွင် ရုံးချုပ်အခြေစိုက်ပြီး တရုတ်အင်တာနက် နည်းပညာကုမ္ပဏီတစ်ခုက ပိုင်ဆိုင်ပြီး ထင်ရှားကျော်ကြားသော ဗီဒီယိုမျှဝေသည့် လူမှုမီဒီယာ ပလက်ဖောင်းတစ်ခုဖြစ်သည်။ **ဆင်ဟွာ**

# ကနေဒါနိုင်ငံတွင် အတည်ပြု monkeypox ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၁၂ ဦးအထိ ရှိလာပြီဖြစ်

**အော့တဝါ ဇွန် ၁၁**

ကနေဒါနိုင်ငံတွင် အတည်ပြု monkeypox ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၁၂ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးအကြီးအကဲဖြစ်သူ သီရေဆာ တမ်က ဇွန် ၁၀ ရက်တွင် ပြောသည်။

အဆိုပါ အတည်ပြုကူးစက်ခံရသူများသည် ဗြိတိသျှကိုလံဘီယာပြည်နယ်မှ တစ်ဦး၊ အယ်ဘာတာ ပြည်နယ်မှ လေးဦး၊ အွန်တာရီယိုပြည်နယ်မှ ကိုးဦးနှင့် ကွိဘက်ပြည်နယ်မှ ၉၈ ဦးတို့ဖြစ်ကြောင်း ကျန်းမာရေးသတင်းစာ ရှင်းလင်းပွဲတွင် ၎င်းက ပြောသည်။ အမျိုးသားအဏုဇီဝဗေဒဓာတ်ခွဲခန်း (အင်အမ်အယ်လ်) က သံသယရှိသော လူနာများကို ထပ်မံစစ်ဆေးမှုများ ပြုလုပ်လျက်ရှိပြီး လာမည့်ရက်များအတွင်း အတည်ပြု monkeypox လူနာ ထပ်မံတိုးလာဖွယ်ရှိကြောင်း တမ်က ဆက်ပြောသည်။ **ဆင်ဟွာ**

# ဂျာမနီနိုင်ငံ၌ ဓားဖြင့်တိုက်ခိုက်မှုကြောင့် လေးဦးဒဏ်ရာရရှိ

**ဘာလင် ဇွန် ၁၁**

ဂျာမနီနိုင်ငံ တက္ကသိုလ်ဝင်းအတွင်း ဇွန် ၁၀ ရက်က ဓားဖြင့် တိုက်ခိုက်မှုဖြစ်ပွားသောကြောင့် လေးဦးဒဏ်ရာရရှိကြောင်း၊ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း ရဲဝန်ထမ်းတစ်ဦးက ပြောကြားသည်။ ပြစ်မှုကျူးလွန်သူမှာ ဟမ်းမြို့မှ လူငယ်တစ်ဦးဖြစ်ပြီး နီးနှောဆွေးနွေးပွဲ အဆောက်အအုံတစ်ခုအတွင်း များစွာသော ကျောင်းသားများကို ဓားတစ်လက်ဖြင့် တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူများမှာ အမျိုးသမီးသုံးဦးနှင့် အမျိုးသားတစ်ဦးဖြစ်ကြောင်း WDR အသံလွှင့်ဌာန၏ ပြောကြားချက်အရ သိရသည်။ အက်စ်လင်ဂန်မြို့ရှိ မူလတန်းကျောင်းတစ်ခုတွင် ဖြစ်ပွားသည့် အဆိုပါ တိုက်ခိုက်မှုအတွင်း အမျိုးသမီးတစ်ဦးနှင့် အသက် ခုနစ်နှစ်အရွယ်မိန်းကလေးမှာ ပြင်းထန်စွာ ဒဏ်ရာရရှိကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# အပူလှိုင်းရိုက်ခတ်မှုကြောင့် ရေရှားပါးမှုဒဏ် ရင်ဆိုင်နေရတဲ့ ပါကစ္စတန်နိုင်ငံ

နွယ်နီလင်း

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆင်းပြည်နယ်တွင် စိုက်ခင်းများသို့ ရေပေးဝေနေသည့် ရေမြောင်းများမှာ ရေခန်းခြောက်ခြင်းကြောင့် လယ်သမား ခါလစ်ဘတ်စ်၏ ကြံနှင့် ဝါသီးနှံစိုက်ခင်းများ၏ သုံးပုံတစ်ပုံမှာ ပျက်စီးသွားပြီဖြစ်သည်။

"မနှစ်ကတည်းက ရေလိုအပ်ချက်ကြောင့် မျှော်မှန်းထားတဲ့အထွက်နှုန်း မရခဲ့ဘူး။ ဒီနှစ်မှာလည်း တူးမြောင်းကရေတွေ ခန်းခြောက်နေပါပြီ။ သီးနှံတွေကို ရေပေးဖို့အတွက် ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး။ ဒီအတိုင်းသာဆို ဒေသခံတောင်သူတွေ စီးပွားရေးကျပ်တည်းလာမှာ သေချာတယ်" ဟု ၎င်းက ဆိုသည်။



အပူလှိုင်းဖြစ်နေသည့် ဂျာကိုဘာဘစ်မြို့မှ အမျိုးသမီးတစ်ဦး ရေခပ်နေစဉ်။

### အပူချိန် ၅၀ ဒီဂရီဆဲစီးရပ်စ်ရှိ

ပါကစ္စတန်နိုင်ငံ ဆင်းပြည်နယ်နှင့် အခြားဒေသများရှိ နေရာများတွင် အပူချိန် ၅၀ ဒီဂရီဆဲစီးရပ်စ်ရှိပြီး အလွန်ပူပြင်းသော ရာသီဥတုနှင့် ရင်ဆိုင်နေရသည်။ ဆိုးရွားလှသည့် အပူလှိုင်း၏ နောက်ဆက်တွဲအဖြစ် ကပ်ပါလာသည့် ရေရှားပါးမှုကြောင့် သောက်သုံးရေရှားပါးမှုနှင့် သီးနှံစိုက်ခင်းများအတွက် ရေလိုအပ်ချက်ပြဿနာမှာ ပိုမိုဆိုးရွားလာခဲ့သည်။

ရေရှားပါးမှုသည် ဆင်းပြည်နယ်အတွင်းရှိ စိုက်ပျိုးရေးထွက်ကုန် အားလုံးနီးပါးကို ထိခိုက်လျက်ရှိကြောင်း၊ လာမည့်ရက်များအတွင်း ရေရှားပါးမှုအခြေအနေ ပိုဆိုးလာမည်ကို စိုးရိမ်နေကြောင်း ပြည်နယ်ဝန်ကြီးချုပ်၏ စိုက်ပျိုးရေးဆိုင်ရာ အကြံပေးဖြစ်သူ မန်ဇိုးဝပ်ဆမ်က ပြောသည်။

### သီးနှံထွက်ကုန်များမှာ အကျပ်အတည်းဖြစ်နေ

ဆင်းပြည်နယ်သည် သရက်သီး၊ ငရုတ်ကောင်း၊ ဝါ၊ ဂျုံနှင့် ကြံ အများဆုံးထွက်ရှိသည့် ပြည်နယ်တစ်ခုဖြစ်သော်လည်း ရေပြတ်လပ်မှုကြောင့် လက်ရှိ သီးနှံထွက်ကုန်များမှာ ကျဆင်းနေပြီး စပါးစိုက်ပျိုးရာတွင်လည်း နှောင့်နှေးမှုများနှင့် ရင်ဆိုင်နေရသည်ဟု ၎င်းက ဆက်ပြောသည်။

ပါကစ္စတန်တွင် ပြင်းထန်သော ရာသီဥတုအခြေအနေကြောင့် ရေပြတ်လပ်မှု ဖြစ်ပွားပြီးနောက် သီးနှံစိုက်ခင်းများမှ နှစ်စဉ်အထွက်နှုန်း ကျဆင်းနေသဖြင့် လာမည့်နှစ်များတွင် စားနပ်ရိက္ခာပြတ်လပ်မှု ဖြစ်ပေါ်နိုင်မည်ဟု ခန့်မှန်းကြောင်း ၎င်းက ဆက်ပြောသည်။

### သရက်သီးထွက်ရှိမှုနှုန်းမှာ ၅၀ ရာခိုင်နှုန်း ကျဆင်းနိုင်

ရေရှားပါးမှုကြောင့် နိုင်ငံအတွင်း သရက်သီးထွက်ရှိမှုနှုန်းမှာ ၅၀ ရာခိုင်နှုန်း ကျဆင်းနိုင်ကြောင်း၊ ပါကစ္စတန်နိုင်ငံသည် ကမ္ဘာပေါ်တွင် သရက်သီးထွက်ရှိမှုမှာ အဆင့်ငါးနေရာတွင် ရှိသော်လည်း ယခုနှစ်တွင်မူ ကြီးမားသောရေရှားပါးမှုနှင့် အပူချိန်မြင့်တက်မှုကြောင့် သီးနှံများ ထွက်ရှိမှုကို ထိခိုက်စေမည်ဖြစ်ကြောင်း မကြာသေးမီက ပြုလုပ်သော မီဒီယာတွေ့ဆုံပွဲတွင် ပါကစ္စတန်ရာသီဥတု ပြောင်းလဲမှုဆိုင်ရာဝန်ကြီး ရှာရီရာ့မန်က ပြောသည်။

### အပူလျှပ်ခြင်းနှင့် ကျောက်ကပ်ဆိုင်ရာ ရောဂါများ ဖြစ်စေနိုင်

ရေရှားပါးမှုသည် နိုင်ငံအတွင်း နေထိုင်သူများအကြား ရေပြတ်လပ်မှုကြောင့် ဆက်စပ်ရောဂါများဖြစ်သည့် အပူလျှပ်ခြင်းနှင့် ကျောက်ကပ်ဆိုင်ရာ ရောဂါများ အပါအဝင် ကျန်းမာရေးပြဿနာများကိုလည်း ရင်ဆိုင်ရနိုင်သည်။ ပါကစ္စတန်နိုင်ငံရှိ အိမ်ထောင်စု ၇၀ ရာခိုင်နှုန်းခန့်မှာ ဗက်တီးရီးယားများပါသည့် မသန့်ရှင်းသောရေကို သောက်သုံးနေရပြီး လက်ရှိအပူလှိုင်းမှာလည်း အခြေအနေ ပိုဆိုးလာသည်ဟု ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)က ထုတ်ပြန်ထားသည်။

■ ရေရှားပါးမှုသည် နိုင်ငံအတွင်း နေထိုင်သူများအကြား ရေပြတ်လပ်မှုကြောင့် ဆက်စပ်ရောဂါများဖြစ်သည့် အပူလျှပ်ခြင်းနှင့် ကျောက်ကပ်ဆိုင်ရာရောဂါများ အပါအဝင် ကျန်းမာရေးပြဿနာများကိုလည်း ရင်ဆိုင်ရနိုင်သည်။ ပါကစ္စတန်နိုင်ငံရှိ အိမ်ထောင်စု ၇၀ ရာခိုင်နှုန်းခန့်မှာ ဗက်တီးရီးယားများပါသည့် မသန့်ရှင်းသောရေကို သောက်သုံးနေရပြီး လက်ရှိ အပူလှိုင်းမှာလည်း အခြေအနေပိုဆိုးလာသည်ဟု ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)က ထုတ်ပြန်ထား

### ကလေးများသေဆုံး

ဘလိုချီစတန် ပြည်နယ်အနောက်တောင်ပိုင်းတွင် ကာလဝမ်းရောဂါဖြစ်ပွားမှုကြောင့် ကလေးများ သေဆုံးပြီး ထောင်နှင့်ချီ၍ ရောဂါကူးစက်ခံနေရသည်။ ပန်ဂျပ်နှင့် ဆင်းပြည်နယ်တို့တွင်လည်း မသန့်ရှင်းသောရေကို သောက်သုံးခြင်းကြောင့် ဝမ်းရောဂါများ ကူးစက်ဖြစ်ပွားနေသည်။ ပန်ဂျပ်ပြည်နယ် ချိုလီစတန်သဲကန္တာရတွင် ရေရှားပါးမှုကြောင့် ကျွဲ၊ နွား တိရစ္ဆာန် ၅၀ ကျော် သေဆုံးခဲ့ရသည်။

### ရေတွင်းများစွာ ခန်းခြောက်

ချိုလီစတန်သည် အလွန်ဆင်းရဲသော ဒေသဖြစ်သည်။ အဆိုပါဒေသမှ အလွန်ပိန်လှီပြီး အာဟာရချို့တဲ့လျက်ရှိသည့် ကလေးငယ်များသည် သောက်သုံးရေရရှိရန် မိုင်ပေါင်းများစွာ လမ်းလျှောက် ရှာဖွေနေကြသော်လည်း ရေတွင်းများစွာမှာ ခန်းခြောက်လျက်ရှိသည်။ အဆိုပါဒေသတွင် နေထိုင်သူများ၏ တစ်ခုတည်းသော ဝင်ငွေအရင်းအမြစ်ဖြစ်သည့် နွားများ၏ အကောင်ရေ သုံးပုံတစ်ပုံခန့်သည် ရေငတ်၍ သေဆုံးကြရသည်ဟု ကယ်ဆယ်ရေးသမား တစ်ဦးဖြစ်သူ အူမာအာမက်က ပြောသည်။

### အပူလှိုင်းသည် ဇွန်လအထိ ဆက်လက်ဖြစ်ပွားနိုင်

ပါကစ္စတန်နိုင်ငံတွင် အပူလှိုင်းသည် ဇွန်လအထိ ဆက်လက်ဖြစ်ပွားနိုင်သော်လည်း ရေရှားပါးမှုပြဿနာမှာ နှစ်စဉ် ဇူလိုင်လလယ်မှ စတင်သည့် မုတ်သုံရာသီရောက်မှသာ ရှောင်လွှဲနိုင်မည်ဟု မိုးလေဝသပညာရှင်များက ပြောသည်။ လက်ရှိ ပါကစ္စတန်နိုင်ငံအတွင်း ရာသီဥတုဖောက်ပြန်မှုကို လျော့ပါးစေရန် သစ်ပင် ၁၀ ဘီလီယံ စိုက်ပျိုးရေး စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

### မဟာဗျူဟာတစ်ရပ်ကို ပြင်ဆင်ရန်စီစဉ်

ရာသီဥတုပြောင်းလဲမှုဒဏ်ကို လျှော့ချရန်နှင့် ရေနှင့် စားနပ်ရိက္ခာရှားပါးမှုပြဿနာကို ကိုင်တွယ်ဖြေရှင်းရန် မဟာဗျူဟာတစ်ရပ်ကို ပြင်ဆင်ရန် မကြာသေးမီက လုပ်ငန်းအဖွဲ့တစ်ခုကို ဝန်ကြီးချုပ် ရှာဘက် ရှရက်ဖ်က စီစဉ်ခဲ့သည်။ အဆိုပါ မဟာဗျူဟာသည် လက်ရှိရေလှောင်ကန်များနှင့် သစ်တောများကို ကာကွယ်ခြင်းနှင့် ရေထိန်းသိမ်းခြင်း လုပ်ငန်းစဉ်များလည်း လုပ်ဆောင်သင့်ကြောင်း ဝန်ကြီးချုပ်က လမ်းညွှန်ထားသည်။

ကိုးကား-ဆင်ဟွာ

# ဇွန် ၁၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၂၀ ရာခိုင်နှုန်းရှိ

**(၁၁-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၀-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၁-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၆၅၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် (၁၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၀) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၂၇၁,၂၀၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၆၁၃,၄၄၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၂) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၄၂၃) ဦး ရှိပြီ ဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၁၁-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၃၉) ခု | (၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၄၄) ခု | (၁)ဦး |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၂၉) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၈၂) ခု | (၅)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၁၅) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၉၄၇) ခု | (၅)ဦး |
| စုစုပေါင်း | (၆,၆၅၆) ခု | (၁၃)ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေး ဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၁-၆-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ


| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၇၂၄၆၃၀၉ | ၈၃၀၁၄၅၁၈ | ၁၀၃၅၆၇၅ |
| ၂။ | အိန္ဒိယ | ၄၃၂၁၃၄၃၅ | ၄၂၆၄၈၃၀၈ | ၅၂၄၇၅၇ |
| ၃။ | ဘရာဇီး | ၃၁၄၁၇၃၄၁ | ၃၀၁၇၈၁၈၇ | ၆၆၈၀၀၇ |
| ၄။ | ပြင်သစ် | ၂၉၇၅၃၃၇၀ | ၂၉၂၀၆၂၄၀ | ၁၄၈၇၁၀ |
| ၅။ | ဂျာမနီ | ၂၆၈၀၂၇၈၂ | ၂၅၈၇၀၈၀၀ | ၁၄၀၁၁၅ |
| ၆။ | ဗြိတိန် | ၂၂၃၈၂၃၅၂ | ၂၂၀၁၉၈၇၈ | ၁၇၉၂၁၇ |
| ၇။ | ရုရှား | ၁၈၃၇၃၁၈၄ | ၁၇၇၉၁၀၈၁ | ၃၇၉၉၅၅ |
| ၈။ | တောင်ကိုရီးယား | ၁၈၂၁၈၀၇၈ | ၁၇၉၆၉၆၄၄ | ၂၄၃၅၁ |
| ၉။ | အီတလီ | ၁၇၆၁၁၆၀၇ | ၁၆၈၂၀၈၈၁ | ၁၆၇၃၀၅ |
| ၁၀။ | တူရကီ | ၁၅၀၇၂၇၄၇ | ၁၄၉၇၁၂၅၆ | ၉၈၉၆၅ |

## ၁၁-၆-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၇၂၉၆၈၁ | ၉၅၄၀၅၉၈ | ၄၃၀၈၂ |
| အင်ဒိုနီးရှား | ၆၀၅၉၉၃၇ | ၅၈၉၈၇၅၈ | ၁၅၆၆၄၁ |
| မလေးရှား | ၄၅၂၃၀၁၈ | ၄၄၆၄၅၅၈ | ၃၅၇၀၉ |
| ထိုင်း | ၄၄၈၂၃၈၉ | ၄၄၂၇၉၆၃ | ၃၀၃၁၇ |
| ဖိလစ်ပိုင် | ၃၆၉၂၉၁၄ | ၃၆၂၉၆၄၈ | ၆၀၄၆၁ |
| စင်ကာပူ | ၁၃၃၅၆၂၅ | ၁၂၅၃၈၃၃ | ၁၃၉၆ |
| မြန်မာ | ၆၁၃၄၄၀ | ၅၉၂၄၂၃ | ၁၉၄၃၄ |
| လာအို | ၂၁၀၁၃၈ | ၂၀၈၃၄၄ | ၇၅၇ |
| ဘရူနိုင်း | ၁၅၂၇၁၂ | ၁၄၉၆၉၇ | ၂၂၅ |
| ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၂၀၆ | ၃၀၅၆ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို
ပျက်စီးစေရန်အတွက် လက်ကို
ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး
စက္ကန့်(၂၀) ကြာဆေးကြောပါ။

# နှလုံးလှ ကျောင်းတော်များ

**ဝထကလသ (နတလ)**

**"မောင်တို့၊ မယ်တို့...။ မိမိပညာရပ်တွေကို မိမိ သေချာ လေ့လာဆည်းပူးသင်ကြားကြပါ။ ပညာ မပြည့်စုံ၊ ဗဟုသုတမရှိရင် ကိုယ့်ရဲ့အတတ်ပညာက ဘယ်သူ့ကိုမှ ကောင်းကျိုးမပြုဘဲ မင်းတို့တွေဟာ "မယ်သုည၊ မောင်သုည" တွေ ဖြစ်လာလိမ့်မယ်။ မယ်သုည၊ မောင်သုညတွေ တိုင်းပြည်တာဝန် ထမ်းရင်တော့ ငါတို့တိုင်းပြည် ခါးကျိုးလိမ့်မယ်...။"**

ဤစကားရပ်သည် ၁၉၈၀ ကျော်ကာလ ပုသိမ် တက္ကသိုလ်တွင် ပါမောက္ခဌာနမှူး (ပထဝီဝင်) အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဆရာမကြီး ဒေါ်စိန်စိန်က Lecture ပို့ချရင်း ကျောင်းသား ကျောင်းသူများအား ပြောကြားခဲ့သော ဆုံးမစကား ပင်ဖြစ်ပါသည်။

**ပညာရေးဟူသည်**

ပညာရေးသည် ကျယ်ဝန်းသောအဓိပ္ပာယ် များစွာကို ဆောင်ပါသည်။ ပညာရေးဆိုသည်မှာ တစ်ဦးနှင့်တစ်ဦး ပေါင်းသင်းဆက်ဆံရေးအတွက် အကောင်းဆုံးကြားခံပစ္စည်း ဖြစ်ပါသည်။ ပညာ သည် လူတစ်ဦးတွင် တိမ်မြုပ်နေသည့် အစွမ်းအစ များကို ဖော်ထုတ်နိုင်စွမ်းရှိ၏။ အစွမ်းအစကို ပညာ ဖြင့် ဆင်ခြင်လုပ်ဆောင်တတ်သူတိုင်းအတွက် အနာဂတ်များမှာ ပိုမိုတောက်ပနေမည်သာဖြစ်ပါ သည်။ ဘဝကိုမြှင့်တင်ပေးနိုင်သည့်အရာမှာ ပညာ ဆိုတာ သံသယရှိစရာမလိုပေ။

ပညာတတ်သူသည် အမှား အမှန်ကို ခွဲခြား သိမြင်နိုင်စွမ်းရှိသည်။ သူတို့သည် အရာရာကို ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့်သာ မိမိဘဝကို ဦးဆောင် ကြသည်။ ပညာတတ်သူသည် တရားဥပဒေကို လေးစားလိုက်နာ တန်ဖိုးထားတတ်သည်။ လူ့အခွင့် အရေးကိုလေးစားပြီး ကိုယ့်တာဝန်ကို ကျေပွန် အောင် ထမ်းဆောင်တတ်သည်။ နိုင်ငံသူ နိုင်ငံသား တစ်ယောက် လိုက်နာရမည်ဟု သတ်မှတ်ထားချက် များကို မဖောက်မဖျက်ဘဲ လိုက်နာတတ်ကြသည်။ ဤအရည်အချင်းများကပင် **"နိုင်ငံသားကောင်း"** ဆိုသည့် ဂုဏ်ပုဒ်ဖြစ်သောကြောင့် အသိပညာ၊ အတတ်ပညာရပ်များကို ငယ်ရွယ်စဉ်အခါကပင် လေ့ကျင့်သင်ကြားပေးနိုင်ရန် အရေးကြီးလှပါသည်။

ထို့ကြောင့် မျိုးဆက်သစ်များစွာတို့အား မိမိ ကိုယ်မိမိ တန်ဖိုးထားတတ်စေရန်လည်းကောင်း၊ ကျွမ်းကျင်မှုဆိုင်ရာ အတတ်ပညာအရပ်ရပ်တို့ကို အသုံးပြုကာ နိုင်ငံတော်နှင့် နိုင်ငံသားတို့အား အကျိုးပြုစေခြင်းအလို့ငှာလည်းကောင်း၊ လှပသော နှလုံးသားအစုံနှင့်အတူ လူသားဆန်မှု၊ လူပီသမှု များနှင့် မိမိတို့၏အဝန်းအဝိုင်းမှသည် မိမိ တိုင်းပြည်အား ချစ်မြတ်နိုးတတ်စေရန်လည်းကောင်း အသိပညာ၊ အတတ်ပညာများကို ကောင်းစွာ လေ့ကျင့်သင်ကြားပေးရန် အထူးလိုအပ်လှပါသည်။

**လူ့စွမ်းအားအရင်းအမြစ်များ ဖော်ဆောင်ပေး**

**"နယ်စပ်ရေးရာဝန်ကြီးဌာန"**၏ **နယ်စပ်ဒေသ နှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန**သည် တိုင်းဒေသကြီး နှစ်ခု၊ ပြည်နယ် ခုနစ်ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသ ခြောက်ခုတို့တွင် တိုင်းရင်းသားလူမျိုးများ၏ ဒေသ ဖွံ့ဖြိုးတိုးတက်ရေး အခြေခံလုပ်ငန်းများအား ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ပေး လျက်ရှိပါသည်။

ထို့အတူ **ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန** သည်လည်း တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၊ ဗဟို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ် (၄) ကျောင်းသား ကျောင်းသူများနှင့် ၂၀၂၂ ခုနှစ် နိုဝင်ဘာလက တွေ့ဆုံစဉ်။

**❄ ဤကျောင်းတော်များတွင် တိုင်းရင်းသားလူငယ်များ၏ ဘဝရှေ့ရေး ဖြောင့်မတ်မှန်ကန်စေရန်၊ ကောင်းမွန်သည့်နှလုံးသား ဖြစ်လာစေရန်ဟူသည့် ရည်ရွယ်ချက်ကောင်းများဖြင့် ပြုစုပျိုးထောင် တည်ဆောက်ပေးခဲ့၏။ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ကျောင်းတော်ကြီးများသည် တိုင်းရင်းသား မျိုးဆက်သစ်များအတွက် ဥယျာဉ်မြေသဖွယ်သာဖြစ်၏။ စရိုက်ဆိုးများ ခြွေချပြီး စရိုက်ကောင်းများဖူးဝေအောင် လေ့ကျင့်ပေးနိုင်ခဲ့၏။ အနာဂတ်ခေါင်းဆောင်ကောင်းများ ဖြစ်လာစေမည့် စွမ်းရည်ပြည့်ဝသော လူတော်လူကောင်းများကို စစ်ထုတ်ပေးခဲ့၏။**

လေ့ကျင့်ရေးကျောင်း၊ လူငယ်သင်တန်းကျောင်း များ၊ အိမ်တွင်းမှုသင်တန်းကျောင်းများနှင့် စက်မှု လက်မှုသင်တန်းကျောင်းများ ဖွင့်လှစ်ထားပြီး နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖော်ထုတ်ရေးနှင့် စွမ်းရည်ကောင်းများရရှိစေရေး အတွက် ပညာရပ်များကို ဖြန့်ဝေပံ့ပိုး ဖြည့်ဆည်း မွေးထုတ်ပေးလျက်ရှိပါသည်။

နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုး တိုးတက်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ် ရေး တည်ဆောက်ရာတွင် အထောက်အကူပြုနိုင်ရန် အတွက် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံ (Academy for the Development of The National Group) ကို ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် စစ်ကိုင်းမြို့၌စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၆၈ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့တွင် လက်ရှိရွာသစ်ကြီးသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါသည်။

နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသ ရှိ တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်း အမြစ် ဖွံ့ဖြိုးတိုးတက်စေရေး ပိုမိုတိုးမြှင့်ဆောင်ရွက် ပေးနိုင်ရန်ရည်ရွယ်၍ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို ၁၉၉၁ ခုနှစ် မေလ ၁၀ ရက်နေ့တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုး များဖွံ့ဖြိုးရေးတက္ကသိုလ် (University for the Development of the National Races of the Union) အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးခဲ့ရာ ယခုနှစ်ဆိုလျှင် ၃၁ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပေ သည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး ရေးတက္ကသိုလ်သည် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်းလုံးညီညွတ်မှုတိုးတက်ခိုင်မာ ရေးအတွက် အရည်အသွေးမြင့်မားသည့် ပညာရေး ဝန်ထမ်းကောင်းများဖြစ်ထွန်းအောင် အထူး လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိပြီး မူလတန်းဆရာ အတတ်သင်တန်း၊ အထူးမူလတန်းဆရာအတတ် သင်တန်း၊ အလယ်တန်းဆရာအတတ်သင်တန်း၊ ဆရာအတတ်ပညာဒီပလိုမာသင်တန်း၊ ပညာရေး ဘွဲ့ပေါင်းကူးသင်တန်း၊ ပညာရေးဘွဲ့သင်တန်း၊ မဟာပညာရေးဘွဲ့ အရည်အချင်းစစ်သင်တန်း၊ မဟာဒဿန (ပညာရေး) ဘွဲ့ သင်တန်းနှင့် မဟာ ပညာရေးဘွဲ့သင်တန်းစသည့် ပညာရေးသင်တန်း ၁၀ မျိုးကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိ၏။

**ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားပြန့်ပွားရေး**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၉ ရက် နေ့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး ရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ် (၄) ကျောင်းဆင်းမည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကား ပြောကြားရာတွင်–**

**"ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အနေဖြင့် ယနေ့အထိ မဟာ ပညာရေးဘွဲ့၊ မဟာဒဿနဘွဲ့၊ ပညာရေးဘွဲ့၊ ဆရာ အတတ်ပညာဒီပလိုမာ၊ အလယ်တန်းဆရာ အတတ်သင်၊ မူလတန်းဆရာအတတ်သင်၊ အထူး မူလတန်းဆရာအတတ်သင် စုစုပေါင်း ၁၃၇၈၆ ဦး ကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ တိုင်းရင်းသား မျိုးနွယ်စုပေါင်း ၁၀၀ ကျော် တက်ရောက် သင်တန်းဆင်းခဲ့ကြပြီး မောင်တို့၊ မယ်တို့သည် နိုင်ငံတော်က ပြုစုပျိုးထောင်ထားသည့် သားသမီး များ ပီသစွာ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့် သိပြီး နိုင်ငံတော်က မျှော်မှန်းထားသည့်အတိုင်း မိမိတို့တာဝန်ကျရာ နယ်စပ်ဒေသတွင်ရှိသည့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ထမ်းဆောင်ကြရန်နှင့် ပြည်ထောင်စုစိတ်ဓာတ်ကို တိုင်းရင်းသားများအကြား ထွန်းကားပြန့်ပွားအောင် လည်း ဆောင်ရွက်ပေးကြရန်"** ဟု လမ်းညွှန် မှာကြားခဲ့ပါသည်။

ဤတက္ကသိုလ်အပြင် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲသော အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံ သော လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင် ပေးနိုင်မည့် "ပြည်ထောင်စုတိုင်းရင်းသား လူငယ် များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်" (ရန်ကုန်နှင့် မန္တလေး၊ စစ်ကိုင်း) ကျောင်း နှစ်ကျောင်းကိုလည်း ၂၀၀၀ ပြည့်နှစ်မှစတင်၍ ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။

စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့် စစ်ကိုင်း) ကျောင်းများတွင် ဝိဇ္ဇာဘွဲ့ (မြန်မာစာ၊ ပထဝီဝင်၊ သမိုင်း)၊ သိပ္ပံဘွဲ့ (သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ) နှင့် အင်ဂျင်နီယာဘွဲ့ (မြို့ပြ၊ အီလက် ထရွန်နစ်၊ စက်မှု၊ လျှပ်စစ်စွမ်းအား) ဘွဲ့များ ပေးအပ်ချီးမြှင့် ပေးနိုင်ခဲ့ပါသည်။

**ပညာပြည့်ဝနှလုံးလှသော–**

ဖူးအငုံချိန်ခါသင့်
ပွင့်လာကြပန်းမာလာ
မွှေးပျံ့ကြိုင်စွာ ...။

၂၀၂၂ ခုနှစ် နိုဝင်ဘာလ နောက်ဆုံးပတ်ကာလ အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း) အမှတ်စဉ် (၄)၊ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (စစ်ကိုင်း၊ ရန်ကုန်) အမှတ်စဉ် (၁၅)၊ (၁၈) သင်တန်း ဆင်းပွဲ အခမ်းအနားများ ကျင်းပပြုလုပ်ခဲ့ပါသည်။

ယနေ့အချိန်အထိ ဤကျောင်းတော်ကြီးများမှ တိုင်းရင်းသားလူငယ်အင်အား မဟာပညာရေး ဘွဲ့ ၁၃၁ ဦး၊ မဟာဒဿနဘွဲ့ ၃၅ ဦး၊ ပညာရေးဘွဲ့ ၄၃၈၁ ဦး၊ ဆရာအတတ်ပညာဒီပလိုမာ ၉၃၂ ဦး၊ အလယ်တန်းဆရာအတတ်သင် ၉၅၆ ဦး၊ မူလတန်း ဆရာအတတ်သင် ၇၁၆၂ ဦး၊ အထူးမူလတန်းဆရာ အတတ်သင် ၄၆၁ ဦး၊ ဝိဇ္ဇာဘွဲ့ ၉၆၅ ဦး၊ သိပ္ပံဘွဲ့ ၂၀၆၃ ဦး၊ B.Tech ၂၇၄ ဦး၊ A G T I ဒီပလိုမာ ၁၃၉၆ ဦး စုစုပေါင်း ၁၈၇၅၆ ဦးကို မွေးထုတ်ပေးနိုင်ခဲ့လေပြီ။

ထိုကျောင်းဆင်း ဘွဲ့ရ တိုင်းရင်းသား မောင်၊ မယ်များသည် ပညာရေးဘွဲ့ရ ၁၄၀၅၈ ဦး၊ ဝိဇ္ဇာ၊ သိပ္ပံဘွဲ့ရ ၃၀၂၈ ဦးနှင့် အင်ဂျင်နီယာဘွဲ့ရ ၁၆၇၀ ဖြစ်ပြီး ဝန်ကြီးဌာနပေါင်း ၂၃ ခုတွင် နိုင်ငံ့တာဝန် များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြပေ သည်။

ဥမကွဲသိုက်မပျက်
သွယ်လက်ယှက်ရင်း
နာဂအင်းသား
ကယား ကချင်
မွန် ကရင် ချင်း
ဆွေရင်း ဗမာ
အခါ ရခိုင် ရှမ်း ဟု
ပအိုဝ်း ဓနု ပလောင်
ညီနောင်တစ်စု
တည်ထောင်ပြုသော
ပြည်ထောင်စုဖွား
သွေးသားရင်နှစ်
အားအင်သစ်လျက်
ကိုင်းရွက်ခက်တွေ
အပွင့်ဝေခဲ့...။

ဤကျောင်းတော်များတွင် တိုင်းရင်းသား လူငယ်များ၏ ဘဝရှေ့ရေး ဖြောင့်မတ်မှန်ကန်စေရန်၊ ကောင်းမွန်သည့်နှလုံးသား ဖြစ်လာစေရန်ဟူသည့် ရည်ရွယ်ချက်ကောင်းများဖြင့် ပြုစုပျိုးထောင် တည်ဆောက်ပေးခဲ့၏။

*စာမျက်နှာ ၁၇ သို့*

# တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအား သတ်မှတ်ရက်ထပ်မံတိုးမြှင့် ဖိတ်ခေါ်ခြင်း

ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့် လည်းကောင်း၊ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့် လည်းကောင်း၊ သွားလာမှု ခက်ခဲခြင်းကြောင့် လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှ ကင်းကွာခဲ့သော ပညာရေးဝန်ထမ်း ဆရာ ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာ ဆရာမများ အနေဖြင့် နိုင်ငံသား မျိုးဆက်သစ်လူငယ်များအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာခံ ဟူသော နာသုံးနာကိုရှေးရှု၍ သင်ကြားရေး တာဝန်ကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့၏သဘောဆန္ဒ အလျောက် မိမိတို့ နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်း တည်ရှိသည့် မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ၊ မိမိတို့ လက်ရှိ နေထိုင်ရာဒေသရှိ နီးစပ်ရာ မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ ၇-၆-၂၀၂၂ ရက်နေ့မတိုင်မီ သတင်းပို့ကြရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က ထပ်မံသတင်းထုတ်ပြန်ဖိတ်ခေါ် ခဲ့ရာ ဆရာ ဆရာမ (၂၉၆၀) ဦး ဆက်သွယ်သတင်းပို့ခဲ့ပါသည်။

ဆက်သွယ်သတင်းပို့ရန် ဆန္ဒရှိပါသော်လည်း လမ်းပန်းဆက်သွယ်ရေးနှင့် အခြားသော အခက်အခဲများကြောင့် သတ်မှတ်ရက်အတွင်း သတင်းပို့နိုင်ခြင်းမရှိသော ဆရာ ဆရာမများအတွက် သတင်းပို့ ဆက်သွယ်ရမည့်ရက်ကို (၁၄-၆-၂၀၂၂)ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့် သတ်မှတ်ပေးလိုက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

*စာမျက်နှာ ၁၆ မှ*

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ကျောင်းတော်ကြီးများသည် တိုင်းရင်းသားမျိုးဆက်သစ်များအတွက် ဥယျာဉ်မြေသဖွယ်သာဖြစ်၏။ စရိုက်ဆိုးများ ခွေချပြီး စရိုက်ကောင်းများ ဖူးဝေအောင် လေ့ကျင့်ပေးနိုင်ခဲ့၏။

အနာဂတ်ခေါင်းဆောင်ကောင်းများ ဖြစ်လာစေမည့် စွမ်းရည်ပြည့်ဝသော လူတော်လူကောင်းများကို စစ်ထုတ်ပေးခဲ့၏။ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူငယ်မျိုးဆက်သစ်များအား တစ်စိတ်တစ်ဝမ်းတည်းဖြစ်စေရေး ရှေးရှုဆောင်ရွက် လေ့ကျင့်ပေးခဲ့ပါသည်။

"မြေဆီမြေသား၊ စွမ်းဆောင်အားကြောင့်
ကြီးထွားသီးပွင့်၊ မာန်ဟုန်ဝင့်ပြန်
မျိုးစေ့မှန်၍၊ အပင်သန်ခဲ့ပြီ...။"

စွမ်းအင်၊ စွမ်းအားများမှသည် စွမ်းရည်ဖွံ့ဖြိုးရေးဆီသို့ အရောက်လှမ်းပြီး အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် စွမ်းစွမ်းတမံဆောင်ရွက်သွားကြမည့် တိုင်းရင်းသားလူငယ်များ၏ စွမ်းရည်များမြှင့်တင်ပေးရာ၊ တူညီမျှခြင်းအလှတရားများ ဖော်ဆောင်ပေးရာ ကျောင်းတော်မဟာများပင်တည်း။

**နှလုံးသားကိုပညာသင်ကြားခြင်း**

"နှလုံးသားကို ပညာသင်ပေးခြင်း" ဟုဆိုရာတွင် ကူညီရိုင်းပင်းလိုစိတ်၊ ကိုယ်ချင်းစာနာစိတ်၊ သနားကြင်နာစိတ်၊ ရိုးသားဖြောင့်မတ်စိတ်၊ စည်းလုံးညီညွတ်အေးချမ်းစွာ ယှဉ်တွဲနေထိုင်လိုစိတ်တွေဖြစ်လာစေဖို့ သင်ကြားလေ့ကျင့်ပေးခြင်းကို ဆိုရပါမည်။ တိုင်းရင်းသား မျိုးဆက်သစ်များအား ပညာရည်ပြည့်ဝ၍ နှလုံးလှသော လူကောင်း၊ လူတော်လေးများ၊ ဝန်ထမ်းကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်သင်ကြားပေးခဲ့ပေသည်။

လူငယ်များအနေဖြင့် အရည်အချင်းရှိမှ တိုင်းပြည်တိုးတက်အောင် ပြုလုပ်နိုင်မည်ဖြစ်သဖြင့် လူငယ်များ၏နှလုံးသားအား လေ့ကျင့်သင်ကြားပေးခြင်းသည် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ခြင်းဖြစ်ပေသည်။ လူငယ်များအတွက် Education၊ Experience၊ Explore၊ Ethic စသည့်အချက်များသည် အလွန်အရေးကြီးပြီး ဘဝတစ်သက်တာအတွက် အသုံးချနိုင်ရန် ကြိုးပမ်းဆောင်ရွက်ပေးကြရပေမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ဆရာ ဆရာမများ၊ သင်တန်းဆင်း ကျောင်းသား ကျောင်းသူများ မှတ်တမ်းဓာတ်ပုံရိုက်ကူးစဉ်။

ကျောင်းအသီးသီးတွင် "တိုင်းရင်းသားရေးရာ" ဌာနများ ဖွင့်လှစ်ထားရှိပြီး ပြည်ထောင်စုစိတ်ဓာတ်ဘာသာရပ်၊ အဆင့်မြင့်ယဉ်ကျေးမှုဘာသာရပ်များ သင်ကြားပို့ချပေးလျက်ရှိရာ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာရင့်သန်ပြီး မိမိတို့၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ဘာသာသာသနာကို တန်ဖိုးထားမြတ်နိုး၍ စည်းလုံးညီညွတ်မှုခိုင်မြဲစေရန် လေ့ကျင့်ပျိုးထောင် သင်ကြားပေးနိုင်ခဲ့ပေပြီ။

ကျောင်းဆင်းပြီးသည်နှင့်တစ်ပြိုင်နက် ဝန်ကြီးဌာနအသီးသီးတွင် အလုပ်ခန့်အပ်ခြင်းခံရ၏။ ထို့ကြောင့် ကျောင်းဆင်း မောင်၊ မယ်များသည် နယ်စပ်ဒေသများ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်စေရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများတွင် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် တာဝန်ထမ်းဆောင်မည့် နိုင်ငံ့ဝန်ထမ်းများဖြစ်ကြပေတော့မည်။

တိုင်းရင်းသား လူငယ်မောင်မယ်များအား စည်းစည်းလုံးလုံးရှိပြီး အရည်အချင်းရှိရှိ လေ့ကျင့်သင်ကြားပျိုးထောင်ပေးခဲ့ပြီးဖြစ်သဖြင့် တာဝန်ကျရာဌာနအသီးသီး၊ ဒေသအသီးသီးတွင် **တိုင်းပြည်ခါးကျိုးခြင်း**မဖြစ်ရလေအောင် တာဝန်သိ၊ တာဝန်ခံ၊ တာဝန်ယူသော "ဝန်ထမ်းကောင်း" များအဖြစ် တာဝန်ထမ်းဆောင်ကြပေတော့မည်။

"ကျောင်းတော်သာမှ
သွေ့ခွာတက်လှမ်း ပြည့်ဝန်ထမ်းဖို့
ဖြောင့်တန်းညီညီ လျှောက်လှမ်းမည်ဟု
ရွယ်ရည်စိတ်ဓာတ် ခိုင်ခိုင်မတ်လျက်
တွဲလက်စုပေါင်း
အားသစ်လောင်း...။"

**အနာဂတ်၏ လှပသောရောင်စုံပန်းများ**

စာရေးသူသည် ဤဒီဂရီကောလိပ်ကျောင်းဆင်းပွဲများနှင့် ညစာစားပွဲများသို့ တက်ရောက်ခွင့် ရခဲ့ဖူးပါသည်။ ကျောင်းဆင်း တိုင်းရင်းသား ဘွဲ့ရမျိုးဆက်သစ်တို့နှင့် အခမ်းအနားတက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသအသီးသီးမှ ကျောင်းသားမိဘ တိုင်းရင်းသားမိသားစုတို့အား ချစ်ခင်ကြည်နူး နွေးထွေးစွာ ဧည့်ခံကြည့်ရင်း နိုင်ငံတော်၏ လှပသော အနာဂတ်ကို တွေးဆမြင်ယောင်နေမိပါသည်။

ဤတိုင်းရင်းသား ကျောင်းသား ကျောင်းသူများအနေဖြင့် ညီအစ်ကို မောင်နှမအရင်းသဖွယ် ချစ်ခင်ရင်းနှီးစွာ နေထိုင်ခဲ့ကြရင်း အေးအတူပူအမျှ ပညာသင်ကြားခဲ့ကြရခြင်းဖြစ်လေသည်။ တိုင်းဒေသကြီး၊ ပြည်နယ်ဒေသအသီးသီးမှ လာရောက်ဆုံတွေ့ကြသူများဖြစ်ကြသည်။ ၎င်းတို့သည် မတူကွဲပြားမှုများအား အားသာချက်ဖြစ်အောင် ပုံဖော်၍ စည်းလုံးချစ်ခင်စွာ နေထိုင်ကြရင်း နိုင်ငံတော်တည်ဆောက်ရေး တာဝန်များကို ကြိုးစား ထမ်းဆောင်ကြပေတော့မည်ဟုလည်း ယုံကြည်မိပါသည်။

ကျောင်းဆင်းပွဲမြင်ကွင်းများကား တစ်စုတစ်စည်းတည်းဖြင့် လှပခမ်းနားနေသည့် ရောင်စုံပန်းခင်းကြီးသဖွယ်လည်း မြင်ယောင်နေမိ၏...။

"ပန်း" ဖြစ်သည်နှင့်အညီ ပြုစုပျိုးထောင်ပေးသော ဥယျာဉ်မှူးများ၏ စေတနာမမှန်ကန်မှု မကျွမ်းကျင်မှုကြောင့်လည်းကောင်း၊ ပြင်ပပယောဂများ၏ အန္တရာယ်ကျရောက်မှု၊ မသမာသူတို့၏ ဖျက်ဆီးမှုတို့ကြောင့်သော်လည်းကောင်း ပျက်စီးတတ်သော သဘောရှိသည်ကိုတော့ သတိပြုရပေလိမ့်မည်။

ထို့ကြောင့်
ဤသို့လည်း ဆုတောင်းနေမိ၏...။
ပန်းတိုင်းပွင့်ကြပါစေ
ပွင့်သော ပန်းတိုင်း လှပါစေ
လှသော ပန်းတိုင်း မွှေးပါစေ...။
ညီညွတ်ခြင်း၊ ချစ်ခင်ခြင်း
စည်းရုံးခြင်း ငြိမ်းချမ်းခြင်း၊
ဖွံ့ဖြိုးတိုးတက်ခြင်းဟူသော
ပန်းခင်းတို့သည်
နိုင်ငံတော်အနှံ့
ပျံ့သင်းစေသတည်း...။
ထုံသင်းစေသတည်း...။
ကြိုင်သင်း ပါစေသတည်း...။ ။

# နောင်တရားမြို့အထကကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**နောင်တရား ဇွန် ၁၁**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားမြို့ အခြေခံပညာအထက်တန်းကျောင်းဝင်း အတွင်း၌ နောင်တရားမြို့ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ယနေ့ နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ နောင်တရားနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ဒေသခံပြည်သူများက ကျောင်းတွင်း၊ ကျောင်းပြင် သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို မြို့အုပ်ချုပ်ရေးမှူး ဦးစိုင်းချမ်းမြွေဝင်းက ကြီးကြပ်ဆောင်ရွက်ပြီး ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခွန်အောင်(နောင်တရား)**

# ရန်ကုန်တိုင်းဒေသကြီး၌ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးက တည်ဆောက်ပေးခဲ့သော ဝန်ထမ်းအိမ်ရာနှင့် ပြည်သူ့အတွက် အငှား၊ အရောင်းအိမ်ရာများ(၁)

**ရန်ကုန်တိုင်းဒေသကြီးသည် ၃၉၆၇ ဒသမ ၈၆ စတုရန်းမိုင်ကျယ်ဝန်း၍ တိုင်းဒေသကြီးအတွင်းရှိလူဦးရေမှာ ၇ ဒသမ ၈ သန်းကျော် ရှိသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းညွှန်ကြားရေးမှူးရုံးကို ရန်ကုန်မြို့၌ ၂၀၁၅ ခုနှစ် မေ ၄ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်ဖြစ်သော ဝန်ထမ်းအိမ်ရာများ၊ ပြည်သူများအတွက် တန်ဖိုးနည်း/တန်ဖိုးသင့် အရောင်းအိမ်ရာများ၊ ပြည်သူ့အငှားအိမ်ရာများကို တည်ဆောက်ပေးလျက်ရှိသည်။**

ခရမ်းစိုးမြင့်

ရန်ကုန်တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများ နေရေးအတွက် နိုင်ငံ့ဝန်ထမ်းအိမ်ရာကို မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် မြနန္ဒာလမ်းတွင် ရှစ်ခန်းတွဲ ငါးထပ် ၁၄ လုံး(အခန်းပေါင်း ၄၇၆ ခန်း)ကို တည်ဆောက်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ဌာန ၅၆ ခုမှ ဝန်ထမ်းများကို အိမ်ခန်းများ ငှားရမ်း၍ နေရာချထားပေးနိုင်ခဲ့သည်။ စီမံကိန်းကာလအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိဖြစ်ပြီး စီမံကိန်းတန်ဖိုးကျပ် ၁၀ ဒသမ ၂ ဘီလီယံခန့်ကို နိုင်ငံတော်က ခွင့်ပြုသုံးစွဲခဲ့ခြင်းဖြစ်သည်။

## ပြည်သူ့အငှားအိမ်ရာများ

### မဟာဗန္ဓုလအငှားအိမ်ရာ

မဟာဗန္ဓုလအငှားအိမ်ရာသည် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၂) လမ်းမကြီးနှင့် မဟာဗန္ဓုလလမ်းထောင့်တွင် တည်ရှိသည်။ မဟာဗန္ဓုလအငှားအိမ်ရာတွင် ရှစ်ခန်းတွဲ ငါးထပ်အဆောက်အအုံ အလုံး ၅၀ (အခန်းပေါင်း ၁၂၀၀) ကို စီမံကိန်းကာလအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုအစိုးရမှ တိုက်ရိုက်ခွဲဝေချထားသော ရန်ပုံငွေကျပ် ၂၀ ဘီလီယံဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရက ကြီးကြပ်ဆောင်ရွက်ခဲ့ပြီး အခန်းများကို နေရာချထားပေးနိုင်ခဲ့ကာ အိမ်ရာစီမံခန့်ခွဲကြီးကြပ်မှုကို မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့သည်။

### ဒဂုံမြို့သစ်(တောင်ပိုင်း) ပြည်သူ့အငှားအိမ်ရာစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိမြေ ၁၇၁ ဧကပေါ်တွင် ပထမအဆင့်အနေဖြင့် အဆောက်အအုံ ၁၉၄ လုံး(အခန်းပေါင်း ၃၁၀၄ ခန်း)တည်ဆောက်လျက်ရှိပြီး ကိုဗစ်-၁၉ ကာလနှင့် ဆောက်လုပ်ရေးကဏ္ဍအပေါ် သက်ရောက်မှုခေါင်းစဉ်ဖြင့် ယခင်အစိုးရနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းတို့ ၃-၇-၂၀၂၀ ရက်က ဆွေးနွေးမှုအပြီး ဆောက်လုပ်ရေးကဏ္ဍမှတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်နှင့် အိမ်လခဈေးနှုန်းကြီးမြင့်မှု ခံစားနေရပြီး အိမ်ရာဝယ်ယူနိုင်စွမ်းမရှိသော ပြည်သူများ၏ နေရေးအခက်အခဲကို ဖြေရှင်းပေးနိုင်ရန် ပြည်သူ့အငှားအိမ်ရာအိမ်ခန်း ၁၀၀၀၀ ကို ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ စီမံကိန်းရန်ပုံငွေရရှိမှုအရ ပထမအဆင့်အနေဖြင့် အဆောက်အအုံ ၁၉၄ လုံး(အခန်း ၃၁၀၄ ခန်း) ကို မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်(MCEF)နှင့် မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်(MLCA) တို့က တာဝန်ယူတည်ဆောက်လျက်ရှိသည်။



ဒဂုံမြို့သစ်(တောင်ပိုင်း)မှ ပြည်သူ့အငှားအိမ်ရာ အခန်း ၁၀၀၀၀ စီမံကိန်း ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

## တန်ဖိုးသင့်/တန်ဖိုးနည်း အိမ်ရာစီမံကိန်းများ

### ကျန်စစ်မင်းအိမ်ရာ

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၈)ရပ်ကွက်ရှိ မြို့နယ်ရုံးပေါင်းစုံ၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်တရားရုံး၊ မြို့နယ်ခန်းမ၊ ပြည်သူ့ဆေးရုံ၊ ထီးလှိုင်ရှင်အိမ်ရာတို့ ပါဝင်နေသော မြေဧရိယာဧက ၅၀ ပေါ်တွင် တိုက် ၇၃ လုံး (အိမ်ခန်းပေါင်း ၂၃၇၂ ခန်း) ပါဝင်သော တန်ဖိုးနည်းအိမ်ရာ (Low Cost Housing)ကို ကျန်စစ်မင်းအိမ်ရာစီမံကိန်း အပိုင်း(၁)ဟု သတ်မှတ်ထားသည်။ ဧရိယာ ၂၇ ဧကပေါ်တွင် တိုက် ၆၆ လုံး(အိမ်ခန်းအကျယ် ၆၃၂ ခန်း)ပါဝင်သော တန်ဖိုးသင့်အိမ်ရာ(Medium Cost Housing)ကို ကျန်စစ်မင်းအိမ်ရာစီမံကိန်း အပိုင်း(၂) ဟု သတ်မှတ်ထားသည်။ ကျန်စစ်မင်း တန်ဖိုးနည်း/တန်ဖိုးသင့်အိမ်ရာ စီမံကိန်းသည် နိုင်ငံတော်အစိုးရ၏ တန်ဖိုးနည်းအိမ်ရာများကို အားပေးသည့် မူဝါဒအရ တည်ဆောက်မှုကုန်ကျစရိတ်များကို ပြည်ထောင်စုဘတ်ဂျက်မှ ခွင့်ပြုထောက်ပံ့ပေးသဖြင့် အိမ်ခန်းများကို ဈေးနှုန်းသက်သာပြီး အခြေခံလိုအပ်ချက်များ ပြည့်စုံအောင် ဆောင်ရွက်ပေးထားနိုင်ခဲ့သည်။

ကျန်စစ်မင်းအိမ်ရာ အပိုင်း(၁)ကို ၂၀၁၄ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ၂၀၁၇ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးပြီး ၂၀၁၈ တွင် CHID ဘဏ်ချေးငွေဖြင့် စတင်ရောင်းချသည်။ အပိုင်း(၂)ကို ၂၀၁၇ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ပြီး တည်ဆောက်ပြီးစီးသည့်အခန်းများကို အများပြည်သူထံသို့ စတင်ရောင်းချပေးခဲ့သည်။

### ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာစီမံကိန်း

ဝင်ငွေနည်းပြည်သူများ တိုက်ခန်းဝယ်ယူနေထိုင်နိုင်စေရန်၊ တိုက်ခန်းဈေးနှုန်းသက်သာမှုရှိစေရန် ၂၀၁၃ ခုနှစ်က ရွှေ့ပြောင်းစီမံကိန်းအဖြစ် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ ၄၆၈ စတုရန်းပေကျယ်ဝန်းသော အိမ်ခန်းတစ်ခန်းလျှင် မြေညီထပ် ကျပ်သိန်း ၁၂၀၊ ပထမထပ် ၁၁၂ သိန်း၊ ဒုတိယထပ် ၁၀၆ သိန်း၊ တတိယထပ် ၉၈ သိန်းဖြင့် ရောင်းချပေးနိုင်ခဲ့သည်။

ရွှေလင်ပန်း တန်ဖိုးနည်းအိမ်ရာစီမံကိန်း အပိုင်း(၁)တွင် ခြောက်ခန်းတွဲ လေးထပ်တိုက် ၃၂ လုံး (အိမ်ခန်းပေါင်း ၇၆၈ ခန်း) ပါဝင်သည်။ ထူးခြားချက်မှာ တိုက် ၂၄ လုံးသည် Steel Structure ဖြင့် ဆောက်လုပ်ထားသော ခြောက်ခန်းတွဲ လေးထပ်တိုက်များဖြစ်ပြီး ရွှေလင်ပန်း တန်ဖိုးနည်းအိမ်ရာစီမံကိန်းအပိုင်း(၂) တွင် ရှစ်ခန်းတွဲ လေးထပ်တိုက် ၁၆ လုံး (အိမ်ခန်းပေါင်း ၄၉၆ ခန်း) ပါဝင်သည်။

ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာစီမံကိန်း အပိုင်း(၃)တွင် ခြောက်ခန်းတွဲ လေးထပ်တိုက် ၂၁ လုံး (အိမ်ခန်းပေါင်း ၅၀၄ ခန်း) ပါဝင်သည်။ ကော်မတီများကို အိမ်ရာအပိုင်း(၁)၊ (၂)၊ (၃) တို့တွင် ဖွဲ့စည်းတာဝန်ပေးထားပြီး အိမ်ရာများကို ခြံစည်းရိုးကာရံ၍ Gated Housing ပုံစံ ဆောင်ရွက်ပေးထားသည်။ ဓမ္မာရုံအဆောက်အအုံတစ်ခုကို ခြံဝင်းနှင့်တကွ တည်ဆောက်ပေးထားပြီး ကွန်မြူနတီစင်တာအဖြစ်လည်း အသုံးပြုလျက်ရှိသည်။

### ယုဇနတန်ဖိုးနည်းအိမ်ရာစီမံကိန်း

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ယုဇနဥယျာဉ်မြို့တော်အိမ်ရာ စီမံကိန်းဝင်းအတွင်း ယခင် ၁၉၉၈-၂၀၀၈ ခုနှစ်က တည်ဆောက်ခဲ့သော ယုဇနကုမ္ပဏီ၏ တန်ဖိုးနည်းအိမ်ရာ တိုက်အလုံး ၇၅၀ (အိမ်ခန်းပေါင်း ၁၁၅၄၀) နှင့် ယှဉ်တွဲလျက် ၂၀၁၅ ခုနှစ်တွင် ယုဇနတန်ဖိုးနည်းအိမ်ရာစီမံကိန်း အပိုင်း(၁)၊ အပိုင်း(၂)၊ အပိုင်း(၃) တို့ကို ထပ်မံတည်ဆောက်ခြင်းဖြစ်သည်။

အသစ်ဆောက်လုပ်သည့် ယုဇနတန်ဖိုးနည်းအိမ်ရာများမှာ ခြောက်ခန်းတွဲ လေးထပ်၊ ရှစ်ခန်းတွဲ လေးထပ်နှင့် ၁၂ ခန်းတွဲ လေးထပ် ပုံစံများဖြစ်သည်။ ယုဇနအပိုင်း(၁)တွင် တိုက်ခန်း ၈၆၄ ခန်း၊ ယုဇနအပိုင်း (၂)တွင် တိုက်ခန်း ၁၁၅၂ ခန်း၊ ယုဇနအပိုင်း(၃) တွင် တိုက်ခန်း ၁၄၅၆ ခန်းပါဝင်ပြီး လူကြိုက်များပြီး ဝယ်လိုအားများနေသောကြောင့် ယုဇနအပိုင်း(၄) အဖြစ် တိုက်ခန်း ၆၄ ခန်း ထပ်မံဆောက်လုပ်ရန် စီစဉ်ထားသည်။

ယုဇနတန်ဖိုးနည်းအိမ်ရာ စီမံကိန်းအတွက် လိုအပ်သော Social Infrastructure များကို ပြည်ထောင်စုဘတ်ဂျက်မှ ထောက်ပံ့ပေးခဲ့သဖြင့် အိမ်ခန်းများကို ဈေးနှုန်းသက်သာပြီး နေထိုင်မှုပတ်ဝန်းကျင်ကောင်းမွန်အောင် ဖန်တီးတည်ဆောက်ပေးနိုင်ခဲ့ပါသည်။ သယ်ယူပို့ဆောင်ရေးအတွက် YBS ဘတ်စ်ကားလမ်းကြောင်းများ နေရာချပေးထားသည်။ ဝယ်ယူစားသုံးနိုင်ရန် စီးတီးမတ်၊ Hawker Center၊ မြသီတာပန်းခြံ၊ စားသောက်ဆိုင်များနှင့် ယုဇနဈေးတို့ကို နေရာချထားပေးပြီး ခုတင် (၅၀၀) ပြည်သူ့ဆေးရုံကြီးကိုလည်း တည်ဆောက်လျက်ရှိသည်။

> “ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၈)ရပ်ကွက်ရှိ ကျန်စစ်မင်း တန်ဖိုးနည်း/တန်ဖိုးသင့်အိမ်ရာ စီမံကိန်းသည် နိုင်ငံတော်အစိုးရ၏ တန်ဖိုးနည်းအိမ်ရာများကို အားပေးသည့် မူဝါဒအရ တည်ဆောက်မှုကုန်ကျစရိတ်များကို ပြည်ထောင်စုဘတ်ဂျက်မှ ခွင့်ပြုထောက်ပံ့ပေးသဖြင့် အိမ်ခန်းများကို ဈေးနှုန်းသက်သာပြီး အခြေခံလိုအပ်ချက်များ ပြည့်စုံအောင် ဆောင်ရွက်ပေးထားနိုင်ခဲ့သည် ”

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၂-၆-၂၀၂၂ တနင်္ဂနွေနေ့

**MRTV HD**

**၀၆:၀၀** ပေဋကသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ဒီပိုကရေစီဆိုသည်မှာ
**၀၉:၁၀** တရုတ်ကာတွန်း 'ပါးကွက်ဇက်ခွန်တားခန်း' (အပိုင်း-၃)
**၁၀:၀၀** သတင်းသမားပြောတဲ့သတင်းစကား
**၁၀:၃၀** 'Music Gallery-3' တေးဂီတဖျော်ဖြေပွဲ
**၁၁:၄၅** အသိပညာနှင့်အမှန်တရား
**၁၂:၃၀** MRTV National News
**၁၄:၀၀** မြန်မာဂန္ထဝင်ရုပ်ရှင် 'နှမပယ်ထွေးငယ်ပါသေး' (လင်းထင်၊ ဆွေဇင်ထိုက်၊ အေးအေးသင်း)
**၁၇:၁၀** ထူးခြားစုံလင် အာရုပစိတ်အစီအစဉ်
**၁၇:၃၀** ရာဇဝင်ထဲက သမိုင်းအနုပညာ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** သုတဝေဖြာ သီရိဂေဟာ
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လျှို့ဝှက်ချက်' (အပိုင်း-၉၇)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** ဘဝနှင့်အနုပညာ
**၂၁:၁၅** ဆေးရောင်စုံရုပ်ရှင် 'သိပ်ချစ်တယ်ဒီက' (ရန်အောင်၊ စိုးသူ၊ ထွန်းအိန္ဒြာဗို၊ မေသဥ္စာဦး)

**mitv**

**07:01** Myitta Phyan Mha Lenn Senn Mal (Thida Theint)
**07:09** Great Shwedagon - Historic And Mysterious Places
**07:38** Myanmar Traditional Thatched Roofs: Nipa Palm
**07:54** Dances of Myanmar: Muun Traditional Dance
**08:01** Myanmar Traditional Brass Embossed Painting
**08:20** Today Myanmar
**08:28** Products of Myanmar - Pottery Business
**08:45** Myanmar Masterclass: Artist Shwe Yoe Yar
**09:01** News
**09:26** Global Partnership for Brighter Future: Bulgaria Pavilion at Expo 2020 Dubai
**09:35** The Longest Living Siblings (Part-1)
**10:01** Thin Byu Mat

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
နှစ်(၁၀၀)ကျော်ရှိပြီးဖြစ်တဲ့ကရင်ရိုးရာလုံချည်
**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၃)
**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ဆီးချိုရောဂါအတွက် စားပေးသင့်သောသစ်သီးများ
**ချင်း (ချို) (၀၉:၀၀ မှ ၁၀:၀၀)**
လည်ပတ်ချင်စရာ ချပ်ကျေးရွာ(အပိုင်း-၁)
**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ဒူရင်းသီး၏ကျန်းမာရေးအကျိုးကျေးဇူး
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
လဖြမ်းမြေမှ ရိုးရာအလှ(အပိုင်း-၁)
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ရွှေချမ်းသာဖောင်တော်ဦးဘုရားပွဲ
**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ကွမ်းရွက်စိုက်ပျိုးခြင်း
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
အနစ်နာခံသောသူရဲကောင်း
**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
တောင်ပေါ်ဒေသတို့လက်ရာ(ကြက်သားဘူးချဉ်ဟင်း)
**ဝကေကရင် (၂၂:၀၀ မှ ၂၃:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၁၂)

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အရိပ်တကြည့်ကြည့်'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၈)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ) (အပိုင်း-၁)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၈)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၄၅** သုတဝေစည်တောင်သူဆီ
**၀၇:၀၀** ဆင်သေလက်ဝဲလက်တံမြောင်း တိုးချဲ့တည်ဆောက်ခြင်း
**၀၇:၂၅** မွေးမြူရေးရာအဖြာဖြာ
**၀၈:၃၀** အရည်အသွေးကောင်းသစ်များထုတ်လုပ်ရေး အပင်ရောဂါကာကွယ်ပေး
**၀၉:၀၀** စာသင်ခန်းမှသည်လယ်တောဆီ
**၀၉:၅၀** မင်းဘူးဒေသထွက်ကညွတ်သီးနှံ

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀) နာရီမှ တစ်ကြိမ်လျှင် (၄) နာရီ (၆) ကြိမ်နှုန်း (၂၄) နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သင်တန်းသားများ နေပြည်တော် MRTV တွင် လေ့လာ



**နေပြည်တော် ဇွန် ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သင်တန်းသား၊ သင်တန်းသူ ၅၂ ဦးတို့သည် ယနေ့နံနက်ပိုင်းက နေပြည်တော် - တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရုပ်သံထုတ်လွှင့်မှုဆိုင်ရာများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်တို့တွင် လေ့လာကြသည်။ **(ယာပုံ)**

အဆိုပါ လေ့လာရေးအဖွဲ့ဝင်များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်မှုများတွင် အသုံးပြုခဲ့သည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေး မော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှုပုံစံငယ်များ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ တူရိယာပစ္စည်းများ၊ သတင်းစတူဒီယိုခန်းများ၊ ရေဒီယိုအစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်း ဓာတ်ပြားများနှင့် အခြား အသုံးအဆောင်ပစ္စည်းများစသည့် စုစုပေါင်း ပြခန်း ၄၀ တွင် ခင်းကျင်းပြသထားမှုများ အပြင် ပင်မအဆောက်အဦအတွင်း ရုပ်သံထုတ်လွှင့်မှု လုပ်ငန်းများအား လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

အဆိုပါ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ သင်တန်းသား သင်တန်းသူများသည် အရာရှိစွမ်းရည်မြှင့်သင်တန်း (၂/၂၀၂၂)ကို ဇွန်လ ၆ ရက်မှ ၁၇ ရက်အထိ ဒုတိယညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူး ၂၂ ဦးဖြင့် လည်းကောင်း၊ E – Library Management System Software အသုံးပြုနည်းသင်တန်း (၂/၂၀၂၂)သို့ ဇွန်လ ၆ ရက်မှ ၁၀ အထိ သင်တန်းသား သင်တန်းသူ ၃၀ ဖြင့် လည်းကောင်း တက်ရောက်ခဲ့ကြပြီးနောက် သက်ဆိုင်ရာဒေသအသီးသီးသို့ ပြန်လည်မထွက်ခွာမီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ လာရောက်ပြီး ရုပ်သံထုတ်လွှင့်မှုများကို လေ့လာကြခြင်းဖြစ်သည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၁ - ၆ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၅၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၃၄၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၅၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၃၄၁၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၃၅ ကျပ် | ၂၅၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၆၅ ကျပ် | ၂၆၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၆၀ ကျပ် | ၂၃၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၁၅ ကျပ် | ၂၃၆၀ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၆၀ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၃၉ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၂၁၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၈၂ . ၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၀ . ၂၆ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၆ . ၄၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၇၇၀ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၆၀၀ | ၇၆၀၀ | ၄၉ | ၃၇၂၄၀၀ |
| MTSH | ၂၇၀၀ | ၂၇၀၀ | ၅၉၈ | ၁၆၁၄၆၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၄ | ၃၂၀၀၀ |
| FPB | ၁၈၀၀၀ | ၁၈၀၀၀ | ၁၀ | ၁၈၀၀၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၇၁ | ၁၈၄၆၀၀ |
| EFR | ၂၆၅၀ | ၂၅၅၀ | ၇၁ | ၁၈၃၀၅၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၁၀ | ၅၀၀၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - မြင့်စိုး |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း | - သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၄၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၄၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၄၁၀၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၃၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၄၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ရေချိုဒေသ၌ ရေပေါ်လှောင်အိမ်ဖြင့် ငါးမွေးမြူခြင်း၏ အကျိုးကျေးဇူးများ

**ပင်လယ်ပြာ(ငါးဦးစီး)**



ချောင်းမငယ်ဆည်၌ ရေပေါ်လှောင်အိမ် ငါးမွေးမြူနည်းစနစ် စမ်းသပ်ဖော်ဆောင်ထားစဉ်။

**ကျွန်မတို့ မြန်မာနိုင်ငံတွင် ကျေးလက်ဒေသ စီးပွားရေးဖွံ့ဖြိုးစေရန် စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိရာ ယခုအခါ အောင်မြင်မှုများစွာ ရရှိနေပြီဖြစ်ပါသည်။ ယနေ့ခေတ်ကာလသည် နှစ်စဉ်လူဦးရေတိုးတက်လျက်ရှိရာ ကမ္ဘာ့လူဦးရေနှင့်အညီ စားနပ်ရိက္ခာကို အချိုးညီ တိုးတက်ထုတ်လုပ်နိုင်ရန် နည်းပညာများ ရှာဖွေကြိုးပမ်းအားထုတ်နေကြသည့်ကာလတွင် ရေပေါ်လှောင်အိမ်ဖြင့် ငါးမွေးမြူသည့် စီမံကိန်းမှာလည်း ကျေးလက်ဒေသ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အမှန်တကယ် အထောက်အကူဖြစ်စေမည့် နည်းပညာတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် ရေပေါ်လှောင်အိမ်ဖြင့် ငါးမွေးမြူခြင်း၏ အကျိုးကျေးဇူးများကို ဖော်ပြပေးပါမည်။**

ရေပေါ်လှောင်အိမ်စနစ်ဖြင့် ငါးမွေးမြူခြင်းသည် သဘာဝရေအရင်းအမြစ်ကို တိုက်ရိုက် ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်ခြင်း၊ မြေသားကန်များ တူးဖော်ရန် မလိုအပ်၍ မြေပြင်အရင်းအမြစ်ကို အသုံးချမှု လျှော့ချနိုင်ခြင်းတို့အပြင် ငါးထည့်သွင်းမွေးမြူမှုနှုန်းကို တိုးမြင့်စေမည်ဖြစ်သည်။ ထို့ပြင် ငါးများ၏ ရှင်သန်နှုန်းနှင့် ကြီးထွားနှုန်းကို မြင့်မားစေသလို တစ်ယူနစ် ဧရိယာအတွင်း ငါးထွက်ကုန်ပမာဏ မြင့်မားစေခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ပြန်လည်ဖမ်းဆီးရာတွင် လွယ်ကူခြင်း စသည့် အကျိုးကျေးဇူးများသာမက ကျေးလက်ဒေသများတွင် အလုပ်အကိုင်အခွင့်အလမ်းများလည်း ဖန်တီးပေးနိုင်မည်ဖြစ်သည်။

### ကနဦးစမ်းသပ်

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့်လည်း ရေပေါ်လှောင်အိမ်စနစ်ဖြင့် ငါးမွေးမြူခြင်းကို နေပြည်တော် လယ်ဝေးမြို့နယ်ရှိ ချောင်းမငယ်ဆည်၌ ကနဦးစမ်းသပ်လျက်ရှိသည်။ ချောင်းမငယ်ဆည်တွင် ရေပေါ်လှောင်အိမ် ငါးမွေးမြူနည်းစနစ် ဖော်ဆောင်ရာတွင် တီလားပီးယား ငါးမျိုးစိတ်ကို စမ်းသပ်မွေးမြူထားသည်။

ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အဆင်ပြေစေရေး၊ ငါးဈေးနှုန်းများ တည်ငြိမ်ကျဆင်းလာစေရေး၊ ဒေသတွင်း ငါးထုတ်လုပ်မှု တိုးတက်လာစေရေး၊ ကျေးလက်နေ ပြည်သူများ ဝင်ငွေတိုးတက်ရရှိစေရေး၊ ဈေးနှုန်းသက်သာပြီး အရသာကောင်းမွန်သည့်ငါးများကို ဒေသတွင်း၌ ပြည်သူလူထု လုံလုံလောက်လောက် စားသုံးနိုင်ရေး၊ ပုံမှန်မွေးနေကျ ငါးကန်တူးခြင်းထက် စရိတ်စက၊ ကုန်ကျစရိတ်များ သက်သာပြီး စရိတ်ကျဉ်းကျဉ်းဖြင့် မွေးမြူနိုင်ရေး ရည်ရွယ်စမ်းသပ်နေခြင်းဖြစ်သည်။

ချောင်းမငယ် ရေပေါ်လှောင်အိမ် ငါးမွေးမြူရေးလုပ်ငန်းတွင် လှောင်အိမ် ငါးခုရှိသည်။ ရေလှောင်တမံအတွင်း အလျား x အနံ ၁၂ ပေ၊ အနက် ၈ ပေ ရှိသည့် အလတ်စား စီးပွားဖြစ် မွေးမြူနိုင်သည့် လှောင်အိမ်လေးလုံး တည်ဆောက်ထားရှိပြီး တစ်လုံးလျှင် တီလားပီးယားငါးသားပေါက် ကောင်ရေ ၁၀၀၀ နှုန်းဖြင့် မွေးမြူထားသည်။ အခြားတစ်ကန်ကို တောင်သူပညာပေးအနေဖြင့် မွေးမြူထားသည်။

အချိန်ကာလအားဖြင့် (၅-၆)လ အကြာတွင် မည်မျှအကျိုးအမြတ်ရှိမည်ကိုသိရန် တီလားပီးယားငါးကို ရေပေါ်အစာကျွေးပြီး စမ်းသပ်မွေးမြူနေသည်။ ဒေသခံပြည်သူများကိုလည်း အသိပညာပေးရင်း၊ နည်းစနစ်ပြသရင်း စမ်းသပ်မွေးမြူ ဆောင်ရွက်နေခြင်းဖြစ်သည်ဟု သိရသည်။

### လှောင်အိမ်တည်ဆောက်မှု

ရေပေါ်လှောင်အိမ်စနစ်ဖြင့် ငါးမွေးမြူရာတွင် လှောင်အိမ် တည်ဆောက်မှုက အဓိကကျသည်။ ချောင်းမငယ်ရေလှောင်တမံ၌ လှောင်အိမ်အကြီးလေးခုကို ပလတ်စတစ်တိုင်ကီပုံးအပြာဖြင့် ပြုလုပ်ထားသည်။ သို့သော်လည်း ဒေသခံများ တစ်ပိုင်တစ်နိုင် လုပ်နိုင်စေရန် ၁၀ ပိဿာဝင် ပလတ်စတစ်ဆီပုံး အဝါလေးများနှင့် ဒေသထွက် ဝါး၊ မျှောများဖြင့်လည်း တစ်ကန် ပြုလုပ်ထားသဖြင့် ကုန်ကျစရိတ်သက်သာပြီး ပိုက်ဖိုးသာ ကုန်ကျစရိတ်ရှိကြောင်း၊ ဒေသခံများအနေဖြင့် စီးပွားဖြစ်ရော၊ တစ်ပိုင်တစ်နိုင်ရော မွေးမြူနိုင်ကြောင်း လက်တွေ့သရုပ်ပြထားပြီးဖြစ်သည်။

### မွေးမြူသည့်ကာလ

လှောင်အိမ်စနစ်ဖြင့် မွေးမြူပြီး ငါးစာကျွေးခြင်းကို တစ်ရက်လျှင် (၄-၆)ကြိမ် အထိ ငါးအရွယ်အစားနှင့် အလေးချိန်အပေါ် မူတည်ပြီး ကျွေးနိုင်သည်။ မွေးမြူချိန်ကာလအနေဖြင့် ဈေးကွက်ဝင်အရွယ်ရောက်ရှိရန် (၅-၆)လအထိ မွေးမြူရမည်ဖြစ်သည်။

ချောင်းမငယ် ရေပေါ်လှောင်အိမ် ငါးမွေးမြူရေးတွင် နှစ်လက်မ၊ သုံးလက်မအရွယ် တီလားပီးယားငါးများကို စတင် စမ်းသပ်မွေးမြူလျက်ရှိပြီး မွေးမြူချိန် (၅-၆)လအကြာတွင် ဈေးကွက်သို့ တင်ပို့နိုင်ကာ တစ်နှစ်လျှင် နှစ်ကြိမ် မွေးမြူနိုင်သောကြောင့် ငါးမွေးသူများ အချိန်တိုအတွင်း ဝင်ငွေရရှိစေမည်ဖြစ်သည်။

တီလားပီးယားငါးမျိုးစိတ်ကို စမ်းသပ်မွေးမြူပြီးနောက် ရရှိလာသော ရလဒ်အပေါ် အခြေခံ၍ ပြည်ပဈေးကွက်ဝင် ကကတစ်ငါးကိုလည်း ဆက်လက်မွေးမြူမည်ဖြစ်ကြောင်း၊ ချောင်းမငယ် ရေလှောင်တမံ၌ ရေပေါ်လှောင်အိမ်စနစ်ဖြင့် မွေးမြူနေမှုအပြင် အထက်ပေါင်းလောင်းဆည်၌လည်း ဆက်လက်မွေးမြူမည်ဖြစ်ကြောင်း သိရသည်။

### လှောင်အိမ်ထားရှိရန် နေရာရွေးချယ်ခြင်း

ရေပေါ်လှောင်အိမ်စနစ်ဖြင့် ငါးမွေးမြူရာတွင် လှောင်အိမ်ထားရှိရန် နေရာရွေးချယ်ခြင်းကလည်း အရေးပါလှသည်။

ရေပေါ်လှောင်အိမ်ထားရှိရန် နေရာရွေးချယ်ရာတွင်-

၁။ မွေးမြူမည့် ငါးမျိုးစိတ်၏ လိုအပ်ချက်နှင့်ကိုက်ညီသော ရေအရည်အသွေး(ရေအပူချိန်၊ ပျော်ဝင်အောက်ဆီဂျင်၊ ရေချဉ်ဖန်နှုန်း စသည်များ။) (မွေးမြူစဉ်ကာလအတွင်း ပြောင်းလဲလာမည့် ရေအရည်အသွေး)ကို ထည့်သွင်းစဉ်းစားရပါမည်။

၂။ ရေအနက်သည် နှစ်မီတာကျော် ဖြစ်ရပါမည်။ လှောင်အိမ်အောက်ခြေသည် ရေပြင်အောက်ခြေနှင့် အနည်းဆုံး တစ်မီတာ ဝေးကွာရမည်ဖြစ်သည်။ ရေပြင်ကျယ်ပြီး ရေအရည်အသွေးကောင်း၍ ရေနက်သောနေရာများဖြစ်သည့် သဘာဝရေကန်များ၊ မြစ်များနှင့် ရေလှောင်တမံများ၌ မွေးမြူနိုင်သည်။

၃။ လှောင်အိမ်ကို လေကွယ်ပြီး ရေစီးနှုန်းနှေးသော နေရာ၊ ရေနက်သောနေရာများတွင် ထားရှိရပါမည်။ ရေစီးနှုန်း တစ်စက္ကန့်လျှင် ၀ ဒသမ ၁ မီတာမှ ၀ ဒသမ ၂ မီတာရှိသောရေပြင် ဖြစ်ရပါမည်။

၄။ ရေပြင်အောက်ခြေ၌ ရေပေါက်ပင်များနှင့် ကာလကြာရှည် ပြဿနာများဖြစ်နိုင်သည့်နေရာ မဖြစ်ရပါ။ ရေပြင်အောက်ခြေသည် ရေနောက်ကျိခြင်းမှကာကွယ်နိုင်ရန် ရွှံ့စေးမြေအောက်ခြေ ကြမ်းပြင် ဖြစ်ရပါမည်။

၅။ လှောင်အိမ်များတပ်ဆင်ထားရှိမည့်နေရာသည် ရေကြောင်းသွားလာမှု အဓိကလုပ်ဆောင်နေသော နေရာများကို ပိတ်ဆို့ခြင်း မဖြစ်ရပါ။ ပုံမှန်စီမံခန့်ခွဲမှုပြုလုပ်ရန် လွယ်ကူအဆင်ပြေသော နေရာ ဖြစ်ရပါမည်။

၆။ လှောင်အိမ်များထားရှိမည့် ရေပြင်နေရာသည် မျက်နှာပြင်၌ အညစ်အကြေးများဖြင့် အဆီဝေ့နေသောရေပြင် မဖြစ်ရပါ။ သဘာဝငါးရိုင်းများ အလွန်များပြားသောနေရာ မဖြစ်ရပါ။ အောက်ဆီဂျင်လျော့နည်းသောနေရာ မဖြစ်ရပါ။ မွေးမြူကာလအတောအတွင်း ရေမျက်နှာပြင်၏ အနိမ့်အမြင့် အတက်အကျသည် ၀ ဒသမ ၇ မီတာမှ တစ်မီတာအထိ မဖြစ်စေရပါ။

### အကျိုးရလဒ်များ

ရေပေါ်လှောင်အိမ်ဖြင့် ငါးမွေးမြူခြင်း၏ အကျိုးရလဒ်များမှာ

သဘာဝရေကန်၊ ဆည်၊ မြေကန်၊ စမ်းချောင်းနှင့် မြစ်များအပါအဝင် ရေအရင်းအမြစ်အမျိုးမျိုးတွင် မွေးမြူနိုင်ပြီး တည်ရှိဆဲရေပြင်အရင်းအမြစ်ကို အသုံးပြု၍ လှောင်အိမ်တည်ဆောက် မွေးမြူနိုင်သဖြင့် အရင်းအနှီးကုန်ကျစရိတ် နည်းပါးသည်။ ငါးများကို ပြန်လည်ဖမ်းဆီးခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ နမူနာဖမ်းယူစစ်ဆေးခြင်းနှင့် ဖမ်းဆီးကိုင်တွယ်မှု လုပ်ဆောင်ရန် ပိုမိုကောင်းမွန်သည်။

ငါးထည့်သွင်းမွေးမြူသည့် အရေအတွက်ကို ထိန်းချုပ်ကိုင်တွယ်ရန် ပိုမိုကောင်းမွန်ခြင်း၊ မွေးမြူထားသော ငါးများနှင့် ယှဉ်ပြိုင်အစာလုမည့် အခြားသော ငါးနှင့် ရေသတ္တဝါများ၊ အသားစားငါးများ အန္တရာယ်မှ ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်ခြင်း၊ ငါးအစာကို ထိရောက်စွာ အသုံးချနိုင်ခြင်း၊ သေဆုံးနှုန်း လျော့ကျစေနိုင်ခြင်း၊ တစ်ယူနစ်ဧရိယာအတွင်း ငါးထည့်သွင်းမွေးမြူနှုန်း မြင့်မားစွာ ထည့်သွင်းမွေးမြူနိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုများကို ချက်ချင်း(သို့မဟုတ်) အမြန် ပြန်လည်ရရှိစေခြင်း၊ လုပ်သားအင်အားလိုအပ်ချက် နည်းပါးခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေပါသည်။

ကျေးလက်ဒေသများမှ ငါးမွေးမြူရေးလုပ်ကိုင်နေသူများအနေဖြင့် ရေချိုဒေသ၌ သဘာဝရေအရင်းအမြစ်ကို တိုက်ရိုက် ထိရောက်အကျိုးရှိစွာ အသုံးချ၍ ရေပေါ်လှောင်အိမ်ဖြင့် ငါးမွေးမြူခြင်း၏ အကျိုးကျေးဇူးများအကြောင်းကို သိရှိ အသုံးချနိုင်စေရန် ရေးသားလိုက်ရပါသည်။ ။



**ချောင်းမငယ်ရေလှောင်တမံ၌ လှောင်အိမ်အကြီး လေးခုကို ပလတ်စတစ်တိုင်ကီပုံးအပြာဖြင့် ပြုလုပ်ထားသည်။ သို့သော်လည်း ဒေသခံများ တစ်ပိုင်တစ်နိုင်လုပ်နိုင်စေရန် ၁၀ ပိဿာဝင် ပလတ်စတစ် ဆီပုံး အဝါလေးများနှင့် ဒေသထွက် ဝါး၊ မျှောများဖြင့်လည်း တစ်ကန် ပြုလုပ်ထားသဖြင့် ကုန်ကျစရိတ်သက်သာပြီး ပိုက်ဖိုးသာ ကုန်ကျစရိတ်ရှိကြောင်း၊ ဒေသခံများအနေဖြင့် စီးပွားဖြစ်ရော၊ တစ်ပိုင်တစ်နိုင်ရော မွေးမြူနိုင်ကြောင်း လက်တွေ့သရုပ်ပြထားပြီးဖြစ်သည်**

# သရက်သီးတွင် ကျရောက်တတ်သည့်ပိုးများ စစ်တမ်းကောက်ယူ သုတေသနပြုလျက်ရှိ

မန္တလေး ဇွန် ၁၁

**မန္တလေးတိုင်းဒေသကြီးအတွင်း သရက်ခြံများမှ သရက်သီးများတွင် ကျရောက်တတ်သည့် ပိုးများကို စစ်တမ်းကောက်ယူ၍ သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း မြန်မာသရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး)မှ အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောကြားသည်။**



သုတေသနလုပ်ငန်းများကို နေပြည်တော် သီးနှံကာကွယ်ရေးအဖွဲ့၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် သရက်တောင်သူများ ပူးပေါင်းကာ ပြီးခဲ့သည့်မေလဆန်းမှစ၍ ဆောင်ရွက်နေကြောင်း၊ သရက်သီးတွင် တွေ့ရှိရသည့် သီးလုံးဖောက်ပိုး(ခေါ်) အစေ့ထိုးပိုး၊ အညှာရင်းပုပ်၊ မဲ့ပြောက်စွန်းရောဂါ၊ သီးထိုးယင် စသည့် ရောဂါများကို ခုတ်ခွဲစမ်းသပ်ခြင်းများပြုလုပ်ပြီး မဲ့သီးပိုးကျရောက်သည်ကို ဖော်ထုတ်သွားမည်ဖြစ်ကြောင်း သိရသည်။

"သရက်သီးနဲ့ပတ်သက်ပြီး ကိုယ့်ဒေသမှာဖြစ်တဲ့ ရောဂါကို စိုက်ပျိုးရေးဦးစီးဌာနကို တင်ပြကြပါတယ်။ အခုနောက်ပိုင်းမှာ အစေ့ထိုးပိုးပြဿနာပေါ်လာတယ်။ နေပြည်တော်က သီးနှံကာကွယ်ရေးအဖွဲ့ ဆင်းလာပြီး မန္တလေးတိုင်းဒေသကြီးအတွင်းက သတ်မှတ်ထားတဲ့ သရက်ခြံတွေက အသီးတွေကိုဝယ်ယူပြီး ခုတ်ခွဲခြင်းများ ပြုလုပ်သွားမှာပါ။ အစေ့ထိုးပိုးဟာ ဘယ်အဆင့်မှာ ဘယ်လိုဖြစ်တယ်ဆိုတာကို သုတေသနပြုလုပ်နေတာပါ။ နေရာဒေသစုံက အသီးနမူနာတွေကိုယူပြီး ခုတ်ခွဲစမ်းသပ်ပြီးတော့ ပြန်လည်ဖော်ထုတ်ပေးသွားမှာပါ။ အခုလို စိုက်ပျိုးရေးဦးစီးဌာနနဲ့ တောင်သူတွေ ပူးပေါင်းပြီး ပိုးတွေကို သုတေသနပြုလုပ်ဆောင်တာ သရက်ခြံတောင်သူတွေအတွက် ကောင်းတဲ့အလားအလာပါ" ဟု ၎င်းက ရှင်းပြသည်။

ယခုကဲ့သို့ သုတေသနပြုလုပ်ဆောင်နေခြင်းကြောင့် ရောဂါပိုးကင်းရှင်းသည့် သီးနှံများအဖြစ် နိုင်ငံတကာဈေးကွက်သို့တင်ပို့ရာတွင် အလားအလာကောင်းသည့်အပြင် စားသုံးသူများအတွက်လည်း ဘေးအန္တရာယ်ကင်းရှင်းမည်ဖြစ်ကြောင်း၊ လာမည့်နှစ်များတွင်လည်း ကျရောက်တတ်သည့် ရောဂါပိုးမွှားများကို ပူးပေါင်းနှိမ်နင်းနိုင်ပါက သရက်သီးအရည်အသွေး ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဟိုင်းကြီးကျွန်းမြို့၌ ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေး

**ဟိုင်းကြီးကျွန်း ဇွန် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့တွင် ငါးသယံဇာတများ မပြုန်းတီးစေရေးအတွက် ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေး ဟောပြောပွဲကို ဟိုင်းကြီးကျွန်းမြို့ ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ဇွန် ၉ ရက်က ပြုလုပ်သည်။



ဟောပြောပွဲတွင် ဟိုင်းကြီးကျွန်းမြို့ ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသန်းထွန်းအောင်က မေ၊ ဇွန်၊ ဇူလိုင်လများသည် ငါးရစ်ငါးသန်ကာလဖြစ်ပြီး ငါးများ မိတ်လိုက်၊ ဥချ၊ သားပေါက်သည့်ရာသီချိန်ဖြစ်၍ အဆိုပါရာသီတွင် တားမြစ်ငါးဖမ်းကိရိယာများဖြင့် ငါးဖမ်းဆီးခြင်း၊ ပိုက်စိမ်းဘဝင်းထောင်ခြင်း၊ ဘက်ထရီရှော့တိုက်၊ မိုင်းခွဲ၊ အဆိပ်ချ၍ ငါးဖမ်းဆီးခြင်း၊ ကမ်းနီးတရွတ်ဆွဲ၍ ငါးဖမ်းဆီးခြင်း၊ ငါးမန်းဖမ်းဆီးခြင်း၊ ငါးမျှားစကြာဖြင့် ငါးဖမ်းဆီးခြင်း၊ သတ်မှတ်အတိုင်းအတာနှင့် မပြည့်မီသောကဏန်းများဖမ်းဆီးခြင်းတို့ကို မပြုလုပ်ကြရန်နှင့် ထိုသို့ပြုလုပ်၍ ဖမ်းဆီးပါက ငါးသယံဇာတများပြုန်းတီးသွားပြီး နောင်တွင် ငါးသယံဇာတရှားပါးလာမှုများနှင့် ရင်ဆိုင်ကြရမည်ဖြစ်ကြောင်းနှင့် ငါးသယံဇာတများသည် ဂေဟစနစ်ကိုထိန်းသိမ်းရာတွင်လည်း အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေသည့်အတွက် ငါးသယံဇာတများမပြုန်းတီးအောင် လိုက်နာဆောင်ရွက်ကြရမည့်အချက်များကို ဟောပြောခဲ့သည်။

ဟောပြောပွဲသို့ ကမ်းဝေး/ကမ်းနီး ရေလုပ်ငန်းရှင်များ၊ ရေလုပ်သားများနှင့် စိတ်ပါဝင်စားသူ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြပြီး သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ရာ ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**လှိုင်မျိုးအောင်(ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်၌ ပဲတီစိမ်းစိုက်ခင်းများ အောင်မြင်၍ သီးနှံပေါ်ချိန် ဈေးကောင်းရရှိရန် တောင်သူများ မျှော်လင့်

**ပွင့်ဖြူ ဇွန် ၁၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် မဲဇလီရေလွှဲဆည်ရေကို အမှီပြု၍ စိုက်ပျိုးခဲ့သည့် ပဲတီစိမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသဖြင့် သီးနှံပေါ်ချိန်တွင် ဈေးကောင်းရရှိရေးကို ဒေသခံတောင်သူများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများသည် မဲဇလီရေလွှဲဆည်ရေနှင့် မြေအောက်ရေဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို တစ်နှစ်ပတ်လုံး လုပ်ကိုင်ကြပြီး အဓိကစိုက်ပျိုးသည့် သီးနှံများမှာ စပါး၊ နှမ်း၊ နေကြာ၊ မြေပဲ၊ ပန်းနှမ်း၊ ပဲတီစိမ်း၊ ပဲထောပတ်၊ ကုလားပဲ၊ ပဲကြီး၊ ပဲစင်းငုံ စသည့် သီးနှံများဖြစ်သည်။ ယခုနှစ်တွင် ပဲတီစိမ်းသီးနှံစိုက်ခင်းများမှာ စိုက်ပျိုးရေလုံလောက်စွာရရှိသလို စနစ်တကျ စိုက်ပျိုးဆောင်ရွက်ခဲ့သဖြင့် အသီးသီးနှုန်းများ ကောင်းမွန်လျက်ရှိသည်။ "ဒီနှစ်စိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေဟာ အသီးအပွင့်တွေနဲ့ ဝေဆာနေပြီးတော့ အောင်မြင်ဖြစ်ထွန်းမှု ကောင်းတယ်။ ဒါ့ကြောင့် ပဲတီစိမ်း သိမ်းဆည်းရောင်းချချိန်မှာ ဈေးကောင်းရရှိဖို့ မျှော်လင့်မိပါတယ်" ဟု နန်းတော်ကျွန်းကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခု ၂၀၂၂-၂၀၂၃ မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၆၉၀၉၄ ဧက၊ ဖူးစားပြောင်း ဧက ၉၈၀၊ ပဲကြီး ၁၆၈၅ ဧက၊ ပဲစင်းငုံ ၆၃၆ ဧက၊ ပဲတီစိမ်း ၃၃၆၂ ဧက၊ နှမ်း ၈၉၂၄ ဧကတို့ အပါအဝင် ပဲအမျိုးမျိုး၊ နေကြာ၊ ဝါနှင့် အခြားသီးနှံများ စုစုပေါင်း မိုးသီးနှံ ၉၇၀၂၅ ဧကကို လျာထားစိုက်ပျိုးနေကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၏ စာရင်းအရ သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ကျောက်ဆည်မြို့နယ် မင်းရဲမြောင်းမှ တိုက်ရိုက် စိုက်ပျိုးရေပေးပြွန် ငါးလုံးကို ပြန်လည်ပြုပြင်လျက်ရှိ

**ကျောက်ဆည် ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်း စိုက်ပျိုးရေများ ပေးဝေရာတွင် ပြည့်ဝစွာပေးဝေနိုင်ရေးအတွက် မင်းရဲမြောင်းမှ တိုက်ရိုက်ရေပေးပြွန် ငါးလုံးကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက တာဝန်ယူပြီး ပြန်လည်ပြုပြင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေပြွန်များပြန်လည်ပြုပြင်ရာတွင် ပေတိုင်အမှတ် အာဒီ(၇+၄၀၀) နှင့် အာဒီ(၉+၉၃၀)အတွင်းမှ အရှည် ပေ ၂၀၊ အကျယ် ၁၂ လက်မပြွန် တစ်လုံး၊ အရှည်ပေ ၂၀၊ အကျယ် ကိုးလက်မပြွန် သုံးလုံး၊ အရှည်ပေ ၂၀၊ အကျယ် ခြောက်လက်မပြွန် တစ်လုံးတို့ကို ပြန်လည်ပြုပြင်ပေးသွားမည့်အပြင် ရေပြွန်ထိပ်နဖူးစည်းများ ကျောက်နံရံစီခြင်း၊ ထိန်းချုပ်ရေတံများ တပ်ဆင်ပေးခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရေပေးဝေပြွန်များ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးပါက သီးနှံမျိုးစုံစိုက်ပျိုးဧက ၄၀၀ အတွက် ရေများပေးဝေရာတွင် ရေပြွန်ထိပ်တံခါးများဖြင့် လွယ်ကူစွာ အဖွင့်အပိတ်ပြုလုပ်ပြီး ရေများ ပေးဝေနိုင်သဖြင့် ရေအလေအလွင့်ဆုံးရှုံးမှုနည်းပါးစွာ စိုက်ပျိုးသီးနှံများ အောင်မြင်သည်အထိ လိုအပ်သည့် ရေပမာဏ ပြည့်ဝစွာ ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ကျွန်းလှမြို့နယ်၌ မိုးစပါး ဧက ၂၉၀၀၀ ကျော် လျာထားစိုက်ပျိုးမည်

**ကျွန်းလှ ဇွန် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်လျက်ရှိရာ ယခုနှစ်တွင် မိုးစပါး ဧက ၂၉၀၀၀ ကျော် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောကြားသည်။

ကျွန်းလှမြို့နယ်အတွင်းရှိ လယ်ယာမြေများသည် မိုးကောင်းသောက်ဖြစ်သော်လည်း မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရန်အတွက် ချောင်းပိတ်၊ မြောင်းပိတ်နှင့် မြေအောက်ရေတင်ပြီး ပျိုးထောင်ခြင်း၊ မြေယာပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါး ၂၉၄၉၂ ဧက၊ ပဲမျိုးစုံ ၁၂၀၃၄ ဧက၊ ဆီထွက်သီးနှံ ၇၂၁၃ ဧက၊ အခြားသီးနှံ ၅၃၀၂၆ ဧက၊ နှစ်ရှည်ပင် ၁၅၄၉ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရ သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ခန္တီးမြို့၌ သဘာဝပိုးသတ်ဆေး၊ ပိုးနှင်ဆေးများ ပြုလုပ်နည်းသင်တန်းဖွင့်လှစ်

**ခန္တီး ဇွန် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့တွင် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲက ကြီးမှူး၍ စိုက်ပျိုးရေးဌာနရှိ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် သဘာဝပိုးသတ်ဆေး၊ ပိုးနှင်ဆေးများ ပြုလုပ်နည်းသင်တန်းကို ဇွန် ၁၀ ရက်က ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး၌ ဖွင့်လှစ်သည်။

သင်တန်းတွင် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးနိုင်မော်လွင်က သင်ထောက်ကူပစ္စည်းများနှင့် အော်ဂဲနစ်စိုက်ပျိုးရေးစာအုပ်များကို ဝန်ထမ်းများထံ ပေးအပ်ခဲ့ပြီး ခရိုင်သီးနှံကာကွယ်ရေးဌာနခွဲမှ ဒေါ်ခိုင်ယဉ်စိုးက သဘာဝပိုးသတ်ဆေး ပြုလုပ်နည်းများကို တက်ရောက်လာသည့် တောင်သူများအား လက်တွေ့သရုပ်ပြခဲ့သည်။

**ယွန်း(မုံရွာကိုယ်ပွား)**

# နေးရှင်းလိဂ် ပွဲစဉ် (၃) ယှဉ်ပြိုင်ကစားပြီးသော်လည်း နိုင်ပွဲမရရှိသေးသည့် ပြင်သစ်



ဩစတြီးယားအသင်းဘက်သို့ အမ်ဘတ်ပီ ဂိုးသွင်းယူရန် ကြိုးပမ်းစဉ်။

ယူအီးအက်ဖ်အေ နေးရှင်းလိဂ်ပြိုင်ပွဲ လိဂ် (အေ) အုပ်စု (၁) မှ ဩစတြီးယားအသင်းနှင့် ပြင်သစ်အသင်းတို့ပွဲစဉ်ကို ဇွန် ၁၁ ရက် နံနက်ပိုင်းက ဩစတြီးယားအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

အဆိုပါပွဲစဉ်သည် ပွဲစဉ် (၃) ကို ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ပြီး နာမည်ကြီး ပြင်သစ်အသင်းက ပွဲစဉ် သုံးပွဲကစားပြီးချိန်အထိ နိုင်ပွဲ မရရှိသေးပေ။ ထို့ကြောင့် ပြင်သစ်အသင်းသည် နောက်တစ်ဆင့်တက်ရောက်ရန် လက်ကျန်ပွဲစဉ်များကို အနိုင်ရရှိရန် ရုန်းကန်ရတော့မည် ဖြစ်သည်။

ဦးဆောင်ဂိုးကို ဩစတြီးယားအသင်းက စတင်ရရှိခဲ့ပြီး ပွဲချိန် ၃၇ မိနစ်တွင် ဝေမန်းက သွင်းယူပေးခဲ့သည်။ ပြင်သစ်အသင်းအတွက် ချေပဂိုးကို ပွဲချိန် ၈၃ မိနစ်တွင် အမ်ဘတ်ပီက သွင်းယူပေးခဲ့သည်။

လိဂ် (အေ) အုပ်စု (၁) မှ အခြားသော ပွဲစဉ်တွင် ဒိန်းမတ်အသင်းနှင့် ခရိုအေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး ခရိုအေးရှားအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ခရိုအေးရှားအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၆၉ မိနစ်တွင် ပါဆာလစ်က သွင်းယူပေးခဲ့သည်။ သို့သော်လည်း ဒိန်းမတ် အသင်းက အဆိုပါ အုပ်စုကို ရမှတ်ခြောက်မှတ်ဖြင့် ဦးဆောင်ထားနိုင်သည်။ ပြင်သစ် အသင်းက ရမှတ် နှစ်မှတ်ဖြင့် အောက်ဆုံးတွင် ရပ်တည်နေသည်။

## အာဆင်နယ်တိုက်စစ်မှူး လာကာဇက် လိုင်ယွန်အသင်းသို့ ပြန်လည်ပြောင်းရွှေ့



တိုက်စစ်မှူး လာကာဇက်သည် ပြောင်းရွှေ့ကြေး ပေါင် ၄၆ ဒသမ ၅ သန်းဖြင့် အာဆင်နယ် အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီး ငါးနှစ်အကြာတွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် လိုင်ယွန်အသင်းသို့ ပြန်လည်ပြောင်းရွှေ့သွားပြီဖြစ်ကြောင်း သိရသည်။ လာကာဇက်သည် ပြင်သစ်ကလပ် လိုင်ယွန်အသင်းနှင့် ၂၀၂၅ ခုနှစ် ဇွန်လအထိ ရှိမည်ဖြစ်သော သုံးနှစ်စာချုပ်တစ်ရပ်ကို ချုပ်ဆိုလိုက်ခြင်း ဖြစ်သည်။

အသက် ၃၁ နှစ်အရွယ်ရှိ ပြင်သစ်တိုက်စစ်မှူး လာကာဇက်သည် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၂၀၆ ပွဲ ပါဝင်ကစားထားပြီး ၇၁ ဂိုး သွင်းယူပေးထားကာ ၂၀၂၀ ပြည့်နှစ်တွင် အာဆင်နယ်အသင်းကို အက်ဖ်အေဖလားဆွတ်ခူးရရှိအောင် ကူညီပေးထားနိုင်သူ ဖြစ်သည်။



## နော်တင်ဟမ်အိုးပင်းပြိုင်ပွဲတွင် ဟာရီဒက်ကို အနိုင်ယူပြီး ရစ်ကီ ဆီမီးဖိုင်နယ် တက်လှမ်း

အသက် ၃၁ နှစ်အရွယ် အမေရိကန်တင်းနစ်မယ် အဲလစ်ဆင် ရစ်ကီသည် နော်တင်ဟမ်အိုးပင်းပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် အသက် ၂၅ နှစ်အရွယ် ဗြိတိန်တင်းနစ်မယ် ဟာရီဒက်ကို အနိုင်ရရှိခဲ့သောကြောင့် ဆီမီးဖိုင်နယ် တက်လှမ်းနိုင်ခဲ့သည်။ အဆိုပါ ပွဲစဉ်တွင် ရစ်ကီသည် ပြိုင်ဘက်ကို အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရပြီး ၄-၆၊ ၆-၂၊ ၆-၁ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းလာခြင်း ဖြစ်သည်။ ဆီမီးဖိုင်နယ်တွင် ရစ်ကီသည် ဆွစ်ဇာလန်တင်းနစ်မယ် ဂိုလူဘစ်နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ဘစ်သည် ကွာတားဖိုင်နယ်တွင် ဩစတြေးလျတင်းနစ်မယ် တွမ်ဂျာနိုဗစ်ကို ၆-၂၊ ၇-၆ (၈-၆) ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းလာခြင်း ဖြစ်သည်။



## ဂျိုရှာနှင့် အူဆိုက်တို့၏ မကျေပွဲအား ဩဂုတ် ၂၀ ရက်တွင် ကျင်းပသွားဖွယ်ရှိ

အန်သိုနီဂျိုရှာနှင့် အူဆိုက်တို့၏ မကျေပွဲအား အရှေ့အလယ်ပိုင်းတွင် ဩဂုတ် ၂၀ ရက်၌ ကျင်းပသွားဖွယ်ရှိကြောင်း သိရသည်။ ယူကရိန်းလက်ဝှေ့ကျော် အူဆိုက်သည် ယမန်နှစ်က ဂျိုရှာအား အမှတ်ဖြင့် အနိုင်ရရှိပြီး WBO, IBF and WBA (Super) စသည့် ခါးပတ်များကို ဆွတ်ခူးရရှိထားသူ ဖြစ်သည်။

ဆော်ဒီအာရေဗျနိုင်ငံသည် အဆိုပါ မကျေပွဲအား လက်ခံကျင်းပဖွယ်ရှိကြောင်း၊ အသက် ၃၂ နှစ်အရွယ်ရှိ ဂျိုရှာသည် ၂၀၁၉ ခုနှစ်က အန်ဒီရုဇ်ကို အနိုင်ရရှိခဲ့သော မကျေပွဲတွင် ဆော်ဒီအာရေဗျနိုင်ငံ၌ ထိုးသတ်ဖူးကြောင်း သိရသည်။ အသက် ၃၅ နှစ်အရွယ်ရှိ အူဆိုက်သည် လေ့ကျင့်ရေးအစီအစဉ်များ ပြန်လည်စတင်ရန်အတွက် ယူကရိန်းနိုင်ငံမှ မတ်လတွင် ထွက်ခွာခဲ့သည်။

တာဝန်ရှိသူများသည် အဆိုပါ မကျေပွဲနှင့်ပတ်သက်ပြီး ထိုးသတ်မည့်ရက်ကို တရားဝင်ကြေညာထားခြင်း မရှိသေးပေ။



## ဆာလာနှင့် ဆမ်ကားတို့ ပီအက်ဖ်အေ တစ်နှစ်တာအကောင်းဆုံးကစားသမားဆု ဆွတ်ခူး

လီဗာပူးအသင်းမှ ဆာလာနှင့် ချယ်ဆီးအသင်းမှ ဆမ်ကားတို့သည် အမျိုးသားနှင့် အမျိုးသမီး ပီအက်ဖ်အေ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့သည်။ အဆိုပါ ကစားသမားနှစ်ဦးသည် ၂၀၂၁-၂၀၂၂ ရာသီ ပရီမီယာလိဂ်နှင့် အမျိုးသမီးစူပါလိဂ်ပြိုင်ပွဲတို့တွင် သွင်းဂိုးအများဆုံးသွင်းယူကာ ရွှေဖိနပ်ဆုကို ဆွတ်ခူးထားသူများဖြစ်သည်။ ထို့အပြင် မန်စီးတီးအသင်းမှ ဖိုဒင်သည် တစ်နှစ်တာအကောင်းဆုံးလူငယ်ကစားသမားဆုကို နှစ်နှစ်ဆက်ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

## ခရစ္စတန်ဆန်၊ ဒရင့်ဝါးနားတို့ ထွက်ခွာကြောင်း ချယ်ဆီးအသင်း အတည်ပြု

ချယ်ဆီးအသင်းသည် ယခုလကုန်တွင် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် စတန်းဖို့ဒ်ဘရစ်မှ ခရစ္စတန်ဆန်ထွက်ခွာတော့မည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။ အသက် ၂၆ နှစ်အရွယ် ဒိန်းမတ် ခံစစ်ကစားသမား ခရစ္စတန်ဆန်သည် ချယ်ဆီးအသင်း၌ ၁၀ နှစ်ကြာဖြတ်သန်းပြီးနောက် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ဖွယ်ရှိနေသည်။ အန်တိုနီယို ရူဒီဂါသည် ချယ်ဆီးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် ပြီးခဲ့သည့် သီတင်းပတ်က အလွတ်ပြောင်းရွှေ့ကြေးဖြင့် ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့သွားပြီ ဖြစ်သည်။ ထို့အပြင် ချယ်ဆီးအသင်းသည် အသင်းမှ ကွင်းလယ်ကစားသမားဖြစ်သည့် ဒရင့်ဝါးတား၊ မူဆွန်ဒါနှင့် ခံစစ်ကစားသမား ကလာကီ ဆော်လ်တာတို့သည်လည်း အသင်းမှထွက်ခွာကြောင်း အတည်ပြုခဲ့သည်။

## နောက်ဆုံးရအားကစားသတင်းတိုများ

- အာဆင်နယ်အသင်းသည် လာဇီယိုအသင်းမှ အသက် ၂၇ နှစ်အရွယ် ဆားဘီးယားကွင်းလယ်ကစားသမား မီလန်ကိုဗစ်ဆာဗစ်ကို ပေါင် ၄၂ သန်း ပေးချေကာ အသင်းသို့ ခေါ်ယူရန် ဆန္ဒရှိနေသည်။
- အေစီမီလန်အသင်းသည် မန်စီးတီးအသင်းမှ ဘရာဇီးတိုက်စစ်ကစားသမား ဂျီးဆပ် (၂၅နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- လီဗာပူးအသင်းသည် အသင်းမှ အသက် ၂၇ နှစ်အရွယ် နာဘီကီတာကို စာချုပ်သစ်နှင့်ပတ်သက်ပြီး ဆွေးနွေးနေပြီဖြစ်သည်။
- ပီအက်စ်ဂျီအသင်းသည် ပိုချက်တီနို၏ နေရာကို ရီးရဲမက်ဒရစ်အသင်းနည်းပြဟောင်း ဇီဒန်းဖြင့် အစားထိုးရန် လုပ်ဆောင်နေသည်။

## ဂတ်တူဆိုကို နည်းပြအဖြစ် ဗလင်စီယာခန့်အပ်

ဗလင်စီယာအသင်းသည် ဂတ်ဆူဆိုကို နှစ်နှစ်စာချုပ်နှင့်အတူ ၎င်းတို့၏ နည်းပြသစ်အဖြစ် ခန့်အပ်လိုက်သည်။ အသက် ၄၄ နှစ်အရွယ်ရှိ ဂတ်တူဆိုသည် ၂၀၂၁ ခုနှစ် မေလတွင် နာပိုလီအသင်းမှ ထွက်ခွာပြီးနောက် အသင်းလက်မဲ့နေသူဖြစ်သည်။ ၎င်းသည် နာပိုလီအသင်းအပြင် အေစီမီလန်အသင်းကိုလည်း နည်းပြခဲ့သူဖြစ်သည်။ ဗလင်စီယာအသင်းသည် ပြီးခဲ့သည့် သောကြာနေ့က ဂျို့ဘော်ဒါလပ်စ်ကို နည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ကြောင်း အတည်ပြုပြီးနောက် ဂတ်တူဆိုကို အစားထိုးခန့်အပ်လိုက်ခြင်း ဖြစ်သည်။

■ မိုးဇက် - စုစည်းသည်

# အခြေခံတိရစ္ဆာန်ကျန်းမာရေးလုပ်သား သင်တန်းသားများအား နေပြည်တော်ကောင်စီဝင် တွေ့ဆုံအားပေး



**ဥတ္တရသီရိ ဇွန် ၁၁**

နေပြည်တော် ဥတ္တရခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူး၍ အခြေခံတိရစ္ဆာန်ကျန်းမာရေး လုပ်သားသင်တန်း ဖွင့်လှစ်သင်ကြားလျက်ရှိရာ ဇွန် ၁၀ ရက်တွင် သင်တန်းသားများအား နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း လာရောက်တွေ့ဆုံအားပေးရာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာတင်ထွန်းက အခြေခံတိရစ္ဆာန်ကျန်းမာရေးလုပ်သားသင်တန်း ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ သင်တန်းတွင် ဥတ္တရသီရိမြို့နယ်အတွင်းမှ သင်တန်းသား ၂၃ ဦး၊ ဇေယျာသီရိမြို့နယ်အတွင်းမှ သင်တန်းသား ၁၀ ဦး၊ ပုဗ္ဗသီရိမြို့နယ်အတွင်းမှ သင်တန်းသား ၁၀ ဦး စုစုပေါင်း ၄၃ ဦး တက်ရောက်လျက်ရှိပြီး ဥတ္တရခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၌ သင်တန်းကာလ ငါးလကြာ စာတွေ့လက်တွေ့သင်ကြားပေးသွားမည် ဖြစ်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်သိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဇလောင်းကျေးရွာအုပ်စု ငန်းစပ်ကျေးရွာ၌ ငါးမွေးကန်တည်ဆောက်ထားရှိမှုနှင့် ဥတ္တရသီရိမြို့နယ် အဆင့်မြင့်နို့စားနွားမွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

# ဝေါမြို့နယ်၌ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ ပြိုကျပျက်စီး

**ဝေါ ဇွန် ၁၁**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်မိုးနက်ကျေးရွာအုပ်စု မဝါတဲစုကျေးရွာတွင် ဇွန် ၈ ရက် ည ၁၀ နာရီခန့်နှင့် ဘုရားပျိုကျေးရွာအုပ်စု ကမာကဘန်ကျေးရွာတွင် ဇွန် ၉ ရက် နံနက် ၉ နာရီခွဲက လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် လူနေအိမ်များ ပြိုကျပျက်စီးကာ သစ်ပင်များ လဲပြိုခဲ့ကြောင်း သိရသည်။



လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် မဝါတဲစုကျေးရွာတွင် အိမ်ခြောက်လုံး အမိုးလန်/ပြိုကျ ပျက်စီးခဲ့ပြီး ကုက္ကိုပင်ကြီးငါးပင် ပြိုလဲပျက်စီးခဲ့ကြောင်း၊ ကမာကဘန်ကျေးရွာတွင် အိမ် ၁၀ လုံး အမိုးလန်/ပြိုကျပျက်စီးခဲ့ကြောင်း၊ နေအိမ်ပြိုကျမှုနှင့် သစ်ပင်လဲကျမှုများကြောင့် အမျိုးသား နှစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့ပြီး နေအိမ်ပျက်စီးဆုံးရှုံးခဲ့သူများအနေဖြင့် နီးစပ်ရာဆွေမျိုးများအိမ်သို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လေဆင်နှာမောင်းတိုက်ခတ်ခဲ့သည့် ကျေးရွာများသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမော်နှင့် တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသိန်းထွန်းနှင့် တပ်ဖွဲ့ဝင်များက ကွင်းဆင်း၍ သစ်ပင်များရှင်းလင်းပေးခြင်း၊ လူနေအိမ်များ ကူညီရှင်းလင်းခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

# မင်းလှမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မုန့်အမျိုးမျိုးပြုလုပ်သည့် သင်တန်းဖွင့်

**မင်းလှ ဇွန် ၁၁**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မုန့်အမျိုးမျိုးပြုလုပ်နည်းသင်တန်းကို မလွန်ကျေးရွာ၌ ဇွန် ၁၀ ရက်က ဖွင့်လှစ်သည်။

သင်တန်းတွင် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှူး ဦးစိုးနိုင်ထူးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်တို့က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဝေလင်းမောင်က အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချပေးရခြင်းရည်ရွယ်ချက်များနှင့် သင်တန်းတွင် ကျွမ်းကျင်ပညာရှင်များက စာတွေ့လက်တွေ့ နှစ်မျိုးဖြင့် သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာငါးရွာမှ သင်တန်းသား ၂၀ တက်ရောက်ပြီး သင်တန်းကာလမှာ ခုနစ်ရက်ဖြစ်ကြောင်း သိရသည်။

**စိုးမိုးကျော်**



# မင်းဘူးမြို့နယ်၌ စက်သုံးဆီဈေးနှုန်း သင့်တင့်မှန်ကန်စွာ ရောင်းချရေး စစ်ဆေး

**မင်းဘူး ဇွန် ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချခြင်းရှိ/မရှိနှင့် ဈေးနှုန်းသင့်တင့်မှန်ကန်စွာရောင်းချနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် အဖွဲ့ဝင်များက ဇွန် ၉ ရက်တွင် မြို့နယ်အတွင်း ကွင်းဆင်းစစ်ဆေးသည်။

မင်းဘူး(စကု)မြို့နယ်အတွင်းရှိ စက်သုံးဆီ အရောင်းဆိုင်ပေါင်း ၁၆ ဆိုင်ကို လိုက်လံစစ်ဆေးခဲ့ပြီး လက်ဝယ်ထားရှိသည့် ဆီပမာဏ၊ မည်မျှသိုလှောင်ထားရှိမှု၊ ပြန်လည်ရောင်းချခြင်း ရှိ/မရှိနှင့် ဈေးနှုန်းသင့်တင့် မှန်ကန်စွာရောင်းချနိုင်ရေးတို့ကို စစ်ဆေးခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက မိမိတို့မြို့နယ်အတွင်းမှ ဒေသခံပြည်သူများ အဆင်ပြေစွာဝယ်ယူနိုင်ရေးအတွက် ဆီဆိုင်များကို ပုံမှန်အတိုင်း ဖွင့်လှစ်ရောင်းချရေးနှင့် ဆီဆိုင်များမှာ ဝယ်ယူရောင်းချသည့် ကုမ္ပဏီများကွဲပြား၍ ဈေးနှုန်းအမျိုးမျိုးရှိနိုင်သော်လည်း သင့်တင့်မှန်ကန်သော ဈေးနှုန်းများဖြင့် ရောင်းချပေးရေး၊ မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် အမှိုက်သရိုက်များရှင်းလင်းထားရှိပြီး မီးသတ်ဆေးဘူးများ စနစ်တကျထားရှိရေးတို့ကို ဆွေးနွေးပြောကြားသည်။

မင်းဘူး(စကု)မြို့နယ်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များ၏ လက်ရှိပျမ်းမျှပေါက်ဈေးများမှာ အောက်တိန်း ၉၂ တစ်လီတာ ကျပ် ၂၂၇၀၊ အောက်တိန်း ၉၅ တစ်လီတာ ၂၃၅၅ ကျပ်၊ ပရီမီယမ်ဒီဇယ် ကျပ် ၂၆၀၀၊ ရိုးရိုးဒီဇယ် ကျပ် ၂၅၈၀ ဖြစ်ကြောင်း မြို့နယ်အတွင်း ရောင်းချနေသော ဆီဆိုင်များမှ သိရသည်။

**ဇေယျာထက်**
**(မင်းဘူး)**

# မချမ်းဘော့မြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကြိုးတံတားပျက်စီးဆုံးရှုံးမှုမရှိစေရန်ဆောင်ရွက်



**မချမ်းဘော့ ဇွန် ၁၁**

ကချင်ပြည်နယ် မချမ်းဘော့မြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ချောင်းရေကြီး၍ သစ်ပင်ကြီးများ မျောလာကာ ကြိုးတံတားတွင် ချိတ်နေသဖြင့် ကြိုးတံတားပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် ရှင်းလင်းဖယ်ရှားခြင်းကို ဇွန် ၈ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကြိုးတံတားသည် မချမ်းဘော့မြို့နယ် ကောင်းမှုလုံကျေးရွာအုပ်စု နမ်ဘူယာန်ကျေးရွာနှင့် မန်နိုကျေးရွာအုပ်စု ဇော်ကန်ကျေးရွာကြားရှိ နမ်ကတောက်ချောင်းကူးတံတား ဖြစ်ပြီး ကျေးရွာပြည်သူအစီအစဉ်ဖြင့် ဆောက်လုပ်ထားသော အရှည်ပေ ၂၀၀၊ အကျယ် လေးပေရှိသော တံတားဖြစ်သည်။ တံတားတွင် ချိတ်နေသည့် သစ်ပင်ကြီးများ ရှင်းလင်းခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးဉာဏ်လင်းထွန်း ဦးဆောင်၍ မြို့နယ်လမ်းဦးစီးအရာရှိ ဦးတင်ဝင်းလှိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့တာဝန်ခံ ဦးအောင်မိုင်နှင့် တပ်ဖွဲ့ဝင်များက ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါကြိုးတံတားကို ပိုမိုကြံ့ခိုင်မှုရှိအောင် ပြုပြင်ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ငွေကျပ်တစ်သိန်း၊ မြို့နယ်လမ်းဦးစီးအရာရှိ ဦးတင်ဝင်းလှိုင် မိသားစုက ငွေကျပ် တစ်သိန်းတို့ကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများထံ ထောက်ပံ့လှူဒါန်းခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေသော လယ်ယာသားငါးထုတ်ကုန်တိုးမြှင့်ရေးလုပ်ငန်းများ

ဒေါက်တာတင်မာမာဦး
( စိုက်ပျိုးရေး)

**စစ်ကိုင်းတိုင်းဒေသကြီးသည် စိုက်ပျိုးရေး၌ အရေးပါသည့်တိုင်းဒေသကြီး တစ်ခုဖြစ်ပြီး ဒေသတွင်း ဆန်ဖူလုံမှုအနေဖြင့် ၂၁၀ ဒသမ ၄၃ ရာခိုင်နှုန်း၊ စားသုံးဆီဖူလုံမှုတွင် ၅၀၂ ဒသမ ၈၄ ရာခိုင်နှုန်းနှင့် ပဲမျိုးစုံဖူလုံမှုတွင် ၉၆၃ ဒသမ ၂၉ ရာခိုင်နှုန်းရှိသည့်အတွက် စိုက်ပျိုးရေးအားကောင်းသည့် ဒေသကြီးတစ်ခုဖြစ်ရာ စစ်ကိုင်းတိုင်းဒေသကြီး စီးပွားရေး၏ ၃၀ ရာခိုင်နှုန်းကျော်သည် စိုက်ပျိုးရေးအပေါ် မှီခိုလျက်ရှိသည့်အတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး လယ်ယာသားငါး ထုတ်ကုန်တိုးမြှင့်ရေးပြပွဲ၊ ဆွေးနွေးပွဲများကို ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။**

တိုင်းဒေသကြီး၏ အဓိက စိုက်ပျိုးသီးနှံများမှာ စပါးအပါအဝင် ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံ၊ နှစ်ရှည်သီးနှံနှင့် ဥယျာဉ်ခြံသီးနှံများ စုံလင်စွာစိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး လယ်ယာစိုက်ပျိုးရေးကဏ္ဍအနေဖြင့် စုစုပေါင်း မြေရိယာဧက ၂၃၁ သိန်းကျော် ရှိသည့်အနက် အသားတင်စိုက်ပျိုးမြေ ၄၅ ဒသမ ၆ သိန်းကျော်ရှိပြီး သီးထပ်၊ သီးညှပ် ဧက သိန်း ၉၀ ခန့် စိုက်ပျိုးရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် တိုင်းဒေသကြီးဖြစ်သည့်အတွက် လယ်ယာကဏ္ဍ သည် တိုင်းဒေသကြီး၏ အဓိက အားထားရာ ကဏ္ဍတစ်ခုဖြစ်ပါသည်။

### ၃၂ ရာခိုင်နှုန်းပါဝင်

နိုင်ငံတော်၏ လယ်ယာသားငါးကဏ္ဍ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) တွင် စစ်ကိုင်းတိုင်းဒေသကြီး၏ လယ်ယာသားငါးကဏ္ဍအနေဖြင့် ၃၂ ရာခိုင်နှုန်းပါဝင်လျက်ရှိရာ သစ်တောကဏ္ဍ ၃ ဒသမ ၁ ရာခိုင်နှုန်း၊ စိုက်ပျိုးရေးကဏ္ဍ ၂၃ ဒသမ ၇ ရာခိုင်နှုန်းနှင့် သားငါးကဏ္ဍ ၅ ဒသမ ၂ ရာခိုင်နှုန်း ပါဝင်လျက်ရှိသည့်အတွက် စစ်ကိုင်းတိုင်း ဒေသကြီး၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများသည် အလွန် အရေးပါလှပါသည်။

၂၀၂၂ – ၂၀၂၃ ခုနှစ်တွင် တိုင်းဒေသကြီး၏ GDP တိုးတက်မှုအနေဖြင့် ယခင်နှစ်ထက် ၄ ဒသမ ၂ ရာခိုင်နှုန်း ပိုမိုတိုးတက်စေရေး ရည်မှန်း ဆောင်ရွက်ရမည်ဖြစ်ရာ စိုက်ပျိုးရေးကဏ္ဍတွင် ၁ ဒသမ ၉ ရာခိုင်နှုန်းနှင့် သားငါးကဏ္ဍတွင် ၁ ဒသမ ၅ ရာခိုင်နှုန်း ပိုမိုထုတ်လုပ်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၂၂ – ၂၀၂၃ ခုနှစ် စပါးစိုက်ပျိုးထုတ်လုပ်မှုနှင့် ပတ်သက်၍ နှစ်စဉ် မိုးစပါး ဧက ၁၈ သိန်းနှင့် နွေစပါးဧက ၃ သိန်းကျော် စုစုပေါင်းဧက ၂၁ သိန်းကျော် နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး ပဲမျိုးစုံစိုက်ပျိုးမှုအနေဖြင့် ပဲမျိုးစုံ ဧက ၁၉ သိန်းကျော်နှင့် ဆီထွက်သီးနှံစိုက်ဧက ၂၅ သိန်းခန့် လျာထားစိုက်ပျိုး ထုတ်လုပ်သွားမည်ဖြစ်သည်။

### နေကြာသီးနှံစိုက်ပျိုးထုတ်လုပ်မှု

တိုင်းဒေသကြီးအတွင်း နေကြာသီးနှံစိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် နှစ်စဉ်နေကြာစိုက်ဧက ၃ ဒသမ ၅ သိန်းခန့် စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ၂၀၂၂ – ၂၀၂၃ ခုနှစ်တွင် စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်နည်းပြီး တစ်ဧက ဆီထွက်နှုန်း မြင့်မားသည့် နေကြာသီးနှံကို မိုးနေကြာ ၄၁၄၂၆ ဧကနှင့် ဆောင်းနေကြာ ၃၅၁၇၇၃ ဧက စုစုပေါင်း ၃၉၃၁၉၉ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်သည်။

### မွေးမြူရေးကဏ္ဍ

မွေးမြူရေးကဏ္ဍအနေဖြင့်လည်း အသားကဏ္ဍနှင့်စပ်လျဉ်း၍ စားနပ်ရိက္ခာ ဖူလုံရေး၊ အာဟာရပြည့်ဝရေး၊ အစားအစာ ဘေးကင်းလုံခြုံမှုရှိစေရေးနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများ ဝင်ငွေတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းနှင့်ဆက်စပ်သည့် နည်းပညာ၊ အသိပညာများအား ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး နည်းပညာပေးခြင်း၊ အသားကဏ္ဍ ဖွံ့ဖြိုးပြီး အသားစားသုံးမှု မြင့်မားလာစေရန်နှင့် မွေးမြူရေးလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးလာစေရန်အတွက် နွား၊ ကျွဲ၊ သိုး၊ ဆိတ်၊ ဝက်၊ ဘဲနှင့် ကြက်မျိုးကောင်းမျိုးသန့်များဖြန့်ဖြူးပေးခြင်းနှင့် ကောင်းမွန်သောတိရစ္ဆာန်မွေးမြူရေးကျင့်စဉ်များကို လိုက်နာကျင့်သုံးစေရေး နည်းပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။




စစ်ကိုင်းတိုင်းဒေသကြီး လယ်ယာသားငါးထုတ်ကုန်တိုးမြှင့်ရေးပြပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် ကြည့်ရှုအားပေးစဉ်။

- **စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၂၂ - ၂၀၂၃ ခုနှစ် စပါးစိုက်ပျိုးထုတ်လုပ်မှုနှင့် ပတ်သက်၍ နှစ်စဉ် မိုးစပါးဧက ၁၈ သိန်းနှင့် နွေစပါးဧက ၃ သိန်းကျော် စုစုပေါင်းဧက ၂၁ သိန်းကျော် နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး ပဲမျိုးစုံစိုက်ပျိုးမှုအနေဖြင့် ပဲမျိုးစုံဧက ၁၉ သိန်းကျော်နှင့် ဆီထွက်သီးနှံစိုက်ဧက ၂၅ သိန်းခန့် လျာထားစိုက်ပျိုး ထုတ်လုပ်သွားမည်ဖြစ်သည်**
- **တိုင်းဒေသကြီးအတွင်း နေကြာသီးနှံစိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် နှစ်စဉ်နေကြာစိုက်ဧက ၃ ဒသမ ၅ သိန်းခန့် စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်နည်းပြီး တစ်ဧက ဆီထွက်နှုန်းမြင့်မားသည့် နေကြာသီးနှံကို မိုးနေကြာ ၄၁၄၂၆ ဧကနှင့် ဆောင်းနေကြာ ၃၅၁၇၇၃ ဧက စုစုပေါင်း ၃၉၃၁၉၉ ဧက လျာထားစိုက်ပျိုးသွားမည်**

ငါးမွေးမြူရေးကဏ္ဍအနေဖြင့် ၂၀၂၁–၂၀၂၂ ခုနှစ်အတွက် အင်းကဏ္ဍ၊ ဘုံငါးဖမ်းလုပ်ငန်းနှင့် မွေးမြူရေးငါးထုတ်လုပ်မှုများမှ ငါးထုတ်လုပ်မှုပိဿာ ထောင်ပေါင်း ၇၃၁၂၅ ခန့် ထုတ်လုပ်နိုင်ခဲ့သည်။ ပြည်သူများအနေဖြင့် ငါးရိက္ခာများ ရေရှည်စားသုံးနိုင်ရန်နှင့် ပုဂ္ဂလိက မွေးမြူရေးကဏ္ဍတိုးတက်စေရေးအတွက် လိုအပ်သောငါးသားပေါက်များမွေးမြူပေးခြင်း၊ မွေးမြူရေးနည်းပညာများ ဖြန့်ဝေခြင်းနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် ဒေသထွက်ကုန်တိုးမြှင့်ရေး၊ ငါးပုစွန် မွေးမြူရေးဆိုင်ရာ ခေတ်မီနည်းပညာနှင့် အသိပညာများဖြန့်ဝေရေး၊ သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုမရှိစေဘဲ ရေသယံဇာတများထုတ်လုပ်နိုင်ရေးနှင့် ငါးလုပ်ငန်းဖြင့် အသက်မွေးကြသူများနှင့် ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေရေးအတွက် ငါးလုပ်ငန်းဆိုင်ရာ အခြေခံသင်တန်း၊ နည်းပညာအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပို့ချ၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

### ပြပွဲနှင့်ဆွေးနွေးပွဲ

တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်သူများအတွက် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်အား ထိခိုက်မှုမရှိစေဘဲ နိုင်ငံတကာ စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် လယ်ယာထွက်ကုန်နှင့် မွေးမြူရေးထွက်ကုန်များ၊ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ ထုတ်လုပ်တင်ပို့မှု တိုးမြှင့်ရေးလိုအပ်ချက်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ကူညီဖြည့်ဆည်းဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး၏ လယ်ယာသားငါးထုတ်ကုန်တိုးမြှင့်ရေးပြပွဲ၊ ဆွေးနွေးပွဲနှင့် မျိုးစေ့ပေးအပ်ပွဲကို မေ ၁၀ ရက်က တိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပ၍ ပြပွဲတွင် လယ်ယာသားငါးထုတ်ကုန် တိုးမြှင့်ရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်နေမှုအခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ထုတ်ကုန်ပစ္စည်းများဖြင့် ဝေဝေဆာဆာ ကျင်းပပြသခဲ့သည်။

ပြပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ ထုတ်လုပ်ရောင်းချနေသည့် ကျော်သရဖူကုမ္ပဏီက တစ်ရက်လျှင် နှစ်တန် ထုတ်နိုင်သော ကြံမြှုပ်ချေးသဘာဝမြေဩဇာများကို လက်တွေ့ထုတ်လုပ်ပြသခဲ့ရာ ပြပွဲသို့ တက်ရောက်လာသည့် တောင်သူများက စိတ်ပါဝင်စားစွာ ကြည့်ရှု၍ မေးမြန်းဝယ်ယူအားပေးခဲ့ကြသည်။

တိုင်းဒေသကြီးမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကလည်း တိရစ္ဆာန်ကုသရေးဆိုင်ရာများ၊ မွေးမြူရေးကဏ္ဍတိုးမြှင့်ရေးအပြင် ဒေသတွင်း အလားအလာကောင်းသော အသားစားကြက်နှင့် တိုင်းရင်းမျိုးကြက်များကို ပြသခဲ့ရာ လာရောက်ကြည့်ရှုသူများ၏ နှစ်သက်မှု ရရှိခဲ့သည်။

အဆိုပါ ပြပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကာ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးပွဲများတွင် တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း လယ်ယာသားငါးထုတ်ကုန် တိုးမြှင့်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍ ဆောင်ရွက်ထားရှိမှုများ၊ လယ်ယာကဏ္ဍရည်မှန်းအထွက်နှုန်းများ၊ တိုင်းဒေသကြီး၏ စီးပွားရေးကဏ္ဍတွင် လယ်ယာကဏ္ဍ GDP ပါဝင်မှုများ၊ မွေးမြူရေးကဏ္ဍဆိုင်ရာများ၊ ရေပေးဝေနိုင်မည့် အစီအစဉ်များနှင့် ဆိုလာစနစ်ဖြင့် ရေတင်နိုင်မည့် အစီအစဉ်များ၊ လယ်ယာသုံးစက်ကိရိယာများ တွင်ကျယ်စွာ အသုံးပြုရေးဆောင်ရွက်ထားရှိမှုနှင့် လယ်ယာထွက်ကုန်များ ဈေးကွက်ရရှိရေး ဆောင်ရွက်ထားရှိမှုတို့ကို ဆွေးနွေးခဲ့ကြသည်။

### ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရေး

အလားတူ တိုင်းဒေသကြီး၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရေး ညှိနှိုင်းအစည်းအဝေးများကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မတ် ၁၈ ရက်တွင်လည်းကောင်း၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များအနေဖြင့် မိမိတို့ဒေသများ၏ ရေခံ၊ မြေခံကောင်းများကို အခြေခံပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးကို မြှင့်တင်ကာ စက်မှုလုပ်ငန်းများ၊ စက်မှုဇုန်များ တည်ထောင်၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရေးအတွက် တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရေး ညှိနှိုင်းအစည်းအဝေးကို ဇွန် ၃ ရက်တွင်လည်းကောင်း တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပ၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

သို့ဖြစ်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လယ်ယာကဏ္ဍကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆက်စပ်ဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တောင်သူများနှင့် လုပ်ငန်းစဉ်ကွင်းဆက်တစ်လျှောက်တွင် ပါဝင်သူများအားလုံး ပူးပေါင်း၍ သမားရိုးကျထုတ်လုပ်မှုမှ စံချိန်စံညွှန်းပြည့်မီသည့် အရည်အသွေးကောင်း ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ပြီး ရေရှည်တည်တံ့သော စီးပွားဖြစ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် ရေးသားတင်ပြအပ်ပါသည်။ ။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့ ၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူး တိုင်းဒေသကြီး လက်ပံတန်းမြို့ မင်းရပ် ရပ်ကွက်နေ ထူးမြတ်ခိုင် (၄၀)နှစ်သည် ၎င်းအသုံးပြုသည့် “Htoo Myat Khaing” Facebook အကောင့်၊ သဲကုန်းမြို့ ချမ်းမြေ့သာယာရပ်ကွက်နေ အိသဇ္ဇာ (၂၆) နှစ်သည် ၎င်းအသုံးပြုသည့် “Ei Thin Zar” Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်နေ ထက်မြတ်ခန့်သည် ၎င်းအသုံးပြုသည့် “Htet Myat Khant” Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့ ဘုရားကြီးရပ်ကွက်နေ တည်ကြည်မိုး (၂၀)နှစ်သည် ၎င်းအသုံးပြုသည့် “Ti Kyi Moe” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူ လုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း များပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၁**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၈ ရက်က ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်မှ (ယာယီ)ဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး မြတ်သူ ဦးဆောင်သောအဖွဲ့က ဟိုပုံးမြို့ ရေထွက်၌ ကျိုင်းတုံမြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသည့် ကုန်တင်ယာဉ်သုံးစီးကို စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အကောက်ခွန်မဲ့ စားသောက်ကုန်နှင့်လူသုံးကုန်ပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၃၆၃၀၀၀ နှင့် အဆိုပါကုန်ပစ္စည်းများ တင်ဆောင်လာသော ကုန်တင်ယာဉ် သုံးစီး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀၀၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၃၆၃၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။ **(အပေါ်ပုံ)**



အလားတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဇွန် ၈ ရက်က မကွေးမြို့နယ် ဒဟတ်ကန်ကျေးရွာအုပ်စု ဝက်သိုက်ကျေးရွာ စစ်ဆေးရေးဂိတ်၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ Honda Odyssey အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀ ကို လည်းကောင်း၊ ဇွန် ၉ ရက်တွင် သရက်မြို့အနောက်ဘက် မြို့ဝင်/ထွက် စစ်ဆေးရေးဂိတ်၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ Toyota Hijet အမျိုးအစားလိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀ ကို လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၁၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေး အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ခရီးသည်တင်မော်တော်ယာဉ်နှစ်စီးပေါ်၌ အကောက်ခွန်မဲ့ စားသုံးဆီနှင့် အားဖြည့်အချိုရည်များ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၈၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၁၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ်အတွင်း CIZ 125 အမျိုးအစား လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၊ ရွှေဘိုမြို့နယ်အတွင်း Menglong 125 အမျိုးအစား လိုင်စင်မဲ့မော်တော်ဆိုင်ကယ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀ နှင့် စစ်ကိုင်းမြို့နယ်အတွင်း Toyota Mark II အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀ တို့ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ ထပ်မံ၍ တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင် ကျွန်းသစ်ခွဲသားနှင့် ပျဉ်းကတိုးသစ်ခွဲသား သုည ဒသမ ၅၂၄ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၈၀၀၀ ကို သစ်တောဥပဒေအရ လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၇၈၀၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၈ ရက်၊ ၉ ရက်၊ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၄ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၄၉၂၆၀၀၀ ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

● *ကျောဖုံးမှ*

ဈေးဆိုင်ခန်းများကို PDF အမည်ခံ အကြမ်းဖက်သမား လေးဦး ခန့်က မော်တော်ဆိုင်ကယ်နှစ်စီးဖြင့် လာရောက်ပြီး မီးကွင်းပစ်၍ မီးရှို့ခဲ့သဖြင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုဖြစ်ပွားရာသို့ နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက မီးသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ် သုံးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၉ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် ဈေးဆိုင်ခန်း ၃၁ ခန်း (ကာလတန်ဖိုး ငွေကျပ်သိန်း ၂၀၀ ကျော်) မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ ဈေးဆိုင်ခန်းများကို မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မိတ္ထီလာနှင့် မော်လမြိုင်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၁**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဇွန် ၁၀ ရက် မွန်းလွဲ ၁ နာရီခွဲက မိတ္ထီလာမြို့ ကန်တော်မင်ရပ်ကွက် ရန်ကုန်-မန္တလေးသွားကားလမ်းပေါင်းတွင် သိန်းစိုးဦး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀ကို လည်းကောင်း၊ ထိုနေ့ ညနေ ၆ နာရီခွဲတွင် မော်လမြိုင်မြို့ ရွှေမြိုင်သီရိ ရပ်ကွက် ဒိုင်းဝန်ကွင်းလမ်းတွင် မနော်အိအိဖြိုးအား မသင်္ကာဖွယ် တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**



မနော်အိအိဖြိုး ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေး ဌာနမှ ၂၀၂၂-၂၀၂၃ခု ၊ ဘဏ္ဍာရေးနှစ်အတွက် ဆေးရုံသုံး အမှိုက်မီးရှို့စက် ဝယ်ယူခြင်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်လိုပါသည်။

၂။ သို့ဖြစ်ပါ၍ ဆေးရုံသုံးအမှိုက်မီးရှို့စက် ဝယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်လိုသူများမှ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁၀-၆-၂၀၂၂ရက် (သောကြာနေ့)

(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းရန် စာရင်းပေးသွင်းရမည့် ရက်/အချိန်** - ၈-၇-၂၀၂၂ရက် (သောကြာနေ့) နံနက်၉:၃၀နာရီမှ မွန်းလွဲ၁:၃၀နာရီအထိ

(ဂ) **အိတ်ဖွင့်တင်ဒါ ဆောင်ရွက်မည့်ရက်/အချိန်** - ၁၅-၇-၂၀၂၂ရက် (သောကြာနေ့)

(ဃ) **အိတ်ဖွင့်တင်ဒါတင်သွင်းမည့် နေရာ** - မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ

၃။ အထက်ပါတင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၁၀၀၀၀/- နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် အချက်အလက်များ သိရှိလိုပါက မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**သန့်ရှင်းရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ-၂၀
### မန္တလေးခရိုင်တရားရုံးတော်
### ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် - ၂၂၆

ရော၀တီဘဏ်လီမိတက် **နှင့်** ၁။ ဦးစိုးမိုး
(၎င်း၏ကိုယ်စားဒေါ်နန်းအေးစိုး၊ ၂။ ဦးညီညီဇော်
မန်နေဂျာ၊ မန္တလေးဘဏ်ခွဲ- ၁၈)
**တရားလို** **တရားပြိုင်များ**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့၊ အမှတ်(၆၁)တိုက်ကုန်း၊ ကျန်စစ်သားလမ်း၊ ရွှေစည်းခုံဘုရားအနီးနေ ၁။ ဦးစိုးမိုး၊ ၂။ ဦးညီညီဇော် (ယခုနေရပ်လိပ်စာ မသိသူများ) အား သိစေရမည်။

သင့်အပေါ်၌ တရားလိုက "အငှားဝယ်ယူစနစ် (Hire Purchase) ဖြင့် မော်တော်ယာဉ် ဝယ်ယူခြင်းအတွက် ချေးယူထားသည့် ပေးသွင်းရန်ကျန်ငွေ ၁၀၈၀၉၁၉၀.၄၄၊ အတိုးငွေ ၆၈၄၈၂၉.၅၃၊ ဒဏ်ကြေးငွေ ၃၉၇၁၈၀၂.၇၇၊ စုစုပေါင်းငွေကျပ် ၁၅၄၆၅၈၂၂.၇၄ ပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် ဇွန် ၂၉ ရက် (၁၃၈၄ ခုနှစ် ဝါဆိုလဆန်း ၂ ရက်)မွန်းမတည့်မီ ၉:၃၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှု လိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလို လျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇွန် ၇ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဌေးဌေးမော်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**မန္တလေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းနှင့် မြေကွက်အမှတ် (၁၄၆/၁၉၀၇) အကျယ်အဝန်း ပေ(၄၀x၆၀) ရှိသော အမည် ဦးတင်ထွဋ် (ဘ) ဦးတင်ဦး တီဂျီအို-၁၂၂၆၁၃ ၏ ပါမစ်အမည်ပေါက်ဖြစ်သော မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးတင်ထွဋ် (တီဂျီအို-၁၂၂၆၁၃) အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်ဆက်ဖြင့် ပိုင်ဆိုင်သူ ဦးတင်မောင်ဝင်း ၁၂/လကန(နိုင်)၁၅၁၆၂၄အမည်ဖြင့် ပိုင်ဆိုင်သူထံမှ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်ကိုယ်တိုင် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြီးမြောက်၍ ကန့်ကွက်မှုမရှိပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်စန်းကြည် ၁၂/ကကက(နိုင်)၀၀၀၆၅၆**
**ဖုန်း-၀၉၄၂၀၁၃၈၀၃၂၊၀၉-၄၂၇၃၂၉၉၅၃**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်ဈေးတောင်ရပ်နေ ဦးဟန်ထွန်းဦး၏သား မောင်ဖြိုးသီဟထွန်းသည် ဖခင်အပေါ်တွင် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စများကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

**ဦးဟန်ထွန်းဦး ၉/အမရ(နိုင်)၀၈၇၂၄၄**

## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ-၄၃၀(ဆ)အရ ကင်းလွတ်ခွင့်ပြုပါရန်လျှောက်ထားသည့်အပေါ်ထုတ်ဆင့်သည့် ကြော်ငြာစာ
### မန္တလေးခရိုင်တရားရုံး
### ၂၀၂၂ ခုနှစ် တရားမအထွေထွေမှုအမှတ်- ၇၈

ရွှေပြည်သာဝတီဆောက်လုပ်ရေးကုမ္ပဏီ
(၎င်း၏ကိုယ်စားဦးတင်ဦးခိုင် ဒါရိုက်တာ) **လျှောက်ထားသူ**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၇၂လမ်း၊ ၃၂နှင့်၃၃လမ်းကြားတွင် ဖွင့်လှစ်ထားသည့် ရွှေပြည်သာဝတီဆောက်လုပ်ရေးကုမ္ပဏီ (၎င်း၏ကိုယ်စား ဦးတင်ဦးခိုင် ဒါရိုက်တာ) မှ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ Myanmar Companies Online (Myco) စနစ်ဖြင့် နှစ်စဉ်အစီရင်ခံစာ (Annual Return) တင်ပြရန်ပျက်ကွက်ခဲ့၍ ကုမ္ပဏီမှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခဲ့သဖြင့် ပြန်လည်မှတ်ပုံတင်ခွင့်ပြုပါရန် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ- ၄၃၀(ဆ)အရ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားခြင်းအပေါ် ၂၀၂၂ ခုနှစ် ဇွန် ၁၅ ရက် (၁၃၈၄ ခုနှစ် နယုန်လပြည့်ကျော် ၂ ရက်)နံနက် ၁၀ နာရီတွင် ယင်းကုမ္ပဏီနှင့် ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျလွှဲအပ်ထားသည့် အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ အဆိုပါကင်းလွတ်ခွင့်လျှောက်ထားချက်အား ရသင့်/ မသင့်ကို ကြားနာ၍ ကင်းလွတ်ခွင့်ပြုသင့်/ မသင့်ကို စီရင်ဆုံးဖြတ်မည်ဖြစ်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာထုတ်ဆင့်လိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်း တစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ဤရုံးတော်က ဆိုခဲ့သော ရွှေပြည်သာဝတီဆောက်လုပ်ရေးကုမ္ပဏီ (၎င်း၏ကိုယ်စားဦးတင်ဦးခိုင် ဒါရိုက်တာ)၏ လျှောက်လွှာအပေါ် စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်း၏အမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်မည်ဖြစ်ကြောင်း ကြေညာစာ ထုတ်ဆင့်လိုက်သည်။

၂၀၂၂ ခုနှစ် ဇွန် ၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စောသန်းဦး)**
**ဒုတိယခရိုင်တရားသူကြီး(၈)**
**မန္တလေးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေ အမိန့် -၅ ၊ နည်းဥပဒေ-၂၀)
### မန္တလေးခရိုင်တရားရုံး
### ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၁

ဦးလီလောက်အဲ **နှင့်** ဦးဖိုးကွန်း(ခ)ဦးဖိုးထွန်း
**တရားလို** **တရားပြိုင်**

ဦးဖိုးကွန်း(ခ)ဦးဖိုးထွန်း(ဘ)ဦးသာဓံ၊ အမှတ်(၈၈-၁၀)၊ ၅၄လမ်း၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက အရောင်းအဝယ်ပြုလုပ်ခဲ့သည့် ပဋိညာဉ်အတိုင်း မြေကွက်အား မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် ဇွန် ၂၂ ရက်(၁၃၈၄ ခုနှစ် နယုန်လပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်၊ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇွန် ၈ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **(စောသန်းဦး)**
**ဒုတိယခရိုင်တရားသူကြီး(၈)**
**မန္တလေးခရိုင်တရားရုံး**

## ကြော်ငြာစာ
### (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)
### မန္တလေးခရိုင်တရားရုံးတော်
### ၂၀၂၂ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၇၉

**ကွယ်လွန်သူ ဦးတင်အောင်၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု၊**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဆောက်တောဝကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးတင်အောင်၏ ကျန်ရစ်သော မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ အမရပူရမြို့နယ်၊ ဆောက်တောဝကျေးရွာ၊ ကွင်းအမှတ်- ၅၈၀၊ ဆောက်တောဝ၊ ဦးပိုင်အမှတ်-၁၈/၃၊ ဧရိယာ ၀.၀၈၆ ဧကရှိ ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်တင်တင်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှု ကို ၂၀၂၂ ခုနှစ် ဇွန် ၂၄ ရက် (၁၃၈၄ ခုနှစ် နယုန်လပြည့်ကျော် ၁၁ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးတင်အောင်၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၂ ခုနှစ်၊ ဇွန်လ၊ ၂၄ ရက်၊ (၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်၊ တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်တင်တင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှု အကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည် ဖြစ်သည်။

၂၀၂၂ ခုနှစ် ဇွန် ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဌေးဌေးလွင်)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**မန္တလေးခရိုင်တရားရုံး**

## ကြော်ငြာစာ
### (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃)
### မန္တလေးခရိုင်တရားရုံးတော်
### ၂၀၂၂ခုနှစ် တရားမအထွေထွေမှုအမှတ်-၈၅

**ကွယ်လွန်သူ ဦးထွန်းရင်၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ပေါက်မြိုင်ကျေးရွာအုပ်စု၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးထွန်းရင် ကျန်ရစ်သည့် ပုသိမ်ကြီးမြို့နယ်၊ ပေါက်မြိုင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၄၂၁/ကံသစ်ကုန်း)၊ ဦးပိုင်အမှတ်(၁၁၆/၁)၊ ဧရိယာ ၁ ဒသမ ၅၁ဧကအကျယ်အဝန်းရှိ လယ်မြေကွက်ပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်မြင့်ဦး ပါ-၁၁ ဦးတို့က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ ခုနှစ် ဇွန် ၂၄ရက်(၁၃၈၄ခုနှစ် နယုန်လပြည့်ကျော် ၁၁ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးထွန်းရင်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၂ ခုနှစ် ဇွန် ၂၄ ရက် (၁၃၈၄ခုနှစ် နယုန်လပြည့်ကျော် ၁၁ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက် ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်မြင့်ဦး ပါ-၁၁ ဦးတို့၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၂ ခုနှစ် ဇွန် ၁၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်မာဦး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မန္တလေးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊နည်းဥပဒေ-၂၀)
### ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
### ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၇

၁။ ဦးလှဝင်းထွဋ် **နှင့်** ၁။ ဦးကျော်သူရ
၂။ ဦးသက်ဇွန်ဝင်းထွဋ် ၂။ ဒေါ်ခင်နန္ဒာကျော်
၃။ ဒေါ်စုလတ်ထွေး(ကိုယ်တိုင်နှင့် (၁)(၂)
တရားလိုတို့၏ အခွင့်ရကိုယ်စားလှယ်)
**တရားလိုများ** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၄)လမ်း၊ အခန်းအမှတ် ၁၆၆၊ မှန်ခန်း-A နေ (၁)တရားပြိုင် ဦးကျော်သူရ (ယခုနေရပ်လိပ်စာမသိ) နှင့် (၂)တရားပြိုင် ဒေါ်ခင်နန္ဒာကျော် (ယခုနေရပ်လိပ်စာမသိ) တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလိုများက "အမွေပုံစီမံခန့်ခွဲပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့် ဖြစ်စေ ၂၀၂၂ ခုနှစ်ဇူလိုင် ၅ ရက် (၁၃၈၄ ခုနှစ် ဝါဆိုလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူသည် တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်စပ်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇွန်လ ၈ ရက်၌ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်မင်းထွန်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်မ ဒေါ်ခင်သန်းလွင်၏ ဂရန်မှာ ပျောက်ဆုံးသွားပါသည်။ အမည်ပေါက်ပြန်လျှောက်မည်ဖြစ်ပါသဖြင့် တစ်ပတ်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်မအမည်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ဒေါ်ခင်သန်းလွင်**
**ဖုန်း-၀၉-၄၅၃၈၉၁၄၉၇**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၇၄၃/က)၊ အကျယ်အဝန်း(၂၀x၆၀)ပေရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ(၂၀)လမ်း၊ အမှတ်(၇၃၄/က)ဟု ခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်လှလှမြင့် ၁၂/ရကန(နိုင်)၀၁၄၆၁၂ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လှလှမြင့်ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းလွင် နှင့် ဒေါ်သန္တာအောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမိုးမြင့်ရန်အောင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၁၂၆၀)**
**အမှတ်(၉/၁၁)၊ (၀၀၄)၊ မြေညီထပ်၊ (၃၆)လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၉၆၂၁၈၄၆၃**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ကျောက်ပန်းတောင်းမြို့နယ်၊ တလိုင်းကန်ကျေးရွာနေ ဦးပေါ်အောင် ၉/ကပတ(နိုင်)၀၃၉၀၉၁ - ဒေါ်ခင်ရီ ၉/ကပတ(နိုင်)၀၃၉၀၉၃တို့၏ သမီး မရီရီဝင်း ၉/ ကပတ(နိုင်)၂၃၁၂၂သည် မိဘများ၏ ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ ခွင့်မလွှတ်နိုင်သည့်ကိစ္စများ ပြုမူဆောင်ရွက်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင်၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးပေါ်အောင်-ဒေါ်ခင်ရီ**
**တလိုင်းကန်ကျေးရွာ၊**
**ကျောက်ပန်းတောင်းမြို့နယ်**

## အမည်ပြောင်း

